ကြေးမုံ
The Mirror Daily
၁၉၅၇ ဖြို ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်းဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်၊ တနလ်ာနေ့။ Monday, 17 March 2025 ၁၁၇၆၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ၂၀၂၅ ခုနှစ်၊ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် မတ် ၁၆

၂၀၂၅ ခုနှစ်၊ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သဘင်ဆောင်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းနှင့််ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသည့် ပုဂ္ဂိုလ်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စည်သူဘွဲ့ရရှိသူ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာ တိုးလှအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မတ် ၁၆

ချောက်	၄၃ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ်	အောင်လံ	၄၁ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ်
မကွေး	၄၂ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ်	မြင်းမူ	၄၁ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်
ပြည်	၄၁ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ်	ကျောက်ဆည်	၄၁ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ်
		မင်းဘူး	၄၁ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ်
		ညောင်ဦး	၄၀ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ်

ယနေ့ ဖတ်စရာ

လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု၏ ပိုမိုလှုပသောအနာဂတ်ကို အတူလက်တွဲဖန်တီးကြပါစို့
ဆောင်းပါး စာမျက်နှာ » ၇

ဆိုရှယ်မီဒီယာပေါ်က ဆိုက်ဘာနှောင့်ယှက်မှုကို တုံ့ပြန်ဖို့ဆိုရာဝယ်
ဆောင်းပါး စာမျက်နှာ » ၁၀

အပူဒဏ်အန္တရာယ် သတိပြုကာကွယ်

မတ်လဆန်းမှစတင်သည့် ယခုနှစ်နွေရာသီအပူချိန်သည် ယခင်နှစ်များထက် စာလျှင် မြင့်မားသည်ဟုမဆိုနိုင်ပါ။ မတ်လ ၁၆ ရက်နေ့ အမြင့်ဆုံးအပူချိန်သည် ၄၀ ဒီဂရီစင်တီဂရိတ် ဝန်းကျင်ရှိပါသည်။ ၂၀၂၀ ပြည့်နှစ် မတ်လဆန်းပိုင်းက အမြင့်ဆုံးအပူချိန်သည် ၄၃ ဒီဂရီစင်တီဂရိတ်နှင့်အထက်ရှိခဲ့သဖြင့် အမြင့်ဆုံးအပူချိန်ဖြစ်ပေါ်ခဲ့သည်။ ယခုနှစ် မတ်လဆန်းပိုင်းက အပူချိန်သည် ယခင်နှစ်များနှင့် မတူ ပိုမိုပူပြင်းသည်ဟု ခံစားကြရသည်။

အကြောင်းမှာ နေ့အပူချိန်မြင့်တက်လာမှုနှင့်အတူ နေရောင်ခြည်အတွင်း ခရမ်းလွန်ရောင်ခြည်ပါဝင်မှုနှုန်း မြင့်မားလာမှုကြောင့် အပူရှိန်မြင့်မားမှုဒဏ်ကို ပိုမိုသိသာစွာ ခံစားခဲ့ရခြင်းဖြစ်သည်။ ခရမ်းလွန်ရောင်ခြည် (Ultraviolet-UV) သည် လူသားတို့ မျက်စိဖြင့်မမြင်နိုင်သော နေရောင်ခြည်မှ ဖြာထွက်လာသည့် လျှပ်စစ်ရောင်စဉ်လှိုင်းဖြစ်သည်။ ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းကို အရောင်ဖြင့် ခွဲခြားထားသည်။ အစိမ်းရောင်သည် အညွှန်းကိန်းနည်းသည့် သုညမှ ၂ ဒသမ ၉ အထိ ဖြစ်သည်။ အဝါရောင်သည် အညွှန်းကိန်း အတန်အသင့်ပါဝင်သည့် ၃ မှ ၅ ဒသမ ၉ အထိဖြစ်သည်။ လိမ္မော်ရောင်သည် အညွှန်းကိန်းပါဝင်မှုမြင့်မားသည့် ၆ မှ ၇ ဒသမ ၉ အထိဖြစ်သည်။ အနီရောင်သည် အညွှန်းကိန်းအလွန်မြင့်မားသည့် ၈ မှ ၁၀ ဒသမ ၉ အထိဖြစ်သည်။

ယခုမတ်လ ဒုတိယပတ်တွင် ခရမ်းလွန်ရောင်ခြည်ပါဝင်မှု အညွှန်းကိန်းမှာ ၆ မှ ၇ ပြည့်သည့် လိမ္မော်ရောင်အဆင့် ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းမြင့်မားလာသည့် အခြေအနေဖြစ်သည်။ ထို့ကြောင့် နေ့လယ်ခင်းတွင် အပူချိန်ပိုမိုမြင့်မားနေသည်ဟု ခံစားရပြီး ကျန်းမာရေးအတွက် အထူးသတိပြုကြရမည့်အခြေအနေဖြစ်သည်။ နေ့အပူချိန်မြင့်မားလာသောကြောင့် အပူဒဏ်အန္တရာယ် ကာကွယ်ရေးအတွက် အရိပ်ရ၍ အေးမြသောနေရာများတွင်သာနေထိုင်ရန်၊ မိမိတို့၏အသားအရေကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါ လုံခြုံသောအရောင်ဖျော့သည့် ပွပွချောင်ချောင် ချည်ထည်များကိုဝတ်ဆင်ပါ။ နေ့ခင်း၊ နေ့လယ်အပြင်သွားပါက ထီး၊ ဦးထုပ်ဆောင်းရန်နှင့် ရေများများသောက်ရန် အကြံပြုပါသည်။

ရှောင်ကြဉ်ရန်အချက်များမှာ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို သတိပြုရှောင်ရှားရန်၊ ပူပြင်းသည့် နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းများကို အတတ်နိုင်ဆုံးရှောင်ရှားပါ။ နေပူထဲမှပြန်လာပြီးနောက် ချက်ချင်းရေချိုးခြင်းကို မပြုလုပ်မိရန် အထူးသတိထားရမည်ဖြစ်သည်။ အလွန်ပူသောအချိန်များတွင် ရေခဲရေသောက်ခြင်းကို သတိပြုဆင်ခြင်ရန်လိုပါသည်။ ပြင်ပ၌ အလွန်ပူပြင်းနေသော နေရောက်အောက်မှ အလွန်အေးသောအခန်းများအတွင်း သို့မဟုတ် မှန်လုံမော်တော်ယာဉ်အတွင်း ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသော အခန်းအတွင်း သို့မဟုတ် မော်တော်ယာဉ်အတွင်းမှ အလွန်ပူသောနေရောင်အောက်သို့ ချက်ချင်း ထွက်ခြင်းတို့ကို အထူးရှောင်ရှားသင့်ပါသည်။

ယခုကာလသည် ခရမ်းလွန်ရောင်ခြည် မြင့်မားလာသောအချိန်အခါဖြစ်သည်။ ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း မြင့်မားစွာရှိနေသောအချိန်များတွင် နေရောင်ခြည်နှင့် ထိတွေ့မှုကြောင့် အရေပြားများနေလေခြင်း၊ အသားအရောင်များ ညိုမည်းလာခြင်းများဖြစ်စေပါသည်။ နေရောင်ခြည်နှင့် ထိတွေ့မှုများလာသောအခါ အရေပြားများ အရွယ်မတိုင်မီပျက်စီးပြီး အိုမင်းရင့်ရော်မှုမြန်ဆန်ခြင်း၊ ခုခံအားများ ကျဆင်းလာခြင်း၊ မျက်စိတိမ်စွဲခြင်း၊ အရေပြားကင်ဆာရောဂါများဖြစ်ပွားခြင်း စသည့် ကျန်းမာရေးဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။ မိမိတို့၏ ဝမ်းစာရေးအတွက် မဖြစ်မနေ နေရောင်ခြည်အောက်တွင် အလုပ်လုပ်ရမည်ဆိုပါလျှင် ကြိုတင်သတိပြုကာကွယ်ဆောင်ရွက်မှုများကို လိုက်နာကြရမည်ဖြစ်သည်။ အထူးသဖြင့် အသက်အရွယ်ကြီးရင့်သူများ၊ သွေးတိုး၊ ဆီးချို၊ နှလုံးစသည့် ရောဂါအခံရှိသူများ၊ ကိုယ်ဝန်ဆောင်များ၊ ကျန်းမာရေးမကောင်းသူများသည် အထူးသတိပြုဆင်ခြင်ရှောင်ကြဉ်ကြရမည်ဖြစ်သည်။ ၎င်းတို့အနေဖြင့် အေးမြသည့် အရိပ်အာဝါသအောက်တွင် နေထိုင်ပါရန် အကြံပြုလိုပါသည်။

ခရမ်းလွန်ရောင်ခြည် မြင့်မားစွာကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ကြပါရန်၊ ခရမ်းလွန်ရောင်ခြည်သည် အရေပြားနှင့် မျက်စိကို ထိခိုက်ပျက်စီးစေနိုင်သဖြင့် အသားအရေလုံခြုံရေးနှင့် ခရမ်းလွန်ရောင်ခြည်ကို ၉၉ ရာခိုင်နှုန်း အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်တပ်ဆင်ပြီးမှ နေရောင်ခြည်နှင့် ထိတွေ့ပါရန် မေတ္တာရပ်ခံပါသည်။ သို့ဖြစ်ရာ အပူချိန်မြင့်မားမှုနှင့် ခရမ်းလွန်ရောင်ခြည်ကြောင့် လူတို့၏ကျန်းမာရေးကို များစွာထိခိုက်စေနိုင်သဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက လမ်းညွှန်ထားသည့် ခရမ်းလွန်ရောင်ခြည်နှင့် အပူဒဏ်ကာကွယ်ရေးကို အထူး လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲ ဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိက လုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေး ရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီ ဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလ ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

မြစ်ကြီးနားမြို့ နန်းကွေ့ကျေးရွာ လီဆူရိုးရာကွင်းသွားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

နေပြည်တော် မတ် ၁၆

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ကချင်ပြည်နယ် မြစ်ကြီးနားမြို့ နန်းကွေ့ကျေးရွာ လီဆူရိုးရာကွင်းသွားကတ္တရာလမ်းတစ်မိုင် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၃၂၅၈ ဒသမ ၅၉၈ သန်း ဖြင့် ကချင်ပြည်နယ်အတွင်း လမ်း၊ တံတားလုပ်ငန်း၊ သောက်သုံးရေရရှိရေးလုပ်ငန်း၊ စိုက်ပျိုးရေးရရှိရေးလုပ်ငန်း၊ သာသနာရေးလုပ်ငန်း၊ တန်ဖိုးနည်းအိမ်ရာဆောက်လုပ်ရေးလုပ်ငန်းစသည့် ဖွံ့ဖြိုးရေးလုပ်ငန်း ၂၉ ခုကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကော့သောင်းမြို့နယ်အတွင်းရှိ ရေထွက်ပစ္စည်းနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းများက ငါး၊ ပုစွန်မျိုးစုံ ဖြန့်ဖြူးရောင်းချ

တနင်္သာရီ မတ် ၁၆

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပင်လယ်ငါးဖမ်းလုပ်ငန်းများမှ ငါး၊ ပုစွန်နှင့် ရေထွက်ပစ္စည်းများကို ပြည်တွင်း၌ရောင်းချပေးလျက်ရှိရာ ကော့သောင်းမြို့နယ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ချမ်းမြေကျေးရေထွက်ပစ္စည်းနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၊ သိမ်းထိုက်ဇော် ရေထွက်ပစ္စည်းနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၊အောင်ကျော်ဇေ ရေထွက်ပစ္စည်းနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်တို့က ရေထွက်ပစ္စည်း ၄၁၄၄၈၃၂၂ကီလိုဂရမ် (တန်ဖိုးငွေကျပ်သန်း ၆၅၉၅ ဒသမ ၆၆၉)ကို စားသုံးသူပြည်သူများသို့ ဖြန့်ဖြူးရောင်းချခဲ့ကြောင်း သိရသည်။

သတင်းစဉ်

၁၆ - ၃ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၄၈၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် မတ် ၁၆

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာမည်။

မိုး/၈လ

ဓါတ်မီးမှူး

စာတည်းမှူးချုပ်	– ဦးဝင်းနိုင်	အကြီးတန်း	– ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊
ခေတ္တ စာတည်းမှူး	– ဦးအေဝမ်းစိုး	သတင်းထောက်များ	ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
စာတည်းများ	– ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ	အငယ်တန်း သတင်းထောက်များ	– ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
		သုတေသန	– ဒေါ်ဇင်မာဝင့်
		စာပြင်	– ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
ဘာသာပြန်	– ဦးနိုင်လင်းကြည်၊	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	– ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	အီးမေးလ်နှင့် အွန်လိုင်း	– ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး – ၀၁-၈၆၁၀၆၈၅၊ စီမံ/ဒွေစာရင်း ၀၁-၂၉၁၄၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ၂၀၂၅ ခုနှစ်၊ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

❍ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံဖြစ်စေရန် ဘက်စုံထောင့်စုံက ကြိုးပမ်းတည်ဆောက်နေရာ၌ ပြည်ထောင်စုဖွားတိုင်းရင်းသား ပြည်သူအားလုံး၏ အင်အားသည် အဓိကကျပြီး အားလုံး၏ ပူးပေါင်းပါဝင်မှုသည် အရေးကြီးကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပြည်သူတစ်ဦးချင်းစီက စိတ်ဓာတ်၊ အသိအမြင်၊ ကာယဉာဏ စွမ်းအားများနှင့် ပူးပေါင်းပါဝင်မှု အင်အားဖြင့်သာ အောင်မြင်နိုင်မည် ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ကြရာတွင် သာမန်အဆင့်ထက် သာလွန်သည့် လုံ့လ၊ ဝီရိယ၊ ခွန်အားစိုက်ထုတ်ပြီး ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များလည်းရှိနေသည်ကို တွေ့ရသည့်အတွက် ဝမ်းသာဂုဏ်ယူမိကြောင်း၊ ယခုကဲ့သို့နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုနှင့်အတူ စိတ်ရောကိုယ်ပါ နှစ်မြှုပ်ပြီး မိမိတတ်စွမ်းသမျှ အသိပညာ၊ အတတ်ပညာများနှင့် ထူးကဲစွာဆောင်ရွက်သူ၊ ကိုယ်ကျိုးမဖက် နိုင်ငံ့အတွက် စွန့်လွှတ်စွန့်စား အကျိုးဆောင်သူများကို လွတ်လပ်ရေးနေ့နှင့် နေ့ထူးနေ့မြတ် အခါသမယများတွင် ထိုက်သင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့၊ တံဆိပ်များ ချီးမြှင့်အပ်နှင်းဂုဏ်ပြုလျက်ရှိကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်ရာတွင် စွမ်းစွမ်းတမံဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်း ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး

စာမျက်နှာ ၄ သို့ ❍



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စည်သူဘွဲ့ရရှိသူ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(အငြိမ်းစား) ဗိုလ်မှူးကြီး ကြည်မောင် အတွက် ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်ရာ သား ဦးကြည်မော်က လက်ခံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စည်သူဘွဲ့ရရှိသူ စာရေးဆရာမကြီး ဒေါက်တာ ဒေါ်တင်ဝင်း (ဒေါက်တာ မတင်ဝင်း-ပညာရေးတက္ကသိုလ်) အတွက် ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်ရာ သမီး ဒေါ်နန့်ချစ်ကြည်က လက်ခံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စည်သူဘွဲ့ရရှိသူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စည်သူဘွဲ့ရရှိသူ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

❍ စာမျက်နှာ ၃ မှ

ဦးတည်ချက်များနှင့်အညီ ထူးခြားစွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတကာဆက်ဆံရေး နယ်ပယ်တွင် သံတမန်တာဝန်များကို ထူးချွန်စွာဆောင်ရွက်သည့် ပုဂ္ဂိုလ်များ၊ သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားသောပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီ အောင်မြင်စွာတီထွင်ဖန်တီးစွမ်းဆောင်နိုင်သည့် ပုဂ္ဂိုလ်များ၊ စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်ပြီး အကျိုးပြုကြသည့် ပုဂ္ဂိုလ်များသည် နိုင်ငံတော်အတွက် စံနမူနာပြပုဂ္ဂိုလ်များပင် ဖြစ်ကြကြောင်း၊ ထို့သို့ ထူးချွန်ပြောင်မြောက်ပြီး နိုင်ငံ့အကျိုးကို ဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များကို လေးစားတန်ဖိုးထားသည့်အနေဖြင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီကနှစ်စဉ် ဂုဏ်ပြုချီးမြှင့်မှုများပြုလုပ်လျက်ရှိကြောင်း။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်တွင်းက ဂုဏ်ထူးဆောင်ဘွဲ့ အပ်နှင်းခြင်း ခံထိုက်သူများကိုသာမက ပြည်ပနိုင်ငံများက မြန်မာနိုင်ငံ၏ကောင်းရာ ကောင်းကျိုးကို စိတ်ကောင်းစေတနာ အပြည့်ဖြင့် စွမ်းစွမ်းတမံ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များကိုလည်း နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မာစေရန်အတွက် ဂုဏ်ထူးဆောင်ဘွဲ့၊ တံဆိပ်များချီးမြှင့် အပ်နှင်းလျက်ရှိကြောင်း။

ဂုဏ်ထူးဆောင်ဘွဲ့၊ တံဆိပ်ချီးမြှင့်အပ်နှင်းရေးဆိုင်ရာ လုပ်ငန်းများကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ စနစ်တကျ စိစစ်ရွေးချယ်ပြီး အမှန်တကယ် ဂုဏ်ပြုချီးမြှင့်ထိုက်သူများကိုသာ ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခဲ့ခြင်းဖြစ်သဖြင့် ဘွဲ့ခံပုဂ္ဂိုလ်များနှင့် မိသားစုဝင်များအတွက် အထူးဂုဏ်ယူ ဝမ်းမြောက်မိသည်ကို ပြောကြားလိုကြောင်း။

ယနေ့ကျင်းပသည့် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားတွင် ၂၀၂၅ ခုနှစ် ဧန်နဝါရီလ ၄ ရက်(လွတ်လပ်ရေးနေ့)နှင့် မတ်လ ၂ ရက် (တောင်သူလယ်သမားနေ့)တို့တွင် အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးဖြစ်သည့် စည်သူဘွဲ့ ၁၃ ဦး၊ သူရဘွဲ့ သုံးဦး၊ ဇေယျကျော်ထင်ဘွဲ့ ၁၇ ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ ၁၄ ဦး၊ အလင်္ကာကျော်စွာဘွဲ့ တစ်ဦး၊ သိပ္ပကျော်စွာဘွဲ့ နှစ်ဦး စုစုပေါင်း ၅၀ ကို သက်ဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်း သွားမည်ဖြစ်ကြောင်း။

စာမျက်နှာ ၅ သို့ ❍



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စည်သူဘွဲ့ ရရှိသူ ပြည်ထောင်စုအဆင့် ဇြမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် (အငြိမ်းစား) ဦးအောင်သောင်းအတွက် ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်ရာ သား ဗိုလ်ချုပ်ကြီးမိုးအောင်က လက်ခံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဘွဲ့ ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီး သက်ပိုင်မြင့်အတွက် ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်ရာ ဇနီးဒေါ်နှင်းဦးလှိုင်က လက်ခံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဇေယျကျော်ထင်ဘွဲ့ ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းထိုက်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဇေယျကျော်ထင်ဘွဲ့ ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ဇော်မင်းလတ်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဇေယျကျော်ထင်ဘွဲ့ ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မျိုးမင်းထွန်းအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဇေယျကျော်ထင်ဘွဲ့ ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်နိုင်မင်းကျော်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စည်သူဘွဲ့၊ သူရဘွဲ့ရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

> အားလုံး သိရှိပြီးဖြစ်သည့်အတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပနိုင်ရန်အတွက် လိုအပ်သည့် ပြင်ဆင်မှုများကိုလည်း စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် အထွေထွေရွေးကောက်ပွဲကို မဖြစ်မနေ ကျင်းပပြုလုပ်ပေးသွားမည်ဖြစ်သည့်အတွက် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး အစိုးရနှင့် ပြည်သူ တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

❍ စာမျက်နှာ ၄ မှ

နိုင်ငံတော်အစိုးရက ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်၊ အမျိုးသားရေးရည်မှန်းချက်(၂)ရပ် စသည့် လုပ်ငန်းစဉ်များသည် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အလွန်ကျယ်ပြန့်နက်ရှိုင်းကြောင်း၊ ဥပမာပြောရမည်ဆိုပါက တိုင်းပြည် သာယာဝပြောရေး လုပ်ငန်းစဉ်များထဲတွင် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ အေးချမ်းစွာပညာသင်ကြားနိုင်ရေး၊ ပြည်သူများကိုယ်စိတ်နှလုံး အေးချမ်းစွာနေထိုင် လုပ်ကိုင်စားသောက်နိုင်ရေး စသည့်အချက်များစွာ ပါဝင်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဦးတည်ချက်လုပ်ငန်းစဉ်နှင့် ရည်မှန်းချက်တိုင်းတွင် ကဏ္ဍအလိုက် အသေးစိတ်ဖော်ဆောင်ရမည့် လုပ်ငန်းတာဝန် များစွာရှိနေကြောင်း။

အားလုံး သိရှိပြီးဖြစ်သည့်အတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပနိုင်ရန်အတွက် လိုအပ်သည့် ပြင်ဆင်မှုများကိုလည်း စီစဉ်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် အထွေထွေရွေးကောက်ပွဲကို မဖြစ်မနေ ကျင်းပပြုလုပ်ပေးသွားမည် ဖြစ်သည့်အတွက် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး အစိုးရနှင့် ပြည်သူ တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်သည်ကို ပြောကြားလိုကြောင်း။

နိုင်ငံတော်အတွက် ထူးထူးချွန်ချွန် ဆောင်ရွက်ခဲ့ကြသူများ၊ စွန့်လွှတ်စွန့်စားမှု၊ အနစ်နာခံမှုတို့ဖြင့် တာဝန်ကျေခဲ့ကြသူများကို နိုင်ငံတော်အစိုးရအနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ ဂုဏ်ယူပါကြောင်းကို ထပ်လောင်းပြောကြားလိုကြောင်း။ စာမျက်နှာ ၆ သို့ ❍



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဇေယျကျော်ထင်ဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်ကျော်ကျော်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေချုပ်ရုံး တိုင်းဒေသကြီးဥပဒေချုပ် ဒေါ်လှလှဝင်းအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အမြဲတမ်းအတွင်းဝန် ဦးလှဌေးအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဇေယျကျော်ထင်ဘွဲ့ရရှိကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

“မိမိတို့၏ ဘဝတစ်သက်တာအတွင်း တိုင်းပြည်အတွက် ကြိုးပမ်း ဆောင်ရွက်ခဲ့မှုများကို ယခုကဲ့သို့ မှတ်တမ်းတင်ဂုဏ်ပြု ချီးမြှင့်ခြင်း ခံရသကဲ့သို့ ဆက်လက်ပြီး နိုင်ငံတော်ကြီး ရေရှည်တည်တံ့ ခိုင်မြဲရေး၊ အေးချမ်းသာယာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏ သားစဉ်မြေးဆက်များကိုပါ ယခုကဲ့သို့ ကြိုးပမ်းဆောင်ရွက်စေရန် စံနမူနာကောင်းများပြကြပါဟု တိုက်တွန်းမှာကြား”

❍ စာမျက်နှာ ၅ မှ

မိမိတို့၏ ဘဝတစ်သက်တာအတွင်း တိုင်းပြည်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို ယခုကဲ့သို့ မှတ်တမ်းတင်ဂုဏ်ပြုချီးမြှင့်ခြင်းခံရသကဲ့သို့ ဆက်လက်ပြီး နိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ အေးချမ်းသာယာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏ သားစဉ်မြေးဆက်များကိုပါ ယခုကဲ့သို့ ကြိုးပမ်းဆောင်ရွက်စေရန် စံနမူနာကောင်းများ ပြကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ပြည်ထောင်စု စည်သူသင်္ဃာတွဲ့များဖြစ်ကြသည့် စည်သူဘွဲ့ရရှိသူ ၁၃ ဦး၊ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာဘွဲ့များ ဖြစ်ကြသည့် သူရဘွဲ့ရရှိသူ သုံးဦး၊ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များဖြစ်ကြသည့် ဇေယျကျော်ထင်ဘွဲ့ရရှိသူ ၁၇ ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ၁၄ ဦး၊ အလင်္ကာကျော်စွာဘွဲ့ရရှိသူ တစ်ဦး၊ သိပ္ပကျော်စွာဘွဲ့ရရှိသူ နှစ်ဦးတို့ကို ဂုဏ်ထူးဆောင်ဘွဲ့များ တစ်ဦးချင်း လက်ရောက်ချီးမြှင့်အပ်နှင်းပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသူများနှင့်အတူ မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသူများနှင့် ၎င်းတို့၏ မိသားစုဝင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်(အငြိမ်းစား) ဦးတင်မြင့်အတွက် ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်ရာ ဇနီး ဒေါ်သန်းနုက လက်ခံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်(အငြိမ်းစား) ဦးမောင်လှအတွက် ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်ရာ သား ဗိုလ်ချုပ်လှဝင်း (အငြိမ်းစား) က လက်ခံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အလင်္ကာကျော်စွာဘွဲ့ရရှိသူ အဆိုပညာရှင် ဗိုလ်မှူး ခင်မောင်လှ (အငြိမ်းစား) (ရဲဘော် ခင်မောင်လှ) အတွက် ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်ရာ သား ဦးနိုင်နိုင်ထွန်းက လက်ခံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သိပ္ပကျော်စွာဘွဲ့ရရှိသူ ကျန်းမာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီဥက္ကဋ္ဌ ဒေါ်နွဲ့နွဲ့ခင်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု၏ ပိုမိုလှုပသောအနာဂတ်ကို အတူလက်တွဲဖန်တီးကြပါစို့

မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး H.E.Ms.Ma Jia

၂၀၂၅ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် (၈)ကြိမ်မြောက် "လန်ချန်း-မဲခေါင် သီတင်းပတ်" ရောက်ရှိလာပြီဖြစ်သည်။ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုစတင်ချိန်မှစ၍ အလျင်အမြန်တိုးတက်ပြီး ထင်ရှားသောရလဒ်များရရှိခဲ့ကာ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု၏ "ရွှေရောင်ပလက်ဖောင်း" ဖြစ်လာခဲ့သည်။ ကျွန်မသည် မြန်မာနိုင်ငံဆိုင်ရာတရုတ်သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်သည့် နှစ်ဝက်ကျော်ကာလအတွင်း လန်ချန်း-မဲခေါင်စီမံကိန်း ခုနစ်ခု၏ အခမ်းအနားများသို့ တက်ရောက်ခဲ့ပြီး စီမံကိန်းများစွာကို လက်တွေ့သွားရောက်စစ်ဆေးခဲ့သဖြင့် မြန်မာနိုင်ငံ၏ ရွှေရောင်မြေပေါ်တွင် လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှု၏ အသီးအပွင့်များ ဝေဝေဆာဆာဖူးပွင့်နေသည်ကို ကိုယ်တိုင်မြင်တွေ့ခဲ့ရပြီး လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု၏ အမြန်နှုန်း၊ အင်အားနှင့် နက်ရှိုင်းမှုကို ကိုယ်တိုင်ခံစားခဲ့ရသည်။ "ရွှေရောင်ပလက်ဖောင်း" ၏ "ထိရောက်မှုနှုန်းထား"သည် အလွန်မြင့်ပါသည်။

"သေးငယ်သော်လည်းလှပဆဲ" စီမံကိန်းများ

လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုသည် အမြဖွံ့ဖြိုးရေးကို အဓိကထားပြီး ပြည်သူလူနေမှုဘဝကို အခြေခံသောရည်ရွယ်ချက်နှင့် မူလရည်မှန်းချက်ကို စွဲကိုင်ထားသောကြောင့် လက်တွေ့ဘဝနှင့် နီးစပ်ပြီး ပြည်သူများအတွက် အကျိုးကျေးဇူးများစွာရရှိစေကာ ထိရောက်သောလုပ်ဆောင်မှုများကို ဖော်ဆောင်နေပါသည်။ တရုတ်နိုင်ငံ၏ ထောက်ပံ့ထားသောရန်ပုံငွေဖြင့် တည်ထောင်ထားသော လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှ အထူးရန်ပုံငွေသည် မြန်မာနိုင်ငံတွင် စီမံကိန်း ၁၁၈ ခု လုပ်ဆောင်ခဲ့ပြီး ၎င်းတို့အနက်စီမံကိန်း ၇၂ ခုမှာ ပြီးဆုံးခဲ့ပြီဖြစ်သည်။ ထိုစီမံကိန်းများသည် ပြည်သူများ၏ သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဝင်ငွေတိုးတက်ရေးစသော ဖွံ့ဖြိုးရေးနှင့် ပြည်သူလူနေမှုဘဝနှင့် သက်ဆိုင်သောပြဿနာများကို အဓိကဖြေရှင်းပေးနေပါသည်။ ရန်ပုံငွေ၏ပံ့ပိုးကူညီမှုဖြင့် ရှမ်းပြည်နယ်ရှိ ကုန်းခြမ်း၊ ဆင်တောင်၊ ကျောက်တော်ကျေးရွာများမှ ရွာသူရွာသား ၂၀၀၀ ခန့်သည် သန့်ရှင်းသောသောက်သုံးရေကို ရရှိခဲ့ကြသည်။ တနင်္သာရီတိုင်းဒေသကြီးရှိ ဘုတ်ပြင်းခရိုင်မှ ကံမော်ကြီးကျေးရွာ၊ ရေငံကြီးကျေးရွာများမှ ရွာသူရွာသား ၂၇၀၀ ခန့်သည် ဆိုလာအသေးစားဓာတ်အားပေးစနစ်မှ တစ်ဆင့် ၂၄ နာရီလျှပ်စစ်မီးရရှိခဲ့ပြီး လျှပ်စစ်သုံးစွဲမှုကုန်ကျစရိတ်ကို ၆၀ ရာခိုင်နှုန်းကျော် လျှော့ချနိုင်ခဲ့ကြသည်။ ကော်ဖီ၊ ရော်ဘာ၊ သစ်သီး၊ ပိုးမွေးမြူရေးနှင့် ရေထွက်ပစ္စည်းများစသည့် စိုက်ပျိုးမွေးမြူရေး စီမံကိန်းများမှတစ်ဆင့် ကျေးလက်ဒေသမှ လယ်သမားများကို အရည်အသွေးမြင့်မျိုးစေ့များ၊ လေ့ကျင့်ရေးသင်တန်းများကို အခမဲ့သင်ကြားပို့ချပေးခဲ့ပြီး ထုတ်လုပ်မှုတိုးတက်စေရန်၊ ဝင်ငွေတိုးစေရန်နှင့် အလုပ်အကိုင်ဝင်ရောက်ခွင့်များ တိုးပွားလာအောင် ကူညီပေးခဲ့သည်။ "သေးငယ်သော်လည်းလှပဆဲ" စီမံကိန်းများသည် မြန်မာပြည်သူများ၏ တောက်ပသောဘဝအတွက် မျှော်လင့်ချက်များကို ပံ့ပိုးပေးနေပြီး သာယာလှပသောအိမ်များကို တည်ဆောက်ရာတွင် ကူညီပေးနေပါသည်။

လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှုသည် အိမ်နီးချင်းနှင့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို အမြဲကျင့်သုံးပါသည်။ ပူးပေါင်းဆောင်ရွက်မှုတွင် တိုင်ပင်ဆွေးနွေးမှုများရှိပြီး ဆက်ဆံရေးတွင် ချစ်ကြည်ရင်းနှီးမှုရှိ၍ အချင်းချင်း သက်သောင့်သက်သာရှိမှုကို အပြည့်အဝထည့်သွင်းစဉ်းစားပြီး မည်သည့်နိုင်ငံရေးအကြောင်းအရာများကိုမှ မချိတ်ဆက်ထားပါ။ မိမိတို့၏ နိုင်ငံအခြေအနေနှင့်ကိုက်ညီသော ဖွံ့ဖြိုးရေးလမ်းကြောင်းကို လျှောက်လှမ်းရာတွင် အပြန်အလှန်ထောက်ခံကြပါသည်။ မြန်မာနိုင်ငံရှိ လန်ချန်း-မဲခေါင်စီမံကိန်းများ၏ အကောင်အထည်ဖော်သူများသည် မြန်မာပြည်သူများ၏ လက်တွေ့လိုအပ်ချက်များကို အခြေခံ၍ ပူးပေါင်းဆောင်ရွက်မှုများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်ရှိပါသည်။ တရုတ်သံရုံးသည် စီမံကိန်းအကောင်အထည်ဖော်သူများ၊ ပါဝင်သူများနှင့် အကျိုးခံစားသူများ၏ လိုအပ်ချက်များကို အခြေခံ၍ မြန်မာနိုင်ငံ လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှု အမျိုးသားညှိနှိုင်းရေးအဖွဲ့နှင့် ရင်းနှီးစွာတွဲဖက်ဆောင်ရွက်ပြီး တရုတ်ပညာရှင်များ၊ နည်းပညာကျွမ်းကျင်သူများနှင့် လုပ်ငန်းများကို စီမံကိန်းများအတွက် အကူအညီပေးရန် ညှိနှိုင်းပေးကာ ပိုမိုကောင်းမွန်သော စီမံကိန်းရလဒ်များရရှိစေရန် အတူတကွ ကြိုးပမ်းဆောင်ရွက်နေပါသည်။

တံခါးများ ပွင့်ပွင့်လင်းလင်းဖွင့်လှစ်ပြီး ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်

လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုသည် အပြန်အလှန်အကျိုးဖြစ်ထွန်းမှု၊ ပွင့်လင်းမြင်သာသောသဘောထားနှင့် ဦးတည်ချက်ကို အမြဲကျင့်သုံးပါသည်။ ပိတ်ဆို့ခြင်း "အသေးစားစက်ဝိုင်း" များကို မလုပ်ဆောင်ဘဲ တံခါးများ ပွင့်ပွင့်လင်းလင်းဖွင့်လှစ်ပြီး ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပါသည်။ မဟာမဲခေါင်ဒေသခွဲစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၊ ရောဝတီ-ကျောက်ဖရား-မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုယန္တရားများနှင့် ပူးပေါင်းဆောင်ရွက်ပြီး ဒေသတွင်းအသိုက်အဝန်းတည်ဆောက်ရာတွင် ပူးပေါင်းကူညီကာ ဒေသတွင်းအုပ်ချုပ်မှုကို ပြည့်စုံစေရန်အတွက် "လန်ချန်း-မဲခေါင် အစီအစဉ်" နှင့် "လန်ချန်း-မဲခေါင် ဉာဏ်ပညာ" ကို ပံ့ပိုးပေးနေပါသည်။

လွန်ခဲ့သော ကိုးနှစ်အတွင်းက ခြောက်နိုင်ငံမှ နိုင်ငံခေါင်းဆောင်များ၏ မဟာဗျူဟာမြောက်ဦးဆောင်မှုဖြင့် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုယန္တရားသည် တဖြည်းဖြည်းပိုမိုပြည့်စုံလာပြီး ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များ ဆက်လက်ကျယ်ပြန့်လာကာ အတွင်းအားများ အဆက်မပြတ်မြင့်တက်လာခဲ့သည်။ ထို့ကြောင့် ဒေသတွင်းစည်းလုံးညီညွတ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ကောင်းမွန်စွာမြှင့်တင်ပေးနိုင်ခဲ့သည်။ နိုင်ငံခြောက်နိုင်ငံအကြား နိုင်ငံရေးယုံကြည်မှုသည် ဆက်လက်နက်ရှိုင်းလာပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ဘက်ပေါင်းစုံအေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ရေးကို အကောင်အထည်ဖော်ရာတွင် အပြည့်အဝလွှမ်းခြုံနိုင်ခဲ့သည်။ အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ရေးခေတ်၏ ရှေ့ဆုံး၌ အတူတကွ လျှောက်လှမ်းနေကြသည်။ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုစွမ်းအားသည် တစ်နေ့တခြား ပိုမိုအားကောင်းလာပြီး တရုတ်နိုင်ငံနှင့် မဲခေါင်မြစ်ဝှမ်းဒေသ ငါးနိုင်ငံတို့အကြား ကုန်သွယ်မှုပမာဏသည် ဒေါ်လာ ၂၀၀ ဘီလီယံကျော်လွန်သွားခဲ့သည်။ ယခုပမာဏသည် လွန်ခဲ့သော ၁၀ နှစ်ကထက် နှစ်ဆပိုများပြီး တရုတ်-လာအို၊ တရုတ်-ထိုင်း ရထားလမ်းများ၊ ကမ္ဘောဒီးယား-တရုတ် အမြန်လမ်းမကြီးကဲ့သို့သော စီမံကိန်းများသည် "ရွှေလမ်းမကြီး" ကို ဖောက်လုပ်ပေးခဲ့သည်။ အမြန်ရထား၊ လေဆိပ်ချိတ်ဆက်မှုနှင့် ဒစ်ဂျစ်တယ်စွမ်းအားတို့သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော လန်ချန်း-မဲခေါင်အဖြစ် အရှိန်မြှင့်ပေးနေသည်။ "လန်ချန်း-မဲခေါင် ချစ်ကြည်ရေး" သည် ပိုမိုနက်ရှိုင်းလာပြီး "နေရောင်ခြည်စွမ်းအင်ကျေးရွာစီမံကိန်း" သည် ထောင်ပေါင်းများစွာသော အိမ်ထောင်စုများအတွက် လျှပ်စစ်မီးဖြင့် အလင်းရောင်ထွန်းလင်းစေခဲ့သည်။ "စမ်းရေချိုလှုပ်ရှားမှု" (Operation Sweet Spring) သည် ထောင်ပေါင်းများစွာသော ရွာသူရွာသားများအတွက် သန့်ရှင်းသောသောက်သုံးရေကို ရရှိစေခဲ့သည်။ "လန်ချန်း-မဲခေါင် အမြင်အာရုံပြန်လည်ရရှိရေးလှုပ်ရှားမှု" သည် ရေတိမ်ရောဂါခံစားနေရသော လူနာရာပေါင်းများစွာကို ပြန်လည်အမြင်အာရုံရစေခဲ့သည်။ တရုတ်နိုင်ငံမှ ထုတ်ပေးသော "လန်ချန်း-မဲခေါင် ဗီဇာ" သည် နိုင်ငံခြောက်နိုင်ငံမှ ပြည်သူများအကြား ပိုမိုရင်းနှီးစွာဆက်ဆံလာစေရန် တွန်းအားပေးခဲ့သည်။ "လန်ချန်း-မဲခေါင် လုံခြုံအေးချမ်းရေး" တည်ဆောက်မှုသည် ပိုမိုနက်ရှိုင်းစွာ အကောင်အထည်ဖော်လျက်ရှိပြီး ၂၀၂၄ ခုနှစ်တွင် လန်ချန်း-မဲခေါင် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုစင်တာ၏ "စင်ရော်" ပူးပေါင်းလှုပ်ရှားမှုဖြင့် မှုခင်းသံသယရှိသူ ခုနစ်သောင်းကျော်ကို ဖမ်းဆီးနိုင်ခဲ့သည်။ ဤသို့ဖြင့် ဒေသခံပြည်သူများ၏ လုံခြုံရေးနှင့် ပစ္စည်းဥစ္စာများကို ထိရောက်စွာကာကွယ်ပေးနိုင်ခဲ့ပြီး ဒေသတွင်းလုံခြုံရေးနှင့် တည်ငြိမ်မှုကို ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်ခဲ့သည်။

အခွင့်အလမ်းသစ်များ ယူဆောင်လာပေးနိုင်မည်

မကြာသေးမီက အောင်မြင်စွာပြီးဆုံးခဲ့သော တရုတ်နိုင်ငံ၏ Two Sessions အစည်းအဝေးတွင် တရုတ်နိုင်ငံသည် ထာဝရတံခါးဖွင့် ပွင့်လင်းမြင်သာမှုကို မြဲမြံစွာကိုင်စွဲထားမည်ဖြစ်ပြီး စနစ်တကျ တံခါးဖွင့်ပွင့်လင်းမြင်သာမှုကို တည်ငြိမ်စွာတိုးချဲ့သွားမည်ဟု အတည်ပြုခဲ့သည်။ ထို့အပြင် ကိုယ်ပိုင်ပွင့်လင်းမှုနှင့် တစ်ဖက်သတ်ပွင့်လင်းမှုနှင့် ပြုပြင်ပြောင်းလဲမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်သွားမည်ဟု ထပ်လောင်းဖော်ပြခဲ့သည်။ တရုတ်နိုင်ငံခြားရေးဝန်ကြီး Mr. Wang Yi သည် Two Sessions အစည်းအဝေးတွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲ၌ အထူးဖော်ပြခဲ့သည်မှာ တရုတ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများသို့ ပွင့်လင်းမှုကို ဆက်လက်တိုးချဲ့သွားမည်ဖြစ်ပြီး တစ်ဖက်သတ်ပွင့်လင်းမှုများလည်း ပါဝင်မည်ဖြစ်ကာ အိမ်နီးချင်းနိုင်ငံများနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးကျေးဇူးများကို မျှဝေသွားမည်ဖြစ်သည်။ ၎င်းသည် ဒေသတွင်းနှင့် ကမ္ဘာတစ်ဝန်းအတွက် စွမ်းအားအသစ်များ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုအတွက် အခွင့်အလမ်းသစ်များ ယူဆောင်လာပေးနိုင်မည်ဖြစ်သည်။ ယခုနှစ်သည် တရုတ်-မြန်မာ သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၅)နှစ်မြောက် နှစ်ပတ်လည်ဖြစ်ပြီး နှစ်နိုင်ငံကြားဆက်ဆံရေးသည် သမိုင်းဝင်စမှတ်အသစ်သို့ ရောက်ရှိနေပြီဖြစ်သည်။ ကျွန်တော်တို့သည် လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှုကို နက်နက်ရှိုင်းရှိုင်း အကောင်အထည်ဖော်ရာ၌ နှစ်နိုင်ငံဆက်ဆံရေးကို ဖွံ့ဖြိုးတိုးတက်မှုအသစ် ရရှိစေရန် မြှင့်တင်ပေးနိုင်မည်ဟု ယုံကြည်ပါသည်။

မြန်မာစကားပုံတွင် "တောင်ကြီးဖဝါးအောက်၊ လှိုင်းကြီးလေအောက်"ဟူသော ဆိုရိုးစကားအတိုင်း တရုတ်နိုင်ငံသည် မြန်မာနိုင်ငံရှိ လူမှုအဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်းလက်တွဲကာ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် သမိုင်းဝင်ခရီးတွင် အပြန်အလှန်ဖေးမကူညီကာ တရုတ်-မြန်မာနှင့် လန်ချန်း-မဲခေါင် အေးအတူပူအမျှ အသိုက်အဝန်းတို့၏ စာမျက်နှာသစ်ကို အတူတကွ ရေးသား၍ တရုတ်-မြန်မာဆက်ဆံရေးနှင့် လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှုတို့၏ ပိုမိုလှပသောအနာဂတ်ကို အတူတကွဖန်တီးရန် ဆန္ဒရှိပါသည်။

(ဤဆောင်းပါးပါ အချက်အလက်များသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။)

"လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုသည် အပြန်အလှန်အကျိုးဖြစ်ထွန်းမှု၊ ပွင့်လင်းမြင်သာသောသဘောထားနှင့် ဦးတည်ချက်ကို အမြဲကျင့်သုံးပါသည်။ ပိတ်ဆို့ခြင်း "အသေးစားစက်ဝိုင်း"များကို မလုပ်ဆောင်ဘဲ တံခါးများ ပွင့်ပွင့်လင်းလင်းဖွင့်လှစ်ပြီး ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပါသည်။ မဟာမဲခေါင်ဒေသခွဲစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၊ ရောဝတီ-ကျောက်ဖရား-မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုယန္တရားများနှင့် ပူးပေါင်းဆောင်ရွက်ပြီး ဒေသတွင်းအသိုက်အဝန်းတည်ဆောက်ရာတွင် ပူးပေါင်းကူညီကာ ဒေသတွင်းအုပ်ချုပ်မှုကို ပြည့်စုံစေရန်အတွက် "လန်ချန်း-မဲခေါင် အစီအစဉ်" နှင့် "လန်ချန်း-မဲခေါင် ဉာဏ်ပညာ"ကို ပံ့ပိုးပေး"

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်အတွင်းရှိ စာစစ်ဌာနများ ပြင်ဆင်ထားရှိမှုကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၆

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်အတွင်းရှိ စာစစ်ဌာနများတွင် စာမေးပွဲဖြေဆိုခန်းများ ပြင်ဆင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပျဉ်းမနားမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာနသို့ သွားရောက်စစ်ဆေးရာ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ကျန်းမာရေးဆေးခန်းများ ဆောင်ရွက်ထားရှိမှုနှင့် စာမေးပွဲဖြေဆိုခန်းများ ပြင်ဆင်ထားရှိမှုတို့ကို တိုင်းပညာရေးမှူး ဒေါက်တာကျော်လွင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။



တင်ပြမှုများအပေါ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေး၊ စာမေးပွဲဖြေဆိုစဉ်ကာလအတွင်း ကျောင်းသား ကျောင်းသူများ သွားလာမှုအဆင်ပြေစေရေး၊ စာမေးပွဲဆိုင်ရာလုံခြုံရေးနှင့် လျှပ်စစ်မီးပြတ်တောက်မှု မရှိစေရေး၊ ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝရရှိစေရေးတို့ကို လစ်ဟာမှုမရှိစေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် လယ်ဝေးမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းစာစစ်ဌာနနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနခွဲ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ကျန်းမာရေးဆေးခန်းများဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကြီးကြပ်ရေး ဆရာ ဆရာမများကို စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းနှင့် ဦးမြင့်စိုး တပ်ကုန်းမြို့နယ်အတွင်းရှိ စာစစ်ဌာနများ ကြည့်ရှုစစ်ဆေး

တပ်ကုန်း မတ် ၁၆

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥတ္တရရာရိုင်း တပ်ကုန်းမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနိုင်ရေး နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းနှင့် ဦးမြင့်စိုး၊ ဥတ္တရရာရိုင်းစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်အောင်ဌေးနှင့် ခရိုင်ပညာရေးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူနှင့် မြို့နယ်ပညာရေးမှူးတို့သည် မတ် ၁၅ ရက် နံနက်ပိုင်းက မြို့နယ်အတွင်းရှိ စာစစ်ဌာနများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ ထို့သို့စစ်ဆေးရာ ခရိုင်ပညာရေးမှူး ဒေါက်တာမာမာဇင်၊ မြို့နယ်ပညာရေးမှူး ဒေါ်သီသီကြိုင်နှင့် တက္ကသိုလ်ဝင်စာမေးပွဲကြီးကြပ်တာဝန်ခံကျောင်းအုပ်ဆရာကြီး ဆရာမကြီးများက စာဖြေခန်းပြင်ဆင်ထားရှိမှုများ ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ ဦးမြင့်စိုးတို့က တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းစွာဖြေဆိုနိုင်ရေး စာစစ်ဌာန ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်စေရေး၊ စာဖြေခန်းများအတွင်း လေဝင်၊ လေထွက်ကောင်းမွန်စေရေး၊ အလင်းရောင်ကောင်းမွန်စွာရရှိစေရေး၊ မီးလန့်မှုမဖြစ်ပေါ်စေရေး၊ အေးချမ်းလုံခြုံရေးတို့ကို ဆွေးနွေးမှာကြားပြီး စာဖြေခန်းများ ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြသည်။



တင်စိုးလွင်

မုဒုံမြို့ရှိ တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာနများ၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆောင်ရွက်

မုဒုံ မတ် ၁၆

မွန်ပြည်နယ် မုဒုံမြို့နယ်၌ မတ် ၁၇ ရက်တွင် တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် စာစစ်ဌာန အခြေခံပညာစာသင်ကျောင်းများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် ယမန်နေ့က အထက(၁)မုဒုံ၊ အထက(ကမာဝက်) စာသင်ကျောင်းများ၌ ကွင်းဆင်းစစ်ဆေးဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မုဒုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းအောင်၊ မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဖုန်းမြင့်အေးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်အင်ဂျင်နီယာ ဦးဝေလင်းနှင့်တာဝန်ရှိသူများက စာသင်ကျောင်းအတွင်း မီးငြိမ်းသတ်ရေးပစ္စည်းများနှင့် မီးသတ်ဆေးဘူးလုံလောက်စွာထားရှိမှု၊ ရေသိုလှောင်ကန်များထားရှိမှုအခြေအနေ၊ ကျောင်းအတွင်း သွယ်တန်းထားသည့် လျှပ်စစ်ဝိုင်ယာကြိုးများ စနစ်တကျရှိ/မရှိတို့ကို စစ်ဆေးပြီး ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ခံအား မီးဘေးအန္တရာယ်နှင့် ပတ်သက်သည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



တံတားမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် စာစစ်ဌာနသို့ ကြည့်ရှုစစ်ဆေး

တံတား မတ် ၁၆

ရန်ကုန်တိုင်းဒေသကြီး တံတားမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့်စာစစ်ဌာနဖြစ်သော တံတားမြို့ အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနပြင်ဆင်ထားရှိမှုနှင့် မီးဘေးလုံခြုံရေးအခြေအနေများကို တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။



အဆိုပါကွင်းဆင်းစစ်ဆေးမှုကို ကျောက်တန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းခန့်အောင် ဦးဆောင်၍ ကျောက်တန်းမြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးမင်းဇော်နှင့်တပ်ဖွဲ့ဝင်များ၊ သန်လျင်မြို့နယ် အထက(၃)မှ ကြီးကြပ်ရေးမှူး ဒေါ်စန်းစန်းနွယ်၊ တံတားမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့အုပ်ချုပ်ရေးမှူး ဦးရန်အောင်မျိုးထက်နှင့် တာဝန်ရှိသူများ စစ်ဆေးဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းစွာ စာမေးပွဲဖြေဆိုနိုင်ရေးအတွက် ကျောင်းဆောင်များ၊ စာဖြေမည့်အခန်းများ လေဝင်လေထွက်ကောင်းမွန်စေရေး၊ သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် ကျောင်းပတ်ဝန်းကျင်တွင် မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

တံတားမြို့ အထကစာစစ်ဌာနတွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူ ၂၄၃ ဦး ဝင်ရောက်ဖြေဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

မိုးဖြူလွင်(ပြန်/ဆက်)

ဝါးခယ်မမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့်စာစစ်ဌာနများတွင် မီးဘေးလုံခြုံရေးစစ်ဆေး

ဝါးခယ်မ မတ် ၁၆

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် စာစစ်ဌာနများအား မီးဘေးလုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

စစ်ဆေးဆောင်ရွက်ရာတွင် ဝါးခယ်မမြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစွမ်းထက်၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးဇော်မင်းထွန်း၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးတိုးနိုင်ဦး ဦးဆောင်သော သန္ဓေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်တာဝန်ရှိသူများက မြို့နယ်အတွင်း စာစစ်ဌာနများတွင် စာမေးပွဲဖြေဆိုချိန်အတွင်း မီးလောင်မီးလန့်မှု မဖြစ်ပွားစေရေးနှင့် ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် အသိပညာပေး အကြံပြုမှာကြားခဲ့ကြောင်း သိရသည်။

မိုးဟိန်းထက်



သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ရှိ ဗုဒ္ဓမြတ်စွာဘုရား၏ လက်ဝဲအောက်စွယ်တော်ပွားအား ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်

ရန်ကုန် မတ် ၁၆

ရန်ကုန် တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေ ဆင်္ခသင်္ဂါယနာသာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ အများပြည်သူဖူးမြော်နိုင်ရန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင်ဦးလွင်နှင့် မိသားစုက လှူဒါန်းထားသော ဗုဒ္ဓမြတ်စွာဘုရား၏ လက်ဝဲအောက်စွယ်တော်ပွားအား ဗုဒ္ဓါဘိသေက အနေကဇာတင် ပလ္လင်တော်ပင့်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော် ပရိဝုဏ် အတွင်း၌ ကျင်းပသည်။

တက်ရောက်ကြည်ညိုု

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော် ဘဒ္ဒန္တ စန္ဒာဝရာဘိဝံသ အမှူးပြုသည့် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်(ရန်ကုန်) ဒုတိယ ပါမောက္ခချုပ်(စီမံ) ဦးဇော်ဇော်ဦး၊ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူး ဦးဇော်ဦးနှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ဆရာတော်ကြီးများက ဗုဒ္ဓမြတ်စွာဘုရား၏ လက်ဝဲအောက်စွယ်တော်ပွားအား ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် ထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော်များ ရွတ်ပွားချီးမြှင့်သည့် အန္တရာယ်ကင်း ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။



ထို့နောက် ဆရာတော်များနှင့် ပင့်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက် အကျိုးတော်ဆောင် အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဘဒ္ဒန္တ ယင်းနောက် ဗုဒ္ဓမြတ်စွာဘုရား၏ လက်ဝဲအောက်စွယ်တော်ပွားအား စွယ်တော်ကိန်းဝပ်တော်မူမည့် ဂန္ဓကုဋိကျောင်းတော်သို့ ပင့်ဆောင်ပူဇော်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ရခိုင်နွယ်ဖွား ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား ထပ်ဆင့်ဂုဏ်ပြုပူဇော်



ရန်ကုန် မတ် ၁၆

နိုင်ငံတော်ကချီးမြှင့်သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခံယူခဲ့ကြသည့် ရခိုင်နွယ်ဖွား ဆရာတော်များအား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြစ်ကြီးနားမြို့ ခေမာသီဝံကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ စန္ဒာဝရာဘိဝံသထံမှ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မေတ္တာသုတ်တရားတော်ကိုနာယူကြကာ ပုသိမ်မြို့ ပစ္စိမာရုံကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တခေမိန္ဒထံမှ ဩဝါဒတရားနာယူကြသည်။

ထို့နောက် ဘွဲ့တံဆိပ်တော်ရရှိခဲ့သည့် ဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိဖတ်ကြားခြင်း၊ ရတုပိဒ်စုံ ရွတ်ဆိုပူဇော်ခြင်းတို့ ဆောင်ရွက်ကြသည်။

ဆက်လက်၍ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား အလှူရှင်များနှင့် ရခိုင်ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေးဂေါပကအဖွဲ့မှ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြ သည်။

ရေစက်ချတရားနာယူ

ယင်းနောက် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသာရာဘိဝံသထံမှ ဧည့်ပရိသတ်များက ရေစက်ချတရားနာယူကြသည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရရှိတော်မူခဲ့ကြသည့် ရခိုင်နွယ်ဖွား ဆရာတော်၊ သီလရှင်များနှင့် ရခိုင်သူ ရခိုင်သားများအား ရခိုင်ပြည်နယ်ဓမ္မာရုံ(ရန်ကုန်)ထိန်းသိမ်းစောင့်ရှောက်ရေး ဂေါပကအဖွဲ့က နှစ်စဉ် ဂုဏ်ပြုပူဇော်ပွဲကျင်းပရာ ယခုနှစ်တွင် ၃၈ နှစ်တိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ ယခုနှစ်တွင် ဆရာတော် ၁၉ ပါး၊ သီလရှင် တစ်ပါးနှင့် လူပုဂ္ဂိုလ် တစ်ဦးတို့အား ဂုဏ်ပြုပူဇော်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကျိုက်ထိုမြို့နယ်၌ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကိုးပါးအား ပုနဂုဏဝိသိဋ္ဌမင်္ဂလာ ချီးကျူးပူဇော်ပွဲကျင်းပ

ကျိုက်ထို မတ် ၁၆

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ၂၀၂၅ ခုနှစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆက်ကပ်လှူဒါန်းသော သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးကိုးပါးအား ပုနဂုဏဝိသိဋ္ဌ မင်္ဂလာချီးကျူးဂုဏ်ပြုပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ကျိုက်ထိုမြို့နယ် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ် မှန်လုံဆောင်၌ ကျင်းပသည်။



ဆက်ကပ်လှူဒါန်း

အခမ်းအနားတွင် ကျိုက်ထိုခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကံစောလှိုင်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ကျိုက်ထိုခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးတင့်လွင်နှင့် အဖွဲ့ဝင်များက ဆရာတော်များထံ ဘွဲ့တံဆိပ်တော်၊ အဆောင်အယောင်နှင့် နဝကမ္မ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဘွဲ့တံဆိပ်တော်ရ မင်္ဂလာကန်တော် ကျောင်းတိုက် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဉာဏိန္ဒက လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားဟောကြားကာ ရေစက်သွန်းချအမျှပေးဝေပြီး အခမ်းအနားကို ဗုဒ္ဓ သာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းသည်။ ဆက်လက်၍ ဘွဲ့တံဆိပ်တော်ရ အပူဇော်ခံ ဆရာတော်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

ကျိုက်ထို(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း စုပေါင်းသွေးလှူဒါန်း

နေပြည်တော် မတ် ၁၆

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း-YMBA(ဗဟို)၏ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင်အတွင်းရှိမြို့နယ်များမှ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း အသင်းသား အသင်းသူ ၅၀ သည် ယနေ့ နံနက် ၉ နာရီတွင် တပ်မတော်အရိုးအထူးကုဆေးရုံ (ခုတင် - ၅၀၀) ၌ စုပေါင်းသွေးလှူဒါန်းကြသည်။

အဆိုပါသွေးလှူဒါန်းပွဲသို့ YMBA(ဗဟို)ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အားပေးကြည့်ရှုကြပြီး တပ်မတော် အရိုးအထူးကုဆေးရုံမှ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းနှင့် အာဟာရလက်ဆောင်များ ပြန်လည်ပေးအပ်ကြကြောင်း သိရသည်။

သတင်းစဉ်

■

ဆိုရှယ်မီဒီယာပေါ်က ဆိုက်ဘာနှောင့်ယှက်မှုကို တုံ့ပြန်ဖို့ဆိုရာဝယ်

ကွန်ရှေ့(MOFA)

ဒီကနေ့ခေတ်မှာ အရွယ်သုံးပါး၊ ကျား၊ မ မရွေး သုံးစွဲနေကြတဲ့ ဆိုရှယ်မီဒီယာဆိုတာ ၁၉၉၀ ပြည့်နှစ်နှောင်းပိုင်းနဲ့ ၂၀၀၀ ပြည့်နှစ်အစောပိုင်းကာလတွေဖြစ်တဲ့ ၁၉၉၇ ခုနှစ်တုန်းက Six Degrees၊ ၂၀၀၂ ခုနှစ် ရောက်တော့ Friendster ဆိုတဲ့ ပလက်ဖောင်းတွေနဲ့ စတင်ခဲ့တာပါ။ ၂၀၀၃ ခုနှစ်မှာ MySpace နဲ့ LinkedIn၊ ၂၀၀၄ ခုနှစ်မှာ Facebook စတာတွေ ပေါ်ပေါက်လာရာက လူအချင်းချင်း ဆက်သွယ်နိုင်သလို သတင်းအချက်အလက်လည်း မျှဝေနိုင်တဲ့ ပလက်ဖောင်းသဖွယ် ဖြစ်လာခဲ့ပါတယ်။

ဆိုရှယ်မီဒီယာတွေကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာမှု

အဲဒီနောက် ၂၀၀၆ ခုနှစ်မှာပဲ Twitter၊ ၂၀၁၀ ပြည့်နှစ်မှာ Instagram၊ ၂၀၁၁ ခုနှစ်မှာ Snapchat နဲ့ ၂၀၁၆ ခုနှစ်မှာ TikTok တို့ပေါ်ပေါက်လာပြီး ဗီဒီယိုအတိုလေးတွေ မျှဝေမှုများပြားလာခဲ့ပါတယ်။ ၂၀၂၃ ခုနှစ် စစ်တမ်းများအရ ကမ္ဘာတစ်ဝန်းရှိ လူဦးရေသန်းပေါင်း ၄၉၀၀ ကျော်ဟာ ဆိုရှယ်မီဒီယာကို အသုံးပြုနေကြပြီး Facebook နဲ့ YouTube ကတော့ လူကြိုက်အများဆုံး ပလက်ဖောင်းတွေဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ်ရောက်လာတော့ သုံးစွဲသူဦးရေဟာ ငါးဘီလီယံကျော်အထိ ဆက်လက်တိုးပွားလာခဲ့ပါတယ်။ လူအများစုဟာ ဆိုရှယ်မီဒီယာတွေပေါ်မှာ တစ်နေ့ ပျမ်းမျှ နှစ်နာရီ ၂၀-၂၁ မိနစ်ခန့် အသုံးပြုနေကြပြီး Facebook၊ YouTube၊ Instagram နဲ့ WhatsApp စတာတွေအပြင် အထူးသဖြင့် လူငယ်တွေအကြားမှာ TikTok အသုံးပြုမှုက ပိုမိုတိုးတက်မြင့်မားလာပါတယ်။ ဆိုရှယ်မီဒီယာဟာ ပြည်သူ့ဆက်ဆံရေးနယ်ပယ်ကို အပြောင်းအလဲဖြစ်လာစေခဲ့ပါတယ်။ လူတစ်ဦးချင်းအတွက်သာမက အဖွဲ့အစည်းတွေနဲ့ အများသူငါအကြား ဆက်သွယ်ရာမှာ Facebook၊ Twitter/X၊ Instagram နဲ့ LinkedIn လို ပလက်ဖောင်းတွေဟာ ပြည်သူ့ဆက်ဆံရေးနယ်ပယ်ရှိ ပညာရှင်တွေနဲ့ပါ ဆက်သွယ်နိုင်ဖို့အတွက် အခွင့်အရေးပေးစွမ်းလာနိုင်သလို သုံးစွဲသူတွေကြားမှာလည်း ပိုပြီးထိတွေ့ဆက်ဆံနိုင်စေခဲ့ပါတယ်။

အဲဒီလို ကောင်းမွန်တဲ့နည်းလမ်းမျိုးနဲ့ အသုံးပြုမှုတွေရှိသလိုပဲ ဆိုရှယ်မီဒီယာ၊ အီးမေးလ်နဲ့ မက်ဆေ့ချ်ပေးပို့တဲ့ အက်ပလီကေးရှင်းတွေ ဒါမှမဟုတ် အွန်လိုင်းဖိုရမ်တွေကနေ ဒစ်ဂျစ်တယ်ဆက်သွယ်ရေးကိရိယာကိုအသုံးပြုပြီး တစ်ဦးတစ်ယောက် သို့မဟုတ် အုပ်စုတစ်ခုကို ရည်ရွယ်ချက်ရှိရှိ ခြိမ်းခြောက်တာ၊ ခြောက်လှန့်တာ၊ ရှက်ရွံ့စေတာ၊ နှောင့်ယှက်တာမျိုးတွေ ပြုလုပ်တဲ့ ဆိုက်ဘာနှောင့်ယှက်မှုလည်း တိုးတက်များပြားလာပါတယ်။

ဆိုက်ဘာနှောင့်ယှက်မှုပုံစံများ

ဆိုရှယ်မီဒီယာနဲ့ ဆိုက်ဘာနှောင့်ယှက်မှုအကြား ဆက်နွယ်မှုကရှုပ်ထွေးပြီး အဲဒီပလက်ဖောင်းတွေဟာ ကမ္ဘာလုံးဆိုင်ရာချိတ်ဆက်မှုကို ဖြစ်စေပေမယ့်လည်း ဥပဒေကိုချိုးဖောက်ချင်သူအတွက် သားကောင်တွေကို ပစ်မှတ်ထားဖို့ လက်နက်ကိရိယာတစ်ခုလည်းဖြစ်လာပါတယ်။ ဆိုက်ဘာနှောင့်ယှက်မှု ပုံစံတွေကတော့-

စဉ်	ပုံစံ	အဓိပ္ပာယ်ဖွင့်ချက်	ဥပမာ
၁	အင်တာနက်အနိုင်ကျင့်ခြင်း (Cyberbullying)	လူမှုကွန်ရက် သို့မဟုတ် ဒစ်ဂျစ်တယ် ပလက်ဖောင်းများ အသုံးပြု၍ တစ်စုံတစ်ဦးအား အနိုင်ကျင့်ခြင်း၊ စော်ကားခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း	တစ်စုံတစ်ဦးအကြောင်း အရှက်ရစေသော မက်ဆေ့ချ်များ သို့မဟုတ် မှတ်ချက်များကို အွန်လိုင်းတွင် တင်ခြင်း
၂	ကိုယ်ရေး ကိုယ်တာ အချက်အလက်ထုတ်ဖော်ခြင်း (Doxxing)	တစ်စုံတစ်ဦး၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ခွင့်ပြုချက်မရှိဘဲ ထုတ်ဖော်ခြင်း	တစ်စုံတစ်ဦး၏ နေအိမ်လိပ်စာ သို့မဟုတ် ဖုန်းနံပါတ်ကို အွန်လိုင်းတွင် မျှဝေခြင်း
၃	အမုန်းစကားများ (Hate Speech)	လူမျိုး၊ ဘာသာ၊ ကျား၊ မ စသည်တို့အပေါ် အခြေခံ၍ မုန်းတီးမှုကို လှုံ့ဆော်သောစကားလုံးများ အသုံးပြုခြင်း	လူနည်းစုအုပ်စုများကို ပစ်မှတ်ထားသော ခွဲခြားဆက်ဆံသည့် မှတ်ချက်များတင်ခြင်း
၄	လိမ်လည်အတုအယောင် ပြုလုပ်ခြင်း (Impersonation)	တစ်စုံတစ်ဦး၏ ဂုဏ်သတင်းကို လှည့်စားရန် သို့မဟုတ် ထိခိုက်စေရန်အတွက် အခြားသူတစ်ဦးအဖြစ် ဟန်ဆောင်ခြင်း	အန္တရာယ်ဖြစ်စေသော အကြောင်းအရာများဖြန့်ဝေရန် တစ်စုံတစ်ဦး၏အမည်ဖြင့် အကောင့်အတုတစ်ခု ဖန်တီးခြင်း
၅	အွန်လိုင်းမှ ခြောက်လှန့်လိုက်လံခြင်း (Cyberstalking)	တစ်စုံတစ်ဦးအား အွန်လိုင်းတွင် စဉ်ဆက်မပြတ် စောင့်ကြည့်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း	တစ်စုံတစ်ဦးအား ခြိမ်းခြောက်ရန် ထပ်တလဲလဲ မက်ဆေ့ချ်များ သို့မဟုတ် အီးမေးလ်များ ပေးပို့ခြင်း
၆	သတင်းမှားဖြန့်ဝေခြင်း (Disinformation)	လှည့်စားရန် သို့မဟုတ် ဂုဏ်သတင်းကို ပျက်စီးစေရန်အတွက် မှားယွင်းသော သတင်းအချက်အလက်များ ဖြန့်ဝေခြင်း	အများပြည်သူဆိုင်ရာ ပုဂ္ဂိုလ်တစ်ဦး၏ ဂုဏ်သတင်းကို ညှိုးနွမ်းစေရန်အတွက် သတင်းအတုများ မျှဝေခြင်း
၇	ဆိုက်ဘာအကြမ်းဖက်မှု (Cyberterrorism)	နိုင်ငံရေး သို့မဟုတ် စီးပွားရေး ရည်ရွယ်ချက်များအတွက် ဆိုက်ဘာတိုက်ခိုက်မှုများ အသုံးပြုခြင်း	အထိခိုက်မခံသော အချက်အလက်များကို ခိုးယူရန် အစိုးရဝက်ဘ်ဆိုက်များကို ဟက်ခ်ခြင်း

ဆိုရှယ်မီဒီယာမှာ ဆိုက်ဘာနှောင့်ယှက်မှု အခန်းကဏ္ဍကြီးထွားလာခြင်း

ဆိုရှယ်မီဒီယာပလက်ဖောင်းတွေကို အသုံးပြုမှု အားကောင်းလာတာကြောင့် လူအများအပြားဟာ အွန်လိုင်းမှာ အချိန်ဖြုန်းလာကြပါတယ်။ လူမှုရေး၊ စီးပွားရေး၊ ပညာရေးစတဲ့ နယ်ပယ်အသီးသီးမှ လူတွေဟာ ဆိုရှယ်မီဒီယာကို အသုံးပြုလာကြပါတယ်။ အသုံးပြုသူတွေ များပြားလာတာကြောင့် ဆိုက်ဘာနှောင့်ယှက်သူတွေအတွက် ပစ်မှတ်တွေ ပိုမိုရရှိလာပါတယ်။ အဲဒီလို အသုံးပြုသူ တိုးပွားလာတာရယ်၊ နည်းပညာတိုးတက်မှုရယ်ကြောင့် ဆိုက်ဘာနှောင့်ယှက်မှုတွေကလည်း သိသိသာသာ ကြီးထွားလာပါတယ်။ အင်တာနက်အသုံးပြုသူ တိုးပွားလာတာနဲ့အမျှ အချက်အလက်တွေ လွယ်ကူစွာ ရယူနိုင်လာပြီး ဆိုက်ဘာရာဇဝတ်မှုတွေလည်း ပိုမိုများပြားလာပါတယ်။

နည်းပညာတိုးတက်လာတာကြောင့် ဆိုက်ဘာနှောင့်ယှက်သူတွေဟာ ပိုမိုခေတ်မီတဲ့ နည်းလမ်းတွေနဲ့ တိုက်ခိုက်နိုင်လာပါတယ်။ အချက်အလက် ခိုးယူတာ၊ ဗိုင်းရပ်စ်ဖြန့်ဝေတာ၊ အယောင်ပြ အကောင့်တွေနဲ့ လှည့်ဖြားတာ စတဲ့နည်းလမ်းတွေက ပိုမိုဆန်းပြားလာပါတယ်။ AI ဉာဏ်ရည်တုနည်းပညာတွေနဲ့ သတင်းမှားဖြန့်ဝေတာကလည်း အန္တရာယ်တစ်ခုဖြစ်လာပါတယ်။ အဲဒါကြောင့် အသုံးပြုသူတွေရဲ့ ကိုယ်ရေးကိုယ်တာ အချက်အလက်တွေကို ကာကွယ်နိုင်ဖို့ ခက်ခဲလာသလိုပဲ ဆိုက်ဘာနှောင့်ယှက်မှုတွေကို ထိရောက်စွာတားဆီးနိုင်ဖို့ဆိုတာကလည်း ပိုပြီးခက်ခဲလာပါတယ်။

ဆိုက်ဘာနှောင့်ယှက်မှု အများဆုံးခံစားရသူများ

ဆိုက်ဘာနှောင့်ယှက်မှုကို အများဆုံး ခံစားရသူတွေကတော့-

စဉ်	အုပ်စု	ဆိုက်ဘာနှောင့်ယှက်မှု အမျိုးအစား	ရာခိုင်နှုန်း (ခန့်မှန်း)	သက်ရောက်မှု
၁	အမျိုးသမီးများ	လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု၊ အင်တာနက် အနိုင်ကျင့်ခြင်း၊ အွန်လိုင်းမှ ခြောက်လှန့်လိုက်လံခြင်း	၁၆-၅၈% (ကမ္ဘာ) ၆၀% (အာရပ်)	စိတ်ပိုင်းဆိုင်ရာပင်ပန်းဆင်းရဲမှု၊ စိုးရိမ်ပူပန်မှု၊ လူမှုရေးအထီးကျန်ခြင်း၊ ဂုဏ်သတင်းပျက်စီးခြင်း
၂	LGBTQ+ လူတစ်ဦးချင်းစီ	အမုန်းစကားများ၊ အင်တာနက် အနိုင်ကျင့်ခြင်း	၃၀%	စိတ်ဖိစီးမှု၊ စိတ်ဒဏ်ရာ၊ လူမှုရေးဖိအားများ၊ လုံခြုံရေးခြိမ်းခြောက်မှုများ
၃	နိုင်ငံရေးသမားများ	သတင်းမှား ဖြန့်ဝေခြင်း၊ လိမ်လည် အတုအယောင် ပြုလုပ်ခြင်း	၂၅%	ဂုဏ်သတင်းပျက်စီးမှု၊ ယုံကြည်မှုဆုံးရှုံးခြင်း၊ နိုင်ငံရေးတင်းမာမှု၊ လုပ်ငန်းဆောင်ရွက်မှု ထိခိုက်ခြင်း
၄	သံတမန်များ	အွန်လိုင်းမှခြောက်လှန့်လိုက်လံခြင်း၊ Doxxing၊ ဆိုက်ဘာ အကြမ်းဖက်မှု	၂၀%	လုံခြုံရေး ခြိမ်းခြောက်ခံရမှု၊ စိတ်ဖိစီးမှု၊ သံတမန်ဆက်ဆံရေး ထိခိုက်မှု
၅	နာမည်ကြီး ပုဂ္ဂိုလ်များ	အင်တာနက် အနိုင်ကျင့်ခြင်း၊ Doxxing၊ သတင်းမှား ဖြန့်ဝေခြင်း	၂၈%	ဂုဏ်သတင်းပျက်စီးမှု၊ စိတ်ပိုင်းဆိုင်ရာဖိအားများ၊ ကိုယ်ရေးကိုယ်တာ လုံခြုံရေးထိခိုက်မှု

ဆိုက်ဘာနှောင့်ယှက်မှုကြောင့် စိတ်ပိုင်းဆိုင်ရာနဲ့ လူမှုရေးပိုင်းဆိုင်ရာ သက်ရောက်မှုများ

ဆိုက်ဘာနှောင့်ယှက်မှုဟာ ယနေ့ကာလဖြစ်တဲ့ ဒစ်ဂျစ်တယ်ခေတ်မှာ လူတစ်ဦးချင်းစီနဲ့ လူ့အဖွဲ့အစည်းအပေါ် စိတ်ပိုင်းဆိုင်ရာနဲ့ လူမှုရေးပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှုတွေ ပြင်းပြင်းထန်ထန် ဖြစ်ပေါ်စေနိုင်ပါတယ်။ လုပ်ငန်းခွင်မှာလည်း အဆင်မပြေမှုတွေ ပေါ်ပေါက်လာပြီး လူမှုဆက်ဆံရေးကိုလည်း အောက်ပါအတိုင်းထိခိုက်စေနိုင်ပါတယ်-

(က) **စိတ်ကျန်းမာရေးရဲ့အကျိုးဆက်များ။** ဆိုက်ဘာနှောင့်ယှက်မှုများသည် စိုးရိမ်ပူပန်ခြင်း၊ ကြောက်ရွံ့ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ စိတ်ဖိစီးခြင်းနှင့် စိတ်ဒဏ်ရာရခြင်းကဲ့သို့သော စိတ်ပိုင်းဆိုင်ရာ ပြဿနာတွေ ဖြစ်ပေါ်စေပြီး လူမှုဆက်ဆံရေးကိုလည်း ထိခိုက်စေနိုင်ပါတယ်။ ဥပမာအားဖြင့် လူမှုမီဒီယာပေါ်မှာ အင်တာနက်အနိုင်ကျင့်ခံရခြင်း၊ ကိုယ်ရေးကိုယ်တာအချက်အလက် ထုတ်ဖော်ခံရခြင်း၊ လူနည်းစုတွေဖြစ်တဲ့ LGBTQ+ လူတစ်ဦးချင်းစီဟာ လိင်ပိုင်းဆိုင်ရာအမုန်းစကားတွေကို ပြောဆိုခံရမယ်ဆိုရင် စိတ်ဓာတ်ကျလာပြီး မိမိကိုယ်ကို ယုံကြည်လေးစားမှု ကျဆင်းခြင်းတို့ ဖြစ်လာနိုင်ပါတယ်။ ဒါ့အပြင် နိုင်ငံရေးသမားတွေ၊ သံတမန်တွေနဲ့ လူသိထင်ရှားတဲ့ ပုဂ္ဂိုလ်တစ်ဦးဟာ အင်တာနက်အနိုင်ကျင့်ခံရခြင်းနဲ့ ကြုံတွေ့ရမယ်ဆိုရင် စိတ်ပိုင်းဆိုင်ရာဆိုးကျိုးတွေ ပိုမိုခံစားရနိုင်ပါတယ်။

(ခ) **လူမှုရေးပိုင်းဆိုင်ရာ ထိခိုက်မှုများ။** ဆိုက်ဘာနှောင့်ယှက်မှုကြောင့် ဒစ်ဂျစ်တယ်ကမ္ဘာမှာ လူမှုဆက်ဆံရေးကို သိသိသာသာထိခိုက်နိုင်စေပြီး မိသားစု၊ သူငယ်ချင်းတွေရဲ့အကြား ဆက်ဆံရေးတွေကိုလည်း တင်းမာစေနိုင်ပါတယ်။ ဒါကြောင့် တစ်ဦးနဲ့တစ်ဦး ယုံကြည်မှုဆုံးရှုံးခြင်း၊ အထီးကျန်ခြင်းနဲ့ လူမှုရေးဖိအားတွေကို ဖြစ်ပေါ်စေနိုင်ပါတယ်။ ဒီနှောင့်ယှက်မှုတွေဟာ လူတစ်ဦးချင်းစီရဲ့ ပညာရပ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်၊ လေ့လာဆည်းပူးမှုနဲ့ လူမှုရေးကိစ္စရပ်တွေမှာ ပါဝင်ဖို့ခက်ခဲခြင်းတို့ကိုလည်း ဖြစ်ပေါ်စေနိုင်ပါတယ်။ ယခုအခါ ဆိုက်ဘာနှောင့်ယှက်မှုတွေဟာ ဆိုရှယ်မီဒီယာနဲ့ ဒစ်ဂျစ်တယ်ပလက်ဖောင်းတွေပေါ်မှာ ပိုမိုလျင်မြန်စွာပျံ့နှံ့နိုင်တာကြောင့် ပိုပြီးထိခိုက်လွယ်လာပါတယ်။ ဒီပြဿနာတွေဟာ လူမှုဆက်ဆံရေးကို ပိုမိုထိခိုက်စေပြီး ခံစားရသူတွေရဲ့ ရေရှည်ဘဝတက်လမ်းကိုလည်း ထိခိုက်စေနိုင်ပါတယ်။

(ဂ) **နိုင်ငံတကာဆက်ဆံရေးအပေါ် အကျိုးသက်ရောက်မှုများ။** ဆိုက်ဘာနှောင့်ယှက်မှုတွေဟာ နိုင်ငံရေးနဲ့ စီးပွားရေးအကြောင်းအရာတွေနဲ့ ဆက်နွယ်နေပြီး နိုင်ငံတကာဆက်ဆံရေး၊ ဒီမိုကရေစီရေး လုပ်ငန်းစဉ်တွေနဲ့ စီးပွားရေးလုံခြုံရေးကို ထိခိုက်စေနိုင်တဲ့ ခြိမ်းခြောက်မှုတွေဖြစ်လာခဲ့ပါတယ်။ နိုင်ငံရေးဆိုင်ရာ ဆိုက်ဘာနှောင့်ယှက်မှုတွေထဲမှာ သတင်းမှားဖြန့်ဝေခြင်း (Disinformation)၊ လိမ်လည်အတုအယောင် ပြုလုပ်ခြင်း (Impersonation) နဲ့ ရွေးကောက်ပွဲဝင်ရောက်စွက်ဖက်မှု (Election Interference) တို့ ပါဝင်ပါတယ်။ ဥပမာအားဖြင့် ၂၀၁၆ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲမှာ ရုရှားဟက်ကာတွေက ဒီမိုကရက်တစ်ပါတီရဲ့ဒေတာကို Hack လုပ်ပြီး Wiki-Leaks မှတစ်ဆင့် ထုတ်ဖော်ခဲ့ပါတယ်။

စာမျက်နှာ ၁၁ သို့ ❍

❍ စာမျက်နှာ ၁၀ မှ

ဒီလုပ်ဆောင်ချက်က ရွေးကောက်ပွဲမှာ ဝင်ရောက်စွက်ဖက်ဖို့ ရည်ရွယ်ခဲ့တာဖြစ်ပြီး အမေရိကန်နဲ့ ရုရှား နှစ်နိုင်ငံအကြား တင်းမာမှုတွေ ဖြစ်ပေါ်စေခဲ့ပါတယ်။ နိုင်ငံတကာမှ အရာရှိကြီးတွေကို ပစ်မှတ်ထားတာ ဒါမှမဟုတ် ရွေးကောက်ပွဲတွေကို လွှမ်းမိုးခြယ်လှယ်ဖို့အသုံးချတာ စတဲ့ ဆိုက်ဘာနှောင့်ယှက်မှုတွေကြောင့် နိုင်ငံရေးပဋိပက္ခတွေကို မြင့်တက်လာစေပြီး သံတမန်ဆက်ဆံရေးကိုပါ ထိခိုက်လာနိုင်ပါတယ်။ ဒါ့အပြင် နိုင်ငံတစ်နိုင်ငံရဲ့ မူဝါဒတွေ၊ ဒါမှမဟုတ် ခေါင်းဆောင်တွေရဲ့ မှားယွင်းတဲ့သတင်းတွေ ပျံနှံ့စေတာမျိုးလို သတင်းအမှားတွေ ဖြန့်ဝေတာဟာ နိုင်ငံတကာမျက်နှာစာမှာ မိမိနိုင်ငံရဲ့ဂုဏ်သတင်းကို ထိခိုက်စေပြီး နိုင်ငံအပေါ် ယုံကြည်မှုကိုပါ ပျက်စီးစေနိုင်ပါတယ်။ ဒါနဲ့ပတ်သက်လို့ Sony Pictures Hack ဖြစ်ရပ်ကို တင်ပြလိုက်ရပါတယ်–

(၁) ၂၀၁၄ ခုနှစ်မှာ အမေရိကန်က မြောက်ကိုရီးယားရဲ့လက်ချက်လို့ စွပ်စွဲထားတဲ့ “Guardians of Peace” (GOP) အမည်တပ် ဟက်ကာအဖွဲ့တစ်ဖွဲ့ရဲ့ Sony Pictures Entertainment (SPE) ကို ဆိုက်ဘာတိုက်ခိုက်ခဲ့မှုဟာ နိုင်ငံတကာဆက်ဆံရေးအပေါ် နက်ရှိုင်းစွာသက်ရောက်မှုရှိခဲ့ပါတယ်။ မြောက်ကိုရီးယားနိုင်ငံ အကြီးအကဲ ကင်ဂျုံအန်ကို လုပ်ကြံသတ်ဖြတ်ပုံဖော်ထားတဲ့ ဟာသရုပ်ရှင် “The Interview” ကြောင့် ဖြစ်ပွားခဲ့တာဖြစ်ပြီး Shamoon Wiper Malware ကို အသုံးပြုထားတဲ့ ဟက်ကာတွေက Sony ရဲ့စနစ်အတွင်းကို ထိုးဖောက်ဝင်ရောက်ပြီး ကိုယ်ရေးကိုယ်တာ အီးမေးလ်တွေနဲ့ မထုတ်ပြန်ရသေးတဲ့ ရုပ်ရှင်တွေ အပါအဝင် အရေးကြီးတဲ့အချက်အလက်တွေကို ခိုးယူထုတ်ဖော်ခဲ့ကာ ရုပ်ရှင်ရုံတွေကို အကြမ်းဖက်မယ်လို့ ခြိမ်းခြောက်ခဲ့တာကြောင့် ရုပ်ရှင်ပြသမှုကို ပယ်ဖျက်ခဲ့ရပါတယ်။ ဒီဖြစ်ရပ်ကြောင့် အမေရိကန်နဲ့ မြောက်ကိုရီးယား နှစ်နိုင်ငံအကြား တင်းမာမှုတွေ မြင့်တက်စေခဲ့ပြီး အမေရိကန်က ပိတ်ဆို့အရေးယူမှု ချမှတ်ကာ တိုက်ခိုက်မှုကို “ဆိုက်ဘာအကြမ်းဖက်မှု” လို့ သတ်မှတ်ခဲ့ပါတယ်။ Sony အနေနဲ့ သိသာထင်ရှားတဲ့ ငွေကြေးဆုံးရှုံးမှုနဲ့ ဂုဏ်သိက္ခာထိခိုက်မှုတွေ ခံစားခဲ့ရပါတယ်။ ဒီဖြစ်ရပ်က အရေးကြီးတဲ့အခြေခံအဆောက်အအုံတွေ၊ အားနည်းချက်ရှိနေတဲ့ အရာတွေနဲ့ ယဉ်ကျေးမှုဆိုင်ရာ ထုတ်ကုန်တွေဟာ ပထဝီနိုင်ငံရေးပဋိပက္ခတွေကို ဘယ်လို မီးမွှေးပေးနိုင်တယ်ဆိုတာကို ပြသခဲ့ပါတယ်။

(၂) Sony Pictures Hack ဖြစ်ရပ်ဟာ ဆိုက်ဘာနှောင့်ယှက်မှုရဲ့ နိုင်ငံတကာ ဆက်ဆံရေးအပေါ် သက်ရောက်မှုကို နားလည်ဖို့နဲ့ ကာကွယ်ဖို့ အရေးကြီးတယ်ဆိုတဲ့ ဥပမာတစ်ခု ဖြစ်လာခဲ့ပါတယ်။ ဒီဖြစ်ရပ်မှ ဆိုက်ဘာနှောင့်ယှက်မှုရဲ့ ရှုပ်ထွေးမှုနဲ့စပ်လျဉ်းပြီး အောက်ပါသင်ခန်းစာတွေကို ဖော်ထုတ်နိုင်ပါတယ်–

(က က) ဆိုက်ဘာတိုက်ခိုက်မှုဟာ ပုဂ္ဂလိကကဏ္ဍသာမက နိုင်ငံရေးနဲ့ သံတမန်ရေးရာ အကျပ်အတည်းတွေ ဖြစ်ပေါ်စေနိုင်တယ်။

(ခခ) နိုင်ငံတွေရဲ့ ဆိုက်ဘာလုံခြုံရေး ပိုမိုအားကောင်းစေဖို့လိုအပ်ပြီး နည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံတွေကို မြှင့်တင်ဖို့နဲ့ AI ကဲ့သို့သော အဆင့်မြင့်နည်းပညာတွေကို အသုံးပြုဖို့ လိုအပ်တယ်။

(ဂဂ) ဆိုက်ဘာနှောင့်ယှက်မှုတွေကို ကိုင်တွယ်ဖြေရှင်းဖို့ နိုင်ငံတကာဥပဒေမူဘောင်တွေ ချမှတ်ဖို့လိုအပ်ပြီး နိုင်ငံတွေအကြား ဆိုက်ဘာသံခင်းတမန်ခင်း (Cyber Diplomacy) ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဖို့လိုအပ်တယ်။

(ဃဃ) ပုဂ္ဂလိကကဏ္ဍနဲ့ အစိုးရအကြား ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဖို့လိုအပ်တယ်ဆိုတာတွေပဲ ဖြစ်ပါတယ်။

ဆိုက်ဘာနှောင့်ယှက်မှုကို တားဆီးကာကွယ်ရန်နှင့် တုံ့ပြန်ရန် အကြံပြုချက်များ

ဆိုက်ဘာနှောင့်ယှက်မှုတွေကို တားဆီးကာကွယ်ဖို့အတွက်လိုအပ်တဲ့ ဥပဒေမူဘောင်တွေကို အစိုးရဘက်က ချမှတ်ပေးဖို့နဲ့ ကာကွယ်ရေးနည်းပညာတွေကိုလည်း အရေးကြီးတဲ့ကဏ္ဍအဖြစ် သတ်မှတ်ပြီး အောက်ပါအချက်တွေကို မြှင့်တင်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်–

(က) **ဥပဒေမူဘောင်များ ပိုမိုအားကောင်းလာစေရေး။** ဆိုက်ဘာနှောင့်ယှက်မှုတွေကို ကာကွယ်ရေးအတွက် ဥပဒေမူဘောင်တွေ အားကောင်းစေဖို့ နိုင်ငံတကာဥပဒေတွေနဲ့ နိုင်ငံအလိုက် စည်းမျဉ်းစည်းကမ်းတွေ ခိုင်မာစေရပါမယ်။ ပြစ်မှုကျူးလွန်သူတွေကိုလည်း ထိရောက်စွာ အရေးယူဖို့ လိုအပ်ပါတယ်။ ဆိုက်ဘာနှောင့်ယှက်မှုပုံစံတွေကို ဥပဒေအရ ရှင်းလင်းစွာ ဖွင့်ဆိုပြီး ပြစ်မှုအဖြစ် သတ်မှတ်ရပါမယ်။ အဲဒီအတွက် Budapest Convention on Cybercrime (၂၀၀၁) လို နိုင်ငံတကာစာချုပ်တွေကို ကိုးကားရပါမယ်။ EU ရဲ့ General Data Protection Regulation (GDPR) (၂၀၁၈) ကဲ့သို့ ကိုယ်ရေးကိုယ်တာ ဒေတာလုံခြုံရေးကို မြှင့်တင်ရပါမယ်။ ပြစ်မှုကျူးလွန်သူတွေကို ပြင်းထန်တဲ့ ဒဏ်ငွေတွေ ချမှတ်တာနဲ့ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်တာတို့ကို ပြုလုပ်ရပါမယ်။ သံတမန်နဲ့ အစိုးရတာဝန်ရှိသူတွေအတွက် ဆိုက်ဘာလုံခြုံရေး အကြံပြုချက်တွေကတော့ လုံခြုံတဲ့ဆက်သွယ်ရေးကိရိယာတွေအသုံးပြုဖို့၊ လုံခြုံရေးဆက်တင်တွေ အသုံးပြုဖို့၊ AI နဲ့ Machine Learning ကိုအသုံးပြုပြီး ခြိမ်းခြောက်မှုတွေကို စောင့်ကြည့်ဖို့နဲ့ လုံခြုံရေးနည်းလမ်းတွေကို သင်ကြားပို့ချပေးဖို့ စတာတွေပဲ ဖြစ်ပါတယ်။

(ခ) **ကာကွယ်ခြင်းတွင် နည်းပညာ၏ အရေးကြီးသော အခန်းကဏ္ဍ။** နည်းပညာဟာ ဆိုက်ဘာနှောင့်ယှက်မှုတွေကို ကာကွယ်ရာမှာ အရေးပါတဲ့အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါတယ်။ AI ကို အသုံးပြုပြီး ဆိုက်ဘာနှောင့်ယှက်မှုတွေကို ကာကွယ်တားဆီးနိုင်မှုအတွက် အသေးစိတ်ဖော်ပြချက်တွေကတော့–

စဉ်	AI နည်းလမ်း	အသုံးပြုမှု	အားသာချက်	အားနည်းချက်	လက်တွေ့ ဥပမာ
၁	စက်သင်ယူမှု (Machine Learning)	ဒေတာများကိုခွဲခြမ်းစိတ်ဖြာ၍ ဆိုက်ဘာခြိမ်းခြောက်မှု များကို ခန့်မှန်းခြင်း၊ ပုံစံများကို ဖော်ထုတ်ခြင်း	အချိန်နှင့် တစ်ပြေးညီ ခြိမ်းခြောက်မှုများကို ဖော်ထုတ်နိုင်ခြင်း၊ ကြီးမားသော ဒေတာ များကို လျင်မြန်စွာ စီမံခန့်ခွဲနိုင်ခြင်း	လေ့ကျင့်ရန် အရည်အသွေးမြင့် ဒေတာ လိုအပ်ခြင်း၊ မှားယွင်းသော ခန့်မှန်းမှုများ ဖြစ်ပေါ်နိုင်ခြင်း	ဆိုက်ဘာ တိုက်ခိုက်မှု များကို ဖြေရှင်းရန် ML ကို အသုံးချခြင်း
၂	အန္တရာယ်ကို ကြိုတင် ဖော်ထုတ်ခြင်း (Threat Detection)	AIကို အသုံးပြု၍ ဆိုက်ဘာနှောင့်ယှက် မှုများ၊ ဗိုင်းရပ်စ် များ သို့မဟုတ် မလိုလားအပ်သောလုပ်ဆောင်မှုများကို ဖော်ထုတ်ခြင်း	လျင်မြန်သောတုံ့ပြန်မှု ပေးနိုင်ခြင်း၊ လူသားထက် ပိုမို တိကျမှုရှိခြင်း	အဆင့်မြင့် တိုက်ခိုက်မှုများကို မဖော်ထုတ်နိုင်ခြင်း၊ စနစ်ထိန်းသိမ်းမှု ကုန်ကျစရိတ်များ	အီးမေးလ် များမှ တစ်ဆင့် Phishing တိုက်ခိုက်မှု များကို ဖော်ထုတ်ခြင်း
၃	အလို အလျောက် တုံ့ပြန်မှု (Automated Response)	ခြိမ်းခြောက်မှုများကို ဖော်ထုတ်ပြီးနောက် AI ဖြင့် အလို အလျောက် တုံ့ပြန် ဆောင်ရွက် ခြင်း (ဥပမာ – အကောင့် ပိတ်ခြင်း)	လူသား ဝင်ရောက် စွက် ဖက်မှုမလိုအပ် ခြင်း၊ လျင်မြန်စွာ ထိန်းချုပ်နိုင်ခြင်း	မှားယွင်းသော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခြင်း၊ ရှုပ်ထွေးသော တိုက်ခိုက်မှု များကို ကိုင်တွယ်ရန် ခက်ခဲခြင်း	ပုံမှန် မဟုတ်သော အကောင့် အသုံးပြုမှု ကို ဖော်ထုတ် ၍ ပိတ်ပင်ခြင်း
၄	ဒေတာ ကာကွယ်ခြင်း (Data Protection)	Encryption နှင့် AI ကိုအသုံးပြု၍ဒေတာများကို လုံခြုံစွာ ကာကွယ်ခြင်း၊ ခွင့်ပြုချက် မရှိသော ဝင်ရောက် မှုကို တားဆီးခြင်း	ဒေတာလုံခြုံရေးကို မြှင့်တင် ပေးခြင်း၊ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ကာကွယ်နိုင်ခြင်း	စနစ် ထည့်သွင်းရန် ကုန်ကျစရိတ်များခြင်း၊ နည်းပညာကျွမ်းကျင်မှု လိုအပ်ခြင်း	ဘဏ်လုပ်ငန်းများတွင် ငွေကြေး ဒေတာများကို ကာကွယ်ခြင်း
၅	အန္တရာယ် စီမံခန့်ခွဲမှု (Risk Management)	AI ကို အသုံးပြု၍ ဆိုက်ဘာ အန္တရာယ်များကို အကဲဖြတ်ခြင်း၊ ကာကွယ်ရန် အစီအမံများ ချမှတ်ခြင်း	အန္တရာယ် များကို ကြိုတင် ကာကွယ်နိုင်ခြင်း၊ အဖွဲ့အစည်း၏ လုံခြုံရေးကို မြှင့်တင်နိုင်ခြင်း	အဆင့်မြင့် အန္တရာယ်များကို အကဲဖြတ်ရန် ခက်ခဲခြင်း၊ အချိန်ကြာရှည် စောင့်ကြည့်ရန် လိုအပ်ခြင်း	ကုမ္ပဏီတစ်ခု၏ IT စနစ်တွင် အန္တရာယ်များကို အကဲဖြတ်၍ ကာကွယ်ခြင်း

(ဂ) **ပညာပေးအစီအစဉ်များ။** ပညာပေးအစီအစဉ်တွေက ဆိုက်ဘာနှောင့်ယှက်မှုတွေကို ကာကွယ်ရာမှာ နောက်ထပ်အရေးပါတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။ အွန်လိုင်းပေါ်မှ အနှောင့်အယှက်ပေးမှုရဲ့ နောက်ဆက်တွဲဆိုးကျိုးကို သိရှိစေတာမျိုးနဲ့ ဒစ်ဂျစ်တယ်နည်းပညာ အကျွမ်းတဝင်ရှိမှုကို မြှင့်တင်ပေးတာမျိုးက လူတစ်ဦးချင်းစီအတွက် ဆိုရှယ်မီဒီယာကိုသတိရှိရှိ အသုံးပြုတတ်စေဖို့ စွမ်းဆောင်ပေးနိုင်ပါတယ်။ ကျောင်း၊ တက္ကသိုလ်နဲ့ လူမှုအဖွဲ့အစည်းတွေမှာ နည်းပညာကို ကျင့်ဝတ်နဲ့အညီ အသုံးပြုနည်း၊ အနှောင့်အယှက်ပေးမှုတွေကို မိမိကိုယ်ကို ကာကွယ်နည်းတွေ သင်ကြားပေးတဲ့ အစီအစဉ်တွေကို အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါတယ်။ ဒါ့အပြင် မိမိတို့ပတ်ဝန်းကျင်မှာ ဆိုက်ဘာနှောင့်ယှက်မှုတွေ ကြုံတွေ့ရတဲ့အခါမျိုးမှာ နစ်နာသူဘက်က ထောက်ခံပြောဆိုပြီး အားပေးစကားပြောကြားပေးသင့်ပါတယ်။

(ဃ) **သံတမန်ရေးရာ ကြိုးပမ်းမှုများ။** ဆိုက်ဘာနှောင့်ယှက်မှုတွေကိုဖြေရှင်းရာမှာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုနဲ့ သံတမန်ရေးကြိုးပမ်းမှုတွေက အရေးကြီးပါတယ်။ အစိုးရနဲ့ အဖွဲ့အစည်းတွေဟာ ကမ္ဘာလုံးဆိုင်ရာ စံနှုန်းတွေနဲ့ ပရိတိုကောတွေ ချမှတ်ဖို့၊ အကောင်းဆုံးလုပ်ဆောင်မှုတွေနဲ့ နည်းပညာဆိုင်ရာ တီထွင်ကြံဆမှုတွေကို မျှဝေဖို့ ပူးပေါင်းဆောင်ရွက်ရပါမယ်။ နိုင်ငံတကာစာချုပ်တွေနဲ့ သဘောတူညီချက်တွေ ဖန်တီးတာမျိုးနဲ့ ဆိုက်ဘာနှောင့်ယှက်မှုတွေကို ကမ္ဘာတစ်ဝန်းမှာ ပြင်းထန်တဲ့ပြစ်မှုအဖြစ် သတ်မှတ်ပြီး နယ်စပ်ဖြတ်ကျော် စုံစမ်းစစ်ဆေးမှုနဲ့ တရားစွဲဆိုမှုမှာ ပူးပေါင်းဆောင်ရွက်မှုကို အားပေးရပါမယ်။ စည်းလုံးညီညွတ်တဲ့ ကြိုးပမ်းမှုတွေနဲ့သာ ကမ္ဘာ့အသိုင်းအဝိုင်းဟာ ဆိုက်ဘာနှောင့်ယှက်မှုတွေကို ပိုမိုထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်။

အကျဉ်းချုပ်ဖော်ပြရရင် ဆိုက်ဘာနှောင့်ယှက်မှုတွေကို ကာကွယ်နိုင်ဖို့အတွက် ဥပဒေရေးရာ၊ နည်းပညာ၊ ပညာရေးနဲ့ သံတမန်ရေးရာမဟာဗျူဟာတွေကို ပေါင်းစပ်ထားတဲ့ ဘက်စုံချဉ်းကပ်မှုမျိုး လိုအပ်ပါတယ်။ ဥပဒေရေးရာကိစ္စရပ်တွေအပေါ် အားဖြည့်တာက တာဝန်ယူမှုကို သေချာစေပြီး နည်းပညာကတော့ စောင့်ကြည့်ရေးနဲ့ ကာကွယ်ရေးအတွက် ပံ့ပိုးပေးပါတယ်။ ပညာရေးဆိုင်ရာ အစီအစဉ်တွေက တာဝန်ယူမှုရှိတဲ့ အွန်လိုင်းအပြုအမူကို မြှင့်တင်ပေးပြီး နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုက စည်းလုံးညီညွတ်သော ကမ္ဘာလုံးဆိုင်ရာ တုံ့ပြန်မှုကို အားပေးပါတယ်။ ဒီအချက်တွေဟာ ဆိုက်ဘာနှောင့်ယှက်မှုတွေကို ကိုင်တွယ်ဖြေရှင်းနိုင်ဖို့သာမက လူတိုင်းအတွက် ပိုမိုလုံခြုံစိတ်ချရတဲ့ ဒစ်ဂျစ်တယ်ကမ္ဘာတစ်ခုကို ဖန်တီးနိုင်ဖို့အတွက်ပါ ပြည့်စုံတဲ့မူဘောင်လည်းဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာဆိုရင်လည်း ဆိုရှယ်မီဒီယာဟာ အရေးပါတဲ့သတင်းအချက်အလက်မျှဝေရာ နေရာတစ်ခုဖြစ်လာသလို ဆိုက်ဘာနှောင့်ယှက်မှုတွေက စိတ်ပိုင်းဆိုင်ရာထိခိုက်မှုသာမက လူမှုရေးနဲ့ နိုင်ငံရေးဆိုင်ရာ ပြဿနာတွေကိုလည်း ဖြစ်ပေါ်စေပါတယ်။ အင်တာနက်အသုံးပြုသူတွေ တိုးပွားလာတာနဲ့အမျှ လူငယ်တွေဟာ ဆိုက်ဘာနှောင့်ယှက်မှုရဲ့ ပစ်မှတ်ဖြစ်လာကြပြီး သူတို့ရဲ့ စိတ်ကျန်းမာရေးကို ထိခိုက်စေပါတယ်။ မြန်မာနိုင်ငံအနေနဲ့ နည်းပညာတိုးတက်မှုနဲ့ လူမှုကောင်းကျိုးကို ဟန်ချက်ညီအောင် ထိန်းညှိဖို့ လိုအပ်ပြီး ဆိုက်ဘာနှောင့်ယှက်မှုတွေကို ထိရောက်တဲ့ ဖြေရှင်းနည်းတွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

နိဂုံးချုပ်အားဖြင့် ဆိုက်ဘာနှောင့်ယှက်မှုဟာ နိုင်ငံတော်ရဲ့ လူမှုစည်းလုံးညီညွတ်မှု၊ ပြည်သူတွေရဲ့ စိတ်ကျန်းမာရေးနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးမှာ လိုအပ်လျက်ရှိနေတဲ့ လူ့စွမ်းအားအရင်းအမြစ်အပေါ် ထိခိုက်စေတဲ့အကြောင်းရင်းတစ်ခု ဖြစ်တာကြောင့် အချိန်မီကိုင်တွယ်ဖြေရှင်းဖို့ လိုအပ်လာမှာဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများ

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအပါအဝင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် အထင်ကရနေရာများ သွားရောက်ဖူးမြော်လေ့လာ

နေပြည်တော် မတ် ၁၆

နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်များ၊ တပ်မတော် (ကြည်း) အမျိုးသမီးစစ်ရေးပြ တပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အမျိုးသမီး စစ်ရေးပြတပ်ခွဲတို့က နှစ်သုတ်ခွဲ၍ ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်၌ တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

အဆိုပါ နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများမှ ဘုရားဖူးလာ စစ်ရေးပြ စစ်ကြောင်းများသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရား ရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက်များအတွင်း လေ့လာကြည့်ရှုကြသည်။

ထို့နောက်ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာတည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိသာသနာ့ ဗိမာန်တော်ကြီး၊ ကျောက်စာရုံ စေတီတော်များ၊ သုဓမ္မာဇရုပ်များ၊ မုဓလိန္ဒအိုင်နှင့် အခြားသာသနိကအဆောက်အအုံများကို ဆက်လက်ဖူးမြော်ကြည်ညိုကြသည်။

ထို့ပြင် အဆိုပါစစ်ရေးပြစစ်ကြောင်းများသည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက် ဖူးမြော်ကြည်ညိုခြင်း၊ တပ်မတော်စစ်သမိုင်းပြတိုက်နှင့် သူရဲကောင်းဗိမာန်တို့ကို သွားရောက်လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်များ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိခဲ့ရပါသည်-

(၁) အမျိုးသမီး

အောင်ဇေယျစစ်ကြောင်းကနေပြီးတော့ ပါဝင်အားဖြည့်တာပါ။ လေ့လာရေးအနေနဲ့ သူရဲကောင်းဗိမာန်ရယ်၊ စစ်သမိုင်းပြတိုက်ရယ်၊ မာရဝိဇယဘုရားရယ်၊ ဥပ္ပါတသန္တိရယ်ကို လိုက်ပို့ပေးပါတယ်။ အခုလိုမျိုး လိုက်ပို့ပေးတဲ့အတွက် အထက်က လူကြီးတွေကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။ နောက်ပြီးတော့ သူငယ်ချင်းတွေနဲ့ ဒီလိုမျိုး တပျော်တပါး သွားရတဲ့အတွက်လည်း ပျော်ရွှင်မိပါတယ်။ နောက်ပြီးတော့ အတွေ့အကြုံတွေလည်း အများကြီးရပါတယ်။ မရောက်ဖူးတဲ့နေရာတွေ၊ မမြင်ဖူးတဲ့ အကြောင်းအရာတွေ၊ နေရာတွေကို မြင်ရတဲ့အတွက်လည်း ဗဟုသုတတွေ အများကြီးရပါတယ် ရှင့်။ အခုလိုမျိုး နှစ်(၈၀)ပြည့် တပ်မတော်နေ့မှာ ပါဝင်ခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။

(၂) အမျိုးသား

အခုလို ပင်ပင်ပန်းပန်းနဲ့စစ်ရေးပြကျင့်နေရတဲ့ ကာလအတွင်းမှာ ဒီလို စိတ်ပြေလက်ပျောက်ဖြစ်အောင်လို့ လိုက်ပို့ပေးတဲ့ တာဝန်ရှိတဲ့ အထက်လူကြီးအားလုံးကို ကျေးဇူးတင်ပါတယ်ဗျ။

ဒီနှစ်(၈၀)ပြည့် တပ်မတော်နေ့ကစပြီးတော့ နောင်နှစ်ပေါင်းများစွာ တပ်မတော်ကြီး တည်တံ့ခိုင်မြဲပါစေ။

(၃) အမျိုးသား

ဝမ်းသာပီတိကတော့ ကျွန်တော်တို့ မြန်မာပြည်တစ်ပြည်လုံးက လူတွေအကုန်လုံး ဒီမှာလာပြီးတော့ ဘုရားလာဖူးတဲ့အတွက် ကျွန်တော့်အနေနဲ့ ဂုဏ်ယူပါတယ်။ ဝမ်းသာပါတယ်။ နှစ်(၈၀) ပြည့်ကနေစပြီးတော့ တပ်မတော်သားအားလုံး ကျန်းမာချမ်းသာပါစေ၊ အသက်ရှည်ပါစေ။ ။

သတင်းစဉ်









အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓါတ်ဆားဓါတ်များ ဆုံးရှုံးမှုပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေး အတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများ အနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက် ကောင်းသောနေရာများတွင် နားနေပါ။

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ။

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ။ အရိပ်ရအေးမြသည့် နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ။

(၄) အလင်းပြန်သောအဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သောပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် (၁၀) နာရီမှ ညနေ (၅) နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ။

(၆) ပူပြင်းသောနေရောင်အောက်တွင် အလွန်အေးသောအခန်းနှင့်ကားအတွင်းမှ ပူပြင်းသော နေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းနှင့် အလွန်အေးသော အခန်းနှင့်ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း တို့ကို ရှောင်ကြဉ်ပါ။

(၇) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။

(၈) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓါတ်ဆားဓါတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓါတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ။

(၉) မိတ်နှင့် ယားဖုများ ထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၀) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာတွင် ထားရှိခြင်း၊ ရေနှင့်ဓါတ်ဆားရည်များ သောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊လည်ပင်း၊ချိုင်းကြား(၂)ဖက်နှင့် ပေါင်ခြံ(၂)ဖက်တို့အား ရေအေးပတ်တိုက် ပေးခြင်းစသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ ဆေးခန်း/ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

ကျန်းမာရေးဝန်ကြီးဌာန
(မတ်လ၊ ၂၀၂၅)

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်

လိုက်နာဆောင်ရွက်ရန်အချက်များ

- အရိပ်ရ၍အေးမြသောနေရာများတွင်သာနေပါ၊
- မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပုခုံးတို့ကိုပါ လုံခြုံသောအရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊
- နေ့ခင်းနေ့လည်အပြင်သွားပါက ထီး၊ ဦးထုပ်ဆောင်းပါ၊
- ရေများများသောက်ပါ။

ရှောင်ကြဉ်ရန်အချက်များ

- နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်း နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ၊
- ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့်ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း တို့ကို တတ်နိုင်သမျှရှောင်ကြဉ်ပါ၊
- နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
- ပူပြင်းသောနေရောင်အောက်မှအလွန်အေးသောအခန်းနှင့်ကားအတွင်းသို့ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊
- အရက်သေစာသောက်စားခြင်းကိုရှောင်ကြဉ်ပါ။

အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ

- သက်ကြီးဘိုးဘွားများနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- နာတာရှည်ရောဂါရှိသူများ(ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါ၊စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ကာယလုပ်သားများ၊ အားကစားသမားများ၊ ဝလွန်းသောသူများ
- အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

(မတ်လ၊ ၂၀၂၅)

ယီမင်နိုင်ငံရှိ အစိုးရဆန့်ကျင်ရေးဟူသီအဖွဲ့အား တိုက်ခိုက်ရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ညွှန်ကြား

ဝါရှင်တန် မတ် ၁၆

ယီမင်နိုင်ငံရှိ အစိုးရဆန့်ကျင်ရေးဟူသီအဖွဲ့များအား တိုက်ခိုက်ရန် အမေရိကန်တပ်မတော်အား အမိန့်ပေးခဲ့ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မတ် ၁၅ ရက်တွင် ပြောကြားသည်။

အဆိုပါဗုံးကြဲတိုက်ခိုက်မှုသည် ယခုအချိန်အထိ သမ္မတထရမ့်၏ ဒုတိယသက်တမ်းအတွက် အထင်ရှားဆုံးသော စစ်ရေးလှုပ်ရှားမှုဖြစ်ကြောင်း နယူးယောက်တိုင်းမ်သတင်းစာက သတင်းဖော်ပြသည်။

ဟူသီများသည် အကြမ်းဖက်ဝါဒကို လက်ကိုင်ထားကာ အမေရိကန်သင်္ဘောများ၊ လေယာဉ်များနှင့် ဒရုန်းများကို ဆန့်ကျင်တိုက်ခိုက်လျက်ရှိကြောင်း သမ္မတထရမ့်က ပြောကြားသည်။

အလားတူ အမေရိကန်တပ်မတော်သည် ယီမင်မြို့တော် ဆာနာကို တိုက်ခိုက်ခဲ့ရာ ပြည်သူ ၃၁ ဦး သေဆုံးပြီး ၁၀၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း ဟူသီများက ပြောကြားသည်။



လူသားချင်းစာနာထောက်ထားမှုအကူအညီများ ဂါဇာကမ်းမြောင်သို့ ဝင်ရောက်ခြင်းမပြုရန် အစ္စရေးအစိုးရက တားမြစ်ထားသည့်အတွက် ပင်လယ်နီအတွင်း သွားလာနေသော အစ္စရေးသင်္ဘောများကို တိုက်ခိုက်မှုများ ပြန်လည်စတင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဟူသီများက မတ် ၁၁ ရက်တွင် ကြေညာသည်။

အီရန်အနေဖြင့် ဟူသီအဖွဲ့အား ထောက်ပံ့မှုကို ချက်ချင်းရပ်တန့်ရန်နှင့် ဟူသီအဖွဲ့က အမေရိကန်ပြည်သူများအား ခြိမ်းခြောက်လာပါက အီရန်က အပြည့်အဝတာဝန်ယူရမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အီရန်အားပြောကြားသည်။

မကြာသေးမီက သမ္မတထရမ့်သည် အီရန်၏ နျူကလီးယား ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲများလုပ်ဆောင်ရန် အီရန်ထံပေးစာတစ်စောင်ပေးပို့ခဲ့ကြောင်း သိရသည်။

ယီမင်နိုင်ငံရှိ ဟူသီများကို တိုက်ခိုက်ခြင်းသည် နျူကလီးယားဆွေးနွေးပွဲများကို သဘောတူရန် အီရန်အားဖိအားပေးရန် ရည်ရွယ်ခြင်းဖြစ်နိုင်ကြောင်း နိုင်ငံရေးသုံးသပ်လေ့လာသူများက ဆိုသည်။ **ကိုးကား – အင်နှ်အိတ်ချ်ကေ**
ဘာသာပြန် – အောင်ကျော်ကျော်



ယီမင်နိုင်ငံရှိ ဟူသီသူပုန်များအားထောက်ခံမှုကို အဆုံးသတ်ရမည်ဟု အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ သတိပေးချက်အပေါ် အီရန်တုံ့ပြန်ပြောကြား

ဆာနား မတ် ၁၆

ယီမင်နိုင်ငံရှိ ဟူသီသူပုန်များအားထောက်ခံမှုကို အဆုံးသတ်ရမည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏သတိပေးချက်ကို အီရန်ကတုံ့ပြန်ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန်အစိုးရသည် ယီမင်ပြည်သူများအား သတ်ဖြတ်ခြင်းကို ရပ်တန့်ရမည်ဖြစ်သည့်အပြင် အီရန်နိုင်ငံခြားရေးမူဝါဒကို စီရင်ပိုင်ခွင့်မရှိကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး အာဘာ့စ်အရတ်ချိုက ယနေ့ပြောကြားသည်။

အမေရိကန်ပြည်ထောင်စု၏ ရက်စက်ကြမ်းကြုတ်သော လေကြောင်းတိုက်ခိုက်မှုကြောင့် အပြစ်မဲ့ ယီမင်အမျိုးသမီးများနှင့် ကလေးသူငယ်များအပါအဝင် လူ၁၆ပေါင်းများစွာသေဆုံးပြီး ၁၆ပေါင်းများစွာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အက်စ်မေးလ်ဘာခေးက ပြောကြားသည်။

အမေရိကန်၏ စစ်ရေးအရရန်စမှုသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ အခြေခံမူများနှင့် အင်အားအသုံးပြုမှုတားမြစ်ခြင်းနှင့် နိုင်ငံများ၏အချုပ်အခြာအာဏာကို လေးစားလိုက်နာခြင်းဆိုင်ရာ နိုင်ငံတကာဥပဒေများ၏ အခြေခံစည်းမျဉ်းများကို ပြင်းပြင်းထန်ထန်ချိုးဖောက်ခြင်းကြောင့် ၎င်းကဆက်လက်ပြောကြားသည်။

ယီမင်ရှိ ဟူသီများအပါအဝင် မည်သည့်တော်လှန်ရေးအဖွဲ့၏ အမျိုးသားရေးသို့မဟုတ် စစ်ဆင်ရေးမူဝါဒများတွင် အီရန်ကပါဝင်ခြင်းမရှိကြောင်း ၎င်းကပြောကြားသည်။ အမေရိကန်၏တိုက်ခိုက်မှုများကို ရှုတ်ချနေချိန်တွင် အီရန်သည် အမေရိကန်နှင့် တင်းမာမှုများတိုးမလာစေရန် မျှော်လင့်နေပုံရသည်။

ကိုးကား – အင်နှ်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်

ဂါဇာဒေသသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပစ္စည်းများ ပြန်လည်ဝင်ရောက်ခွင့်ပြုရေး ဆောင်ရွက်ပေးရန် နိုင်ငံတကာအား ပါလက်စတိုင်းတိုက်တွန်းပြောကြား

ဂျေရုဆလင် မတ် ၁၆

အစ္စရေးသည် ဂါဇာဒေသအား အင်တာဗျူးကြုံတွေ့စေရေးနှင့် အကူအညီပေးရေးပစ္စည်းများ ဝင်ရောက်ခွင့်ပိတ်ပင်နေခြင်းတို့ကိုဆောင်ရွက်နေကြောင်းနှင့် အစ္စရေးအား ၎င်းကဲ့သို့ ဆောင်ရွက်ခြင်းမပြုနိုင်စေရေးအတွက် နိုင်ငံတကာအသိုင်းအဝိုင်းကတားမြစ်ပေးရန် ပါလက်စတိုင်း အမျိုးသားစီးပွားရေးဝန်ကြီးဌာနက ယမန်နေ့တွင် ပန်ကြားခဲ့သည်။

ဂါဇာဒေသသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပစ္စည်းများပြန်လည်ဝင်ရောက်ခွင့်ပြုရေးအတွက် အစ္စရေးအား နိုင်ငံတကာက အရေးယူဆောင်ရွက်ပေးရန် ၎င်းဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အစ္စရေးသည် ဂါဇာဒေသို့ ဆေးပစ္စည်းများအပါအဝင် လူသားချင်းစာနာထောက်ထားသည့် အကူအညီများကို ဝင်ရောက်ခွင့်ပိတ်ပင်ထားသည်ဟု ၎င်းဝန်ကြီးဌာနက ပြောကြားသည်။

အစ္စရေးသည် ဂါဇာဒေသတွင် အင်တာဗျူးဆိုက်ရောက်စေရေးနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ဝင်ရောက်မှုမပြုနိုင်ရေးတို့ကို လက်နက်အဖြစ်အသုံးပြုနေကြောင်း ၎င်းဝန်ကြီးဌာနက ပြောကြားသည်။

နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် နိုင်ငံတကာစည်းမျဉ်းဥပဒေများအရ ဂါဇာဒေသခံများ၏ ရပိုင်ခွင့်များရရှိစေရေး ဆောင်ရွက်သင့်ကြောင်း ၎င်းဝန်ကြီးဌာနက ပြောကြားသည်။ အစ္စရေး၏ပိတ်ဆို့မှုကြောင့် ဂါဇာဒေသတွင် လူသားချင်းစာနာထောက်ထားမှုအကူအညီများဝင်ရောက်မှုနည်းပါးကာ အင်တာဗျူးဆိုက်ရောက်နေကြောင်း ဂါဇာဒေသရှိ မီဒီယာရုံးက ပြောကြားသည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် –စိုးသူရ**

ထိုင်းနိုင်ငံဗန်ကောက်မြို့၌ တည်ဆောက်ဆဲတံတားတစ်စင်း၏ ကွန်ကရစ်ရက်မပြိုကျ

ဗန်ကောက် မတ် ၁၆

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ တည်ဆောက်ဆဲ တံတားတစ်စင်း၏ ကွန်ကရစ်ရက်မပြိုကျခဲ့ရာ အနည်းဆုံး ငါးဦးသေဆုံးပြီး ၂၄ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း တာဝန်ရှိသူများက ယမန်နေ့တွင် ပြောကြားသည်။

ရာမ(၂)လမ်းအနီး တည်ရှိသည့် ၎င်းတံတား၏ ကွန်ကရစ်ရက်မပေါ်သို့ ဘိလပ်မြေလောင်းနေစဉ် နံနက် ၁ နာရီ ၄၈ မိနစ်တွင် ယခုမတော်တဆမှု ဖြစ်ပွားခြင်းဖြစ်သည်။ တံတားရက်မပေါ်သို့ ဘိလပ်မြေလောင်းရာတွင် ပမာဏများပြားသွားခြင်းကြောင့် ရက်မပြိုကျခဲ့ခြင်း ဖြစ်သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

လက်ရှိအချိန်တွင် သဘာဝဘေးဒီဇာခန့်ခွဲရေးတာဝန်ရှိသူများက အသက်ရှင်ကျန်ရစ်သူများကို ရှာဖွေနေသည်။



ယခုဖြစ်ပွားသည့် မတော်တဆမှုတွင် သေဆုံးသူများအတွက် တစ်ဦးလျှင် လျော်ကြေးငွေဘတ်တစ်သန်း ပေးအပ်ရန် တံတားတည်ဆောက်သည့် တာဝန်ရှိသူများအား ထိုင်းနိုင်ငံ အဝေးပြေးလမ်းမဆိုင်ရာ အာဏာပိုင်အဖွဲ့က ညွှန်ကြားခဲ့သည်။

ကွန်ကရစ်ရက်မပေါ်သို့ ဘိလပ်မြေလောင်းပြီးနောက် ကျယ်လောင်သည့် အသံကိုကြားခဲ့ရသည်ဟု လုပ်သားတစ်ဦးက ပြောကြားသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ

အမေရိကန်ပြည်ထောင်စု၌ လေပြင်းတိုက်ခတ်ခြင်း၊ လေဆင်နှာမောင်းနှင့် မိုးသည်းထန်စွာရွာသွန်းခြင်းအပါအဝင် အင်အားပြင်းမုန်တိုင်းများကြောင့် ၃၃ ဦး အနည်းဆုံးသေဆုံး



ဝါရှင်တန် မတ် ၁၆

လေပြင်းတိုက်ခတ်ခြင်း၊ လေဆင်နှာမောင်းနှင့် မိုးသည်းထန်စွာရွာသွန်းခြင်းများအပါအဝင် အင်အားပြင်းမုန်တိုင်းများကြောင့် အမေရိကန်ပြည်ထောင်စုအနောက်အလယ်ပိုင်းနှင့် တောင်ပိုင်းတို့၌ အနည်းဆုံး ၃၃ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

မတ် ၁၄ ရက်မှ ၁၅ ရက်အထိ အဆိုပါဒေသများရှိနေရာအနှံ့အပြားတွင်ရာသီဥတုဆိုးရွားမှုများကြောင့် အဆောက်အအုံများ ပျက်စီးပြီး ယာဉ်မတော်တဆမှုများ ဖြစ်ပွားခဲ့သည်။

မတ် ၁၄ ရက်ညနေပိုင်းမှစပြီး မတ် ၁၅ရက်အထိလေဆင်နှာမောင်းတိုက်ခတ်မှုပေါင်း ၄၀ ကျော်ရှိခဲ့ကြောင်း အမျိုးသားမိုးလေဝသဌာနက စီအင်န်အင်န်သတင်းဌာနသို့ ပြောကြားသည်။ မတ် ၁၅ ရက်ညပိုင်းအချိန်အထိ မစ်ဆူရီ၊ ကန်ဆာစ်နှင့် မစ္စစ္စပီပြည်နယ်တို့အပါအဝင် ပြည်နယ်ခြောက်ခုတွင် သေဆုံးသူ ၃၃ ဦးအထိ ရှိခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုများက တောမီးလောင်ကျွမ်းမှုကို လှုံ့ဆော်ပေးလျက်ရှိရာ အိုကလာဟိုးမားပြည်နယ် တောင်ပိုင်း၌ မြေဧရိယာစတုရန်းကီလိုမီတာ ၁၀၀ ကျော်မီးလောင်ကျွမ်းခဲ့သည်။ ပြည်သူများအား ဘေးလွတ်ရာသို့ရွှေ့ပြောင်းရန် အမိန့်ပေးခဲ့ကြောင်း သိရသည်။ ပြည်နယ်ငါးခုတွင် ဓာတ်အားပြတ်တောက်မှုများလည်း ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ကိုးကား – အင်နှ်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် တရားမဝင် ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၁၆

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မတ် ၁၄ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် ဘားအံစက်မှုဇုန်အနီး၌ ယာဉ် ၂၆ စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၅၈ မျိုး၊ လူသုံးကုန်ပစ္စည်း ၂၆ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၃၅၈၉၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck လေးစီး၊ Nissan Condor Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး၊ Chenglong Tractor Head ခုနစ်စီး၊ Dong Feng Tractor Head သုံးစီး၊ Nissan Diesel Tractor Head နှစ်စီး၊ Nissan UD Tractor Head တစ်စီး၊ Hino Profia Tractor Head တစ်စီး၊ Daewoo Tractor Head တစ်စီး၊ Scania Tractor Head သုံးစီး၊ Man Tractor Head တစ်စီး၊ Hyundai Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် ၂၀ တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၆၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၆၃၅၈၉၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

မတ် ၁၅ ရက်နှင့် ၁၅ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၅၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၈၂၅၄၉၆၀၀)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ ငွေကျပ် ၃ ဒသမ ၇ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၅ သိန်းကျော် သိမ်းဆည်းရမိ

နေပြည်တော် မတ် ၁၆

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်တွင် ငွေကျပ် ၃ ဒသမ ၇ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၅သိန်းကျော်သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မတ် ၁၀ ရက် နံနက် ၅ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရွာကျေးရွာအနီး၌ မန္တလေးမှ ဘားအံသို့ ဝေဖြိုးမောင်(ခ) ကိုဖြိုး မောင်းနှင်ပြီး မမာလာကျော်လိုက်ပါလာသည့် DONG FENG



ဖြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

၂၂ ဘီးတွဲယာဉ်အား သတင်းအရ ရှာဖွေရာ ယာဉ်၏ရေတိုင်ကီအံဝှက်အတွင်း သိုဝှက်သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုးငွေကျပ် ၃ ဒသမ ၇ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၅ ဒသမ ၃ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရန်ကြားရှောင်(ခ) ကုလားမှ ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မှ ကရင်ပြည်နယ် ဘားအံသို့ သယ်ဆောင်ခိုင်းခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၁၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အဓိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မတ် ၁၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Soe Maung Maung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် တောဇာချောင်ကျေးရွာနေ စိုးမောင်မောင်(ခ)ဖိုးစိုးအား မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် လည်းကောင်း၊ “သူရိယစိုး” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပြင်ဦးလွင်မြို့နယ် ရေချမ်းအိုးကျေးရွာနေ နေစိုးအား မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၇-၃-၂၀၂၅ တနင်္လာနေ့

MRTV HD

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(ရုပ်သံသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၀ 'အိပ်မက်လမ်းကိုဖြတ်သန်း.....ရဝေးအာမံ'
၀၉:၁၀ ရိက္ခာပြည့်ပြီးစင်ငွေတိုးဖွဲ့လုံကြွယိုဝသားငါးကဏ္ဍမှသည်(ကဏ္ဍန်းပျော်မွေးမြူရေးဒန်ဆီ)
၁၀:၃၅ 'စစ်ကိုင်းမြို့ရက်ဆောင်ကြိပ်လက်မှုပညာ'
၁၁:၂၅ ဘဝနှင့်အနုပညာ 'အလှထက်အဓာတ်ပညာကို ဦးစားပေးတဲ့ရုပ်ရှင်ဂုဏ်ပေးလေး'
'အကယ်အိဝင်သန်းနု'(အပိုင်း-၄)
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ(ဝိလစ်ပိုင်)
'ဆုတောင်းပြည့်ကြယ်တာရာစကလာ'(အပိုင်း-၆၆)
၁၃:၂၀ ရှာဖွေလှယ်ဇာအိုင်နည်းပညာ(အပိုင်း-၂)
၁၃:၃၀ MRTV National News
၁၅:၀၅ ကျန်းမာရေးမဂ္ဂဇင်း
(ကျန်းမာရေးအတွက်ဂိုင်နင်းဆေးပညာအစီအစဉ်)
၁၅:၁၅ မျိုးဂုဏ်တင့်စေဆိုကရေးတီးအမွေ

mitv

07:01 Evergreen Classic: Myitta (Kyawt Kay Khaing)
07:08 Three Beautiful Islands
07:28 Wushu Kids & Their Limit (Ep-1)
07:40 Union Day Exhibition & Traditional Dance Competition(Aung Bar Say)
07:48 Broom Making Business
08:01 News
08:26 Asia Updates;Power of Fallen Trees
08:33 A Traditional Food in Bagan: Pone Ye Gyi
08:46 Ecotourism: Shwebo & Hanlin (Ancient Pyu City)
09:01 Mahavihara: From Forest Monastery to Dhamma-Vinnya University

MRTV NRC

ကချင် (၀၆:၀၀ မှ ၀၈:၀၀)
အိပ်မက်လမ်းသို့ခရီးရှည်(အဒါတော်ကျေးရွာမှလောချီးကျေးရွာသို့)(အပိုင်း-၁)
ကယား (၀၈:၀၀ မှ ၁၀:၀၀)
ကယားအမျိုးသားတို့၏အဲ့ဒိုဝေါ်ပီအကအာကြောင်း
ဝေကကရင် (၁၀:၀၀ မှ ၁၁:၀၀)
သံတောင်ကြီးနေ့ဘူဘောဆုတောင်းတောင်(ဖွယ်ဟိုရိုနော်ဘူဘောဆုတောင်းတောင်)
အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)
ကရင်ပြည်ရွာကလေးရဲ့ခေါင်ရည်ချို
အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)
လိုင်ထောင်ဇလာမစ်ရေတံခွန်သို့
ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)
တောင်လေလံရဲ့ရိုးရာအလှ(အပိုင်း-၂)

MRTV NEWS

၀၆:၀၀ အဖွင့်၊တေးသီချင်း
၀၆:၀၅ လူပ်ရှုပ်ရှားအားကစား
၀၆:၃၀ အားကစားသတင်း
၀၈:၁၀ နိုင်ငံတကာသတင်း(LIVE)
၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
၁၁:၃၅ Sports Diary
၁၂:၁၀ နိုင်ငံတကာသတင်း(LIVE)
၁၃:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
၂၀:၀၀ ပြည်တွင်းသတင်း(LIVE)

MRTV FARMERS HD

၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း
၀၆:၁၀ စနစ်တကျဖန်ဖိုးတီထွင်မြန်မာ့အထူးတန်းကော်ဇီလုပ်ငန်းဖွင့်
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၀:၃၅ Modern Agriculture Machines That Are At Another Level 3
၁၃:၁၅ Starting a year Pig Farm Business
၂၀:၃၀ ပင်ကြွပါနဲ့ဆာကူရာ(ဇာတ်လမ်း)
၂၂:၀၀ Departures (နိုင်ငံခြားဇာတ်လမ်း)

MRTV PARLIAMENT

၀၃:၀၀ အဖွင့်၊အလံ
၀၃:၁၅ ပြည်သူစစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'အင်္ဂလန်နိုင်ငံ'
၀၃:၃၀ ဥပဒေရေးရာအခြားခြားဇာတ်လမ်းတို့ 'ထုသက်ပန်းပေါင်းတိုရုန်ရည်စွမ်းမှသာ'
၁၀:၀၀ ပြည်သူစစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'ဆွစ်ဇာလန်နိုင်ငံ'
၁၁:၀၀ နိုင်ငံတကာဂွေးကောက်ပွဲများအကြောင်း 'အာဇရိကနိုင်ငံ'(အပိုင်း-၁)
၁၁:၃၀ ဂရူယိုရိုမြည်ပန်းတိုင်ဆီ (အပိုင်း-၀၇)

MRTV SPORTS HD

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၅ Sports Diary
၁၅:၄၀ Weekly Sports Info
၁၅:၀၀ အားကစားသတင်း
၂၂:၀၀ Basketball Grandslan Junior League Ep(13,14)

Scan Here
MRTV MRTV MRTV Radio MRTV Radio
Education Channel ကို ထုနှင့် ၂၄၈ (၉၀၀)အဆိုမှ တင်ကြေးသွင်း (၄)ကြိမ် (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၆၃ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် မတ် ၁၆

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင်ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများအား တားဆီးကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ထိထိရောက်ရောက် ပြတ်ပြတ်သားသား နှိမ်နင်းဆောင်ရွက်လျက်ရှိသည်။

လိုအပ်သည်များ မှာကြား

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့- မယ်ထော်သလေးနှင့် KK Park နယ်မြေတို့၌ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၁၆၃ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေး ရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။



ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ရေး လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် စာရင်းကောက်ယူခြင်းများ ဆောင်ရွက်စဉ်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၁၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ဦးရေ ၆၅၉၉ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၃၅၈၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၀၁၁ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

အဆိုပါ ထိန်းသိမ်းခဲ့သည့် ပြည်ပနိုင်ငံသား ၆၅၉၉ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန်ဒါ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ဂျပန်၊ ရုဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယား၊ ဂါနာ၊ဘင်္ဂလားဒေ့ရှ် နှင့် တရုတ်(တိုင်ပေ)တို့မှ နိုင်ငံသားများဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများဖြစ်ကြကြောင်း သိရသည်။

သတင်းစဉ်

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိသာ ၆၈၇၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် မတ် ၁၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ အနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှား နိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ မတ် ၁၇ ရက်မှ ၂၃ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိသာလျှင် ၆၈၇၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ သတင်းစဉ်



ပေါင်မြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာ ၁၅၂၃ ဧက စိုက်ပျိုးပြီးစီး

ပေါင် မတ် ၁၆

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာ ၁၅၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပေါင်မြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာတွင် နေကြာဧက ၁၅၂၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ဒီဇင်ဘာလတွင် စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် နေကြာ ၁၅၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

ပေါင်မြို့နယ်တွင် ဆောင်းသီးနှံနေကြာလျာထားချက် ကျော်လွန်အောင်မြင်ဖြစ်ထွန်းစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူနည်းပညာပေးရေးလုပ်ငန်များ ဆောင်ရွက်ပေးခြင်း၊ တောင်သူအချို့အနေဖြင့်လည်း မနှစ်ကစိုက်ပျိုးခဲ့သည့်အတွေ့အကြုံနှင့် လိုအပ်သည်များကို စိုက်ပျိုးရေးဦးစီးဌာနမှ ပေါင်းစပ်ပြီး စိုက်ပျိုးထားကြောင်း သိရသည်။

ပေါင်မြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးသည့် နေကြာများ တစ်ဧကချင်းစီအလိုက် အထွက်နှုန်းကောင်းစေရန်၊ အရည်အသွေးကောင်းနေကြာများထွက်ရှိစေရန်၊ မြေယာပြုပြင်ခြင်းလုပ်ငန်းများ၊ မြေဩဇာအသုံးပြုနည်းများ၊ ပိုးသတ်ဆေးအသုံးပြုနည်းများ၊ ရေအသုံးချမှုဆိုင်ရာများ၊ နေကြာမျိုးကောင်းမျိုးသန့် ရွေးချယ်နည်းများနှင့် စိုက်ပျိုးနည်းစနစ်များ မှန်ကန်စေရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ မွန်မလေး(ပြန်/ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၃-၂၀၂၅ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြန်ကြီးနား	စစ်တွေ	တားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	ဂျွန်ကော်	ဟားခါး
92 Ron	၃၀၈၀	၃၁၉၅	၃၁၆၀	၃၀၉၅	၃၂၀၀	၃၂၁၅	၃၂၃၅	၃၁၅၀	၄၅၀၅	၃၄၄၅	၃၁၇၀	၃၁၇၀	၃၂၄၀	၃၂၀၅	၃၂၂၅	၃၄၈၅
95 Ron	၃၁၃၅	၃၂၅၀	၃၂၁၅	၃၁၅၀	၃၂၅၅	၃၂၅၀	၃၂၈၅	၃၂၀၅	၄၅၆၀	၃၅၀၀	၃၂၂၀	၃၂၂၅	၃၂၉၅	၃၂၆၀	၃၂၀၀	၃၅၃၅
HSD (500 ppm)	၂၆၅၅	၂၇၅၀	၂၇၃၅	၂၆၇၀	၂၇၀၅	၂၇၉၀	၂၈၁၀	၂၇၂၅	-	၃၀၂၀	၂၇၄၅	၂၇၄၅	၂၈၀၅	၂၇၈၀	၂၈၀၅	၃၀၆၀
HSD (50 ppm)	၃၂၈၅	၃၄၀၀	၃၃၆၅	၃၃၀၀	၃၄၀၅	၃၄၂၀	၃၄၄၀	၃၃၅၅	၄၈၃၀	၃၆၅၀	၃၃၀၅	၃၃၀၅	၃၄၄၅	၃၄၁၀	၃၄၃၅	၃၆၉၀
HSD (10 ppm)	၃၂၈၅	၃၄၀၀	၃၃၆၅	၃၃၀၀	၃၄၀၅	၃၄၂၀	၃၄၄၀	၃၃၅၅	-	၃၆၅၀	၃၃၀၅	၃၃၀၅	၃၄၄၅	၃၄၁၀	၃၄၃၅	၃၆၉၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၉၀၃	၃၀၀၁
95 Ron	၂၉၆၁	၃၀၅၃
HSD (500 ppm)	၂၄၉၇	၂၅၇၇
HSD (50 ppm)	၃၁၀၀	၃၂၀၀
HSD (10 ppm)	၃၁၀၀	၃၂၀၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၂၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ပြည့်ဝဆီများကို
တတ်နိုင်သမျှ လျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို
လုံးဝရှောင်ကြဉ်ကြပါစို့

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကလေးမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

မုံရွာ မတ် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် ကလေးမြို့ဘိုးဘွားရိပ်သာသို့ ရောက်ရှိရာ ရုံးခန်းမတွင် ဘိုးဘွားရိပ်သာ ဦးဆောင် ကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံရာ ကော်မတီအဖွဲ့ဝင်များက ရိပ်သာရှိ အဘိုး၊ အဘွားများအား ပြုစုစောင့်ရှောက်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရိပ်သာရှိ အဘိုးအဘွားများအား သက်ရှည်ကျန်းမာစွာဖြင့် စားသောက်နေထိုင် သွားလာနိုင်စေရေး အတွက် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးပြီး တာဝန်ရှိသူများနှင့်အတူ အဘိုးအဘွားများအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကလေးမြို့ ဇရိပ်မွန် အမျိုးသမီး မိဘမဲ့ဂေဟာသို့ရောက်ရှိရာ ကလေးငယ်များနှင့် တွေ့ဆုံ၍ နှုတ်ဆက်စကားများ ပြောကြားပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့်အတူ ကျောင်းအုပ်ဆရာမကြီးထံ ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာများ၊ ဂုဏ်ပြုချီးမြှင့်ငွေများ နှင့် ဆန်များပေးအပ်သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကလေးမြို့ ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိရာ ဆေးရုံအုပ်ကြီး၊ ဆရာဝန်၊ သူနာပြုများနှင့် ဆေးရုံဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံရာ ဆေးရုံအုပ်ကြီးထံ ဆေးရုံဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး တာဝန်ရှိသူများနှင့်အတူ ဆေးကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများအား အာဟာရဖြည့်စွက်စာ



များ ပေးအပ်ခဲ့ကြပြီး ကုသရေးလုပ်ငန်းများ များနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း နှင့်ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူ သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ပုသိမ်မြို့နယ်အတွင်းရှိ ရွှေသောင်ယံ၊ ချောင်းသာနှင့် ငွေဆောင်မြို့များရှိ စာစစ်ဌာနများအား ကြည့်ရှုစစ်ဆေး

ပုသိမ် မတ် ၁၆

ဧရာဝတီတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့နယ်အတွင်းရှိ ရွှေသောင်ယံ၊ ချောင်းသာနှင့် ငွေဆောင်မြို့များရှိ စာစစ်ဌာနများတွင် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ လုံခြုံအေးချမ်းစွာ ဖြေဆိုနိုင်ရေးနှင့် စာစစ်ဌာနများကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် အခြေခံပညာအထက်တန်းကျောင်း (ရွှေသောင်ယံ)စာစစ်ဌာနသို့သွားရောက်၍ ဆရာ ဆရာမများနှင့်တွေ့ဆုံကာ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ လုံခြုံအေးချမ်းစွာ ဖြေဆိုနိုင်ရေး၊ စာစစ်ဌာနများနှင့် ကျောင်းသား ကျောင်းသူများ၏ လုံခြုံရေး၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်၊ ရဲတပ်ဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့များနှင့် ဒေသခံများ ပူးပေါင်းဆောင်ရွက်ထားရှိမှုနှင့် စာမေးပွဲဖြေဆိုမည့် အခန်းများအား ကြည့်ရှုစစ်ဆေးခဲ့သည်။ ရွှေသောင်ယံ အခြေခံပညာ အထက်တန်းကျောင်း စာစစ်ဌာနတွင် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုမည့် စာရင်းရှိ ကျောင်းသား ၂၉ ဦး၊ ကျောင်းသူ ၄၆ ဦး စုစုပေါင်း ၇၅ ဦး ဝင်ရောက်



ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆရာ ဆရာမများ ကျောင်းသား ကျောင်းသူ များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။ အခြေခံပညာအထက်တန်းကျောင်း (ချောင်းသာ) စာစစ်ဌာနတွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် စာရင်းရှိကျောင်းသား ၄၃ ဦး၊ ကျောင်းသူ ၇၇ ဦး စုစုပေါင်း ၁၂၀ ဝင်ရောက်ဖြေဆိုမည် ဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အခြေခံပညာ အထက်တန်းကျောင်း (ငွေဆောင်)စာစစ်ဌာနသို့ သွားရောက်၍စာမေးပွဲဖြေဆိုမည့်အခန်းများကို ကြည့်ရှုစစ်ဆေးသည်။

အခြေခံပညာ အထက်တန်းကျောင်း (ငွေဆောင်)စာစစ်ဌာနတွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် စာရင်းရှိကျောင်းသား ၄၃ ဦး၊ ကျောင်းသူ ၅၆ ဦး စုစုပေါင်း ၁၀၁ ဦး ဝင်ရောက်ဖြေဆိုမည်ဖြစ်သည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

တောင်ကြီးမြို့ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူခြင်းနှင့် ရွှေထီးတော်တင်လှူခြင်း လုပ်ငန်းညှိနှိုင်းစည်းဝေး

တောင်ကြီး မတ် ၁၆

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ ကျက်သရေဆောင် ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး အား ရွှေသင်္ကန်းအသစ်ပြန်လည် ကပ်လှူခြင်းနှင့် ရွှေထီးတော် အသစ် ပြန်လည်တင်လှူခြင်း အတွက် လုပ်ငန်းညှိနှိုင်းအစည်း အဝေးကို ယနေ့မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေး ခန်းမ၌ ကျင်းပသည်။



လုပ်ငန်းညှိနှိုင်း အစည်း အဝေးတွင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ရွှေသင်္ကန်းအသစ် ကပ်လှူခြင်း၊ ရွှေထီးတော်အသစ် တင်လှူပူဇော်ခြင်း အတွက် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပရေး ဦးစီးကော်မတီနာယက ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်က မတ် ၂၃ ရက်တွင် ရွှေသင်္ကန်း ကပ်လှူရေး လုပ်ငန်းများ ဆောင်ရွက်မည် ဖြစ်ကြောင်းနှင့် ထီးတော်တင်လှူ ပူဇော်ပွဲကို ဗြဲလ လဆန်းပိုင်းတွင် ကျင်းပ ရန် လျာထားဆောင်ရွက်လျက် ရှိကြောင်း၊ လုပ်ငန်းများ အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် သက်ဆိုင်ရာကော်မတီ များ ဖွဲ့စည်းထားပြီးဖြစ်၍ အားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် ပြောကြား သည်။

ဆွေးနွေးတင်ပြ

ယင်းနောက် လုပ်ငန်းကော်မတီများအလိုက် ဆွေးနွေးရာ ရွှေသင်္ကန်းကပ်လှူခြင်း၊ ရွှေထီးတော်အသစ် ပြန်လည်တင်လှူခြင်းနှင့် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနား အောင်မြင်စွာ ကျင်းပရေး လုပ်ငန်းကော်မတီ၊ အခမ်းအနား ပြင်ဆင်ရေးလုပ်ငန်း ကော်မတီ၊ ဖိတ်ကြားရေး၊ ကြိုဆို နေရာချထားရေး လုပ်ငန်း ကော်မတီ၊ သံဃာတော်များ ပင့်ဖိတ်ရေး၊ ကြိုဆိုနေရာချထား ရေးနှင့် ဆွမ်းဆက်ကပ်ရေး လုပ်ငန်းကော်မတီ၊ ထီးတော် ပင့်ဆောင်တင်လှူရေး လုပ်ငန်း ကော်မတီ၊ ဒေဝါဝင်း၊ ရာဇာဝင်း ခင်းကျင်းရေးလုပ်ငန်း ကော်မတီ၊ ဧည့်သည်တော်များ ဧည့်ခံ ကျွေးမွေးရေးလုပ်ငန်း ကော်မတီ၊ မှတ်တမ်းတင်ရေးနှင့် သတင်း ထုတ်ပြန်ရေးလုပ်ငန်း ကော်မတီ၊ ဘဏ္ဍာငွေကြီးကြပ်ရေး လုပ်ငန်း ကော်မတီ၊ ကျန်းမာရေးလုပ်ငန်း ကော်မတီ၊ ရွှေသင်္ကန်းကပ်လှူ ခြင်းအား မှတ်တမ်းတင်၊ ထိန်းသိမ်းရေးနှင့် ပြန်လည်ပူဇော် ရေးလုပ်ငန်းကော်မတီ၊ လုံခြုံရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး များက ဆွေးနွေးတင်ပြကြ သည်။

ပြည်နယ်(ပြန်/ဆက်)

ရန်ကင်းမြို့နယ်၌ စာဖတ်ရှုနိုင်မြှင့်တင်ရေး ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲနှင့် ဟောပြောပွဲကျင်းပ

ရန်ကုန် မတ် ၁၆

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်တွင် နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း စာဖတ်ရှုနိုင်မြှင့်တင်ရေး ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲနှင့် ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှလှထွေးက ဟောပြောပွဲ၊ ပြိုင်ပွဲများကျင်းပရခြင်း၏ ရည်ရွယ်ချက်များကိုပြောကြားပြီး ပြိုင်ပွဲဒိုင်ချုပ် Book Club အဖွဲ့ဝင်စာရေးဆရာ မောင်မြတ်နိုးက ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲကိုကျင်းပရာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း သင်တန်းတက်ရောက်ခဲ့သော ကဗျာရွတ်ဆိုပြိုင်ပွဲဝင်ငါးဦးနှင့် ပုံပြင်ပြောပြိုင်ပွဲဝင်ငါးဦး စုစုပေါင်း ၁၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုရရှိသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် Book Club အဖွဲ့ဝင်တို့က ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ရဲလေး(ပြန်/ဆက်)

ကချင်ပြည်နယ်ဝန်ကြီးချုပ် မဟာအောင်ဘုန်းပွင့်ဗျာဒိတ်တော်ပေးရပ်တော်မူရုပ်ပွားတော်မြတ်ကြီးနှင့် မှန်ပြတောင်စေတီတော်တည်ဆောက်မှု ကြည့်ရှုစစ်ဆေး

မြစ်ကြီးနား မတ် ၁၆

ကချင်ပြည်နယ်အစိုးရအဖွဲ့၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များ စုပေါင်း၍ ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအုပ်စုအတွင်းရှိ အမြင့်ပေ ၁၄၀၀ ကျော်ရှိသည့် မှန်ပြတောင်ပေါ်တွင် တည်ထားကိုးကွယ်တော်မူသည့် မဟာအောင်ဘုန်းပွင့် ဗျာဒိတ်တော်ပေး ရပ်တော်မူရုပ်ပွားတော်မြတ်ကြီးနှင့် တောင်ထိပ်ရှိ ကာစမဏိသဘာမှန်ပြတောင်စေတီတော် တည်ဆောက်လျက်ရှိသည့် အခြေအနေများကို ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ယနေ့ မွန်းလွဲ ၁ နာရီက သွားရောက်ကွင်းဆင်းစစ်ဆေးကြည်ညိုခဲ့ကြသည်။



ထိုသို့ သွားရောက်ကွင်းဆင်းစစ်ဆေးရာတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့်အတူ မှန်ပြတောင်တော်ပေါ်၌ တည်ထားကိုးကွယ်တော်မူသည့် မဟာအောင်ဘုန်းပွင့် ဗျာဒိတ်တော်ပေးရပ်တော်မူ တည်ထားတော်မူသည့် အခြေအနေများကို လှည့်လည်ကြည်ညိုခဲ့ကြသည်။ ဆက်လက်၍ ရုပ်ပွားတော် တည်ထားတော်မူသည့် နေရာမှတစ်ဆင့် ဧရာဝတီမြစ်၊ မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်တို့၏ ရှုခင်းများကို ကြည့်ရှုလေ့လာခဲ့ကြပြီး ရုပ်ပွားတော် တည်ထားပြီးစီးပါက အနေကဓောတင်လှူပူဇော်ပွဲ ကျင်းပနိုင်ရေးနှင့် တောင်ထွတ်၌ တည်ထားတော်မူလျက်ရှိသည့် ကာစမဏိသဘာ မှန်ပြတောင်စေတီတော် တည်ထားပြီးစီးပါက တစ်ပြိုင်တည်း ထီးတော်တင်လှူပွဲ ကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် တောင်ထွတ်ရှိမူလ ကိုးတောင်စေတီတော်အား ပြုပြင်မွမ်းမံ၍ တည်ထားလျက်ရှိသော ကာစမဏိသဘာ မှန်ပြတောင်စေတီတော်အား သွားရောက်ကြည်ညိုခဲ့ကြပြီး စေတီတော်တည်ဆောက်လျက်ရှိသည့် အခြေအနေများနှင့် လိုအပ်သည့် စေတီတော်ရင်ပြင် တည်ဆောက်နိုင်ရေး၊ ရုပ်ပွားတော်မြတ်ကြီးများ တည်ထားကိုးကွယ်တော်မူနိုင်ရေး၊ စေတီတော်အပြီးသတ်တည်ထားကိုးကွယ်နိုင်ရေးတို့အတွက် ဦးဆောင်ဆရာတော်၊ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြကာ လိုအပ်သည်များ ထည့်ဝင်လှူဒါန်းနိုင်ရေး ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

မိတ္ထီလာမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် မတ် ၁၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက် ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။



ညှိနှိုင်းဆောင်ရွက်

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



(၁၂) ကြိမ်မြောက် အာစရိယပူဇော်ပွဲ (ကပစ-၆) အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲမှ ၁၂ နာရီအထိ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် နဝဒေးမြတ်စွယ်တော် ယောမမွာရုံ၌ ကျင်းပရာ ဆရာ ဆရာမ ၁၃ ဦးအား ကျောင်းသား ကျောင်းသူဟောင်း ၄၂ ဦးတို့က ပူဇော်ကန်တော့ကြစဉ်။

အေးသန်း(စိန်တုံးကြီး)

ဖျူးမြို့နယ်၌ အခြေခံပန်းချီသင်တန်းဖွင့်လှစ်

ဖျူး မတ် ၁၆

ဖျူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပန်းချီဝါသနာအိုးများအဖွဲ့တို့ ပူးပေါင်း၍ အခြေခံပန်းချီသင်တန်းကို ဖွင့်လှစ်သင်ကြားပေးပြီး သင်ကြားတတ်မြောက်မှု ဆန်းစစ်သည့်အနေဖြင့် ပြိုင်ပွဲနှင့်ထူးချွန်ဆုများ ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိမာဟိန်းက အဖွင့်အမှာစကားပြောကြားပြီး ဖြူးမြို့နယ် ပန်းချီဝါသနာအိုးများအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ငြိမ်းက သင်တန်းသုံးသပ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အငယ်တန်းနှင့် အကြီးတန်းအဆင့်ခွဲ၍ ပန်းချီရေးဆွဲယှဉ်ပြိုင်ကြပြီး သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။ ထို့နောက် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ ပန်းချီဝါသနာအိုးများအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ငြိမ်းနှင့် အဖွဲ့ဝင်များက ပထမဆု၊ ဒုတိယဆု၊ တတိယဆု ရရှိကြသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)



မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၌ မျက်နှာသစ်တော်ရေဆက်ကပ်ရန် သနပ်ခါးသွေးလှူဒါန်းသူများပြား

မန္တလေး မတ် ၁၆

မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ရေတော်ဆရာတော်မှ သနပ်ခါးနုံသာရည်ဖြင့် မျက်နှာသစ်တော်ရေကို နေ့စဉ်နံနက် ၄ နာရီတွင် ဆက်ကပ်လှူဒါန်းရာ အဆိုပါ နုံသာရည်အတွက် လုပ်အားဒါနပြု၍ သနပ်ခါးသွေးလှူဒါန်းသူများ များပြားလျက်ရှိကြောင်း သိရသည်။



အဆိုပါ မျက်နှာသစ်တော်ရေဆက်ကပ်ရန် နုံသာရည်သနပ်ခါးသွေးလှူဒါန်းရန်အတွက် ဘုရားပရိဝုဏ်မြောက်ဘက်ရှိ နုံသာဆောင်တွင် သနပ်ခါး၊ နုံသာဖြူနှင့် ကရမက်များ အဆင်သင့်ထားရှိပေးထားသည်။

“နံနက် ၇ နာရီကနေ ညနေ ၃ နာရီအထိ နုံသာသွေးဆောင်ကို ဖွင့်လှစ်ထားပါတယ်။သွေးတော့မယ်ဆိုရင် လက်တွေ့ကို ဆပ်ပြာနဲ့ စင်ကြယ်အောင် ဆေးရမယ်။ ကိုယ်သွေးချင်တဲ့ သနပ်ခါးကို ရွေးပြီး သွေးလို့ရတယ်။ နုံသာဖြူ၊ ကရမက်က တစ်ခြင်း၊ သနပ်ခါးက တစ်ခြင်းခွဲထားပေးတယ်။ စနေ၊ တနင်္ဂနွေ၊ ဥပုသ်နေ့တွေမှာ သနပ်ခါးသွေးသူများလွန်းလို့ တန်းစီပြီးတောင် စောင့်ကြရတယ်။ တစ်ရက်ကို တစ်ရာကျော်၊ နှစ်ရာဝန်းကျင်ရှိတယ်။ သနပ်ခါးနုံသာရည် သွေးကြသူတွေက အဝေးကလာတဲ့သူတွေ ရှိသလို လွန်ခဲ့တဲ့ ငါးနှစ်ကျော် လောက်က တည်းက မျက်မကွက် သွေးတဲ့သူတွေလည်းရှိတယ်။ သနပ်ခါးသွေးကြတဲ့သူတွေက သူ့ရက်နဲ့သူရှိသလို အမြဲတမ်းလိုလို ပြည့်လျှံလုံလောက်ပါတယ်”ဟု ဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောသည်။

သနပ်ခါးကိုမြန်မာတို့က အထွတ်အမြတ်ထားရှိပြီး ဗုဒ္ဓရုပ်ပွားတော်အား မျက်နှာသစ်တော်ရေအဖြစ် ဆက်ကပ် လှူဒါန်းလေ့ရှိသည့် အပြင် မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့တစ်ခုအဖြစ် တန်ဖိုးထားသုံးစွဲမှုများကြောင့် မြန်မာ့သနပ်ခါးကို ကမ္ဘာကသိစေရန် ဆောင်ရွက်သင့်ကြောင်း သိရသည်။

မင်းထက်အောင် (မန်းကိုယ်ပွား)

ဘေးကင်းလုံခြုံသည့် အလုပ်ခွင်ရရှိခြင်းဖြင့် လူကုန်ကူးမှုကို တားဆီးကာကွယ်

ပြည်ပနိုင်ငံများ၌ အကြောင်းအမျိုးမျိုးကြောင့် ဖမ်းဆီးခံရသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်များတွင် ဥပဒေနှင့်အညီ စနစ်တကျ ပြန်လည် ခေါ်ယူပေးနေသည့်သတင်းများကို မကြာခဏမြင်တွေ့ရသည်။

ထိုသို့သော ဖြစ်စဉ်မျိုးသည် မိမိတို့ တစ်နိုင်ငံတည်းတွင် ဖြစ်ပွားနေခြင်းတော့မဟုတ်။ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်သည့် နိုင်ငံအများစုတွင် မကြာခဏမြင်ရတတ်သည့် သတင်းမျိုးဖြစ်သည်။ ထိုကဲ့သို့ ပြည်ပတွင် အဖမ်းအဆီး၊ အထိန်းအသိမ်းခံရတတ်ကြသည့် ကိစ္စရပ်များအနက် အများစုမှာ အလုပ်ရမည်၊ ဝင်ငွေကောင်းမည်ဟူသော ဆွဲဆောင်မှုများဖြင့် နိုင်ငံရပ်ခြားသို့ ရောက်ရှိသွားကြသူ အများဆုံးဖြစ်သည်။ ထိုသူတို့သည် အလိမ်အညာပွဲစားများမှတစ်ဆင့် အဆင့်ဆင့် လူကုန်ကူးခြင်းခံရပြီး နောက်ဆုံးတွင် ဥပဒေအရ ထိန်းသိမ်းခံကြရခြင်းဖြစ်သည်။ ယခုနောက်ပိုင်း တိုးတက်ထွန်းကားလာသည့် နည်းပညာများနှင့် အတူ အွန်လိုင်းမှအစပြုသည့် လူကုန်ကူးမှုဖြစ်စဉ်များမှာ နိုင်ငံအတော်များများတွင် ကြုံတွေ့နေရသည်။

> **“မိမိတို့နိုင်ငံ၏ လူကုန်ကူးမှုပြဿနာများကို လေ့လာကြည့်မည်ဆိုပါက အိမ်နီးချင်းနိုင်ငံများ၊ အရှေ့အလယ်ပိုင်းဒေသ နိုင်ငံအချို့၏ ဈေးကွက်လိုအပ်ချက်များနှင့် ချိတ်ဆက်နေသည်ကို မြင်တွေ့ရပြီး ကိန်းဂဏန်းများအရ ပြည်တွင်းလူကုန်ကူးမှု ၅၆ ရာခိုင်နှုန်း၊ ပြည်ပလူကုန်ကူးမှု ၄၄ ရာခိုင်နှုန်းဖြစ်ပွားနေကြောင်း ၂၀၂၄ ခုနှစ် ထုတ်ပြန်ချက်များအရ သိရှိရပြီး ပြည်တွင်းလူကုန်ကူးမှုတွင် အဓမ္မပြည့်တန်ဆာပြုမှု၊ အဓမ္မစေခိုင်းမှုများက အဓိကဖြစ်ပွား၍ ပြည်ပလူကုန်ကူးမှုများတွင် အဓမ္မလက်ထပ်ထိမ်းမြားမှု၊ အဓမ္မပြည့်တန်ဆာပြုမှုနှင့် အဓမ္မတောင်းရမ်းစေခိုင်းမှုများက အများဆုံးဖြစ်”**

လူကုန်ကူးခံရသူအများစုသည် အသိပညာဗဟုသုတအားနည်းခြင်း၊ စားဝတ်နေရေးခက်ခဲခြင်းနှင့် လုံခြုံသည့်အသိုက်အဝန်းမဟုတ်ခြင်း စသည့် အခြေအနေများကြောင့် သိလျက်နှင့်ဖြစ်စေ၊ မိမိဆန္ဒမပါဘဲ မသိ၍ဖြစ်စေ သားကောင်ဘဝသို့ ရောက်ရှိခဲ့ရခြင်း ဖြစ်သည်။

လူကုန်ကူးမှုသည် ၂၀ ရာစု နှောင်းပိုင်းတွင် ခေတ်သစ်ကျွန်ပြုမှုအသွင်ဖြင့် ပေါ်ပေါက်လာခဲ့ပြီး နိုင်ငံတကာကျွမ်းကျင်သူများ၏ တွက်ချက်မှုအရ တရားမဝင် မူးယစ်ဆေးဝါးရောင်းဝယ်မှုနောက်တွင် ဒုတိယအမြတ်အစွန်းအများဆုံးရရှိသည့် ဒုစရိုက်လုပ်ငန်းတစ်ခုပင်ဖြစ်သည်။ လူကုန်ကူးခြင်းဖြင့် လူ့အခွင့်အရေး၊ လူသားဂုဏ်သိက္ခာနှင့် လူ့အဖွဲ့အစည်းတစ်ခုလုံးကို ထိခိုက်စေခြင်းသာမက အသက်အိုးအိမ်စည်းစိမ်နှင့် မျိုးဆက်သစ်များ၏ အနာဂတ်ကိုပါ ထိခိုက်စေနိုင်သည်။

မိမိတို့နိုင်ငံ၏ လူကုန်ကူးမှုပြဿနာများကို လေ့လာကြည့်မည်ဆိုပါက အိမ်နီးချင်းနိုင်ငံများ၊ အရှေ့အလယ်ပိုင်းဒေသနိုင်ငံအချို့၏ ဈေးကွက်လိုအပ်ချက်များနှင့် ချိတ်ဆက်နေသည်ကို မြင်တွေ့ရပြီး ကိန်းဂဏန်းများအရ ပြည်တွင်းလူကုန်ကူးမှု ၅၆ ရာခိုင်နှုန်း၊ ပြည်ပလူကုန်ကူးမှု ၄၄ ရာခိုင်နှုန်း ဖြစ်ပွားနေကြောင်း ၂၀၂၄ ခုနှစ် ထုတ်ပြန်ချက်များအရ သိရှိရပြီး ပြည်တွင်းလူကုန်ကူးမှုတွင် အဓမ္မပြည့်တန်ဆာပြုမှု၊ အဓမ္မစေခိုင်းမှုများက အဓိကဖြစ်ပွား၍ ပြည်ပလူကုန်ကူးမှုများတွင် အဓမ္မလက်ထပ်ထိမ်းမြားမှု၊ အဓမ္မပြည့်တန်ဆာပြုမှုနှင့် အဓမ္မတောင်းရမ်းစေခိုင်းမှုများက အများဆုံးဖြစ်သည်။

အမျိုးသားရေးတာဝန်အဖြစ်ဆောင်ရွက်နေ

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်မှစ၍ လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ တည်ဆဲဥပဒေများအရ တားဆီးနှိမ်နင်းရေးများ ဆောင်ရွက်ခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေ ပြဋ္ဌာန်းခဲ့သည့် စက်တင်ဘာလ ၁၃ ရက်နေ့ကို မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်၍ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပလာခဲ့သည်။

ထို့အတူ နိုင်ငံဖြတ်ကျော် အုပ်စုဖွဲ့မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲစာချုပ်၊ အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် အထူးပြုသော လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးနှင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာ စာချုပ်၊ ကုန်းလမ်း၊ ရေလမ်းနှင့် လေကြောင်းအသုံးပြု၍ ရွှေ့ပြောင်းသွားလာသူများအား မှောင်ခိုပို့ဆောင်မှုဆိုင်ရာ စာချုပ်၊ လူကုန်ကူးခြင်း အထူးသဖြင့် အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကွန်ဗင်းရှင်းတို့တွင် အတည်ပြုလက်မှတ်ရေးထိုးထားခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုပြဿနာများကို တိုက်ဖျက်နိုင်ရေးအတွက် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဦးဆောင်မှုဖြင့် လုပ်ငန်းကော်မတီ (၄) ရပ်နှင့် အဆင့်ဆင့်သော လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များအား စနစ်တကျ ဖွဲ့စည်း၍ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ အလေးထား ဆောင်ရွက်လျက်ရှိသည်ကို မြင်တွေ့ရသည်။

လက်ရှိတွင် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထ (၅) နှစ်စီမံကိန်း (၂၀၂၂-၂၀၂၆) ကာလကို ဖြတ်သန်းနေပြီး မြန်မာအပါအဝင် ဒေသတွင်းနိုင်ငံများ၌ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားများ တရားမဝင် ဖွင့်လှစ်လုပ်ကိုင်လာကြပြီး နိုင်ငံခြားသားများကို အွန်လိုင်းမှ စည်းရုံးကာ အတင်းအကျပ်ခိုင်းစေမှုများ ကြုံတွေ့နေရပါသည်။

အဆိုပါ ဖြစ်ပေါ်နေမှုကို နိုင်ငံတကာမှပုံစံသစ်ဖြင့် ဖြစ်ပေါ်လာသော လုပ်အားခေါင်းပုံဖြတ်သည့် လူကုန်ကူးမှုဟု အမည်တပ်ကြသည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို ထိထိရောက်ရောက် တားဆီးနှိမ်နင်းလျက်ရှိပြီး အတင်းအကျပ်ခိုင်းစေခံရသူများကို ကယ်တင်၍ နေရပ်ဒေသများသို့ ပြန်လည်စေလွှတ်လျက်ရှိသည့်အပြင် ပြည်သူလူထု သိရှိနိုင်ရေး အသိပညာပေးမှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများနှင့်လည်း ပူးပေါင်း၍ တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအကြား အကောင်အထည်ဖော် ဆောင်ရွက်မည့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဘင်းမ်စတက် ကွန်ဗင်းရှင်းလုပ်ငန်းလမ်းညွှန် (TOR) နှင့် လုပ်ငန်းစီမံချက်ကို အပြီးသတ်ရေးဆွဲ အတည်ပြုနိုင်ခဲ့သည့် လုပ်ငန်းစဉ်များတွင်လည်း မြန်မာနိုင်ငံက တက်ကြွစွာ ပူးပေါင်းပါဝင်ခဲ့သည်။

အလေးထားဆောင်ရွက်

ကမ္ဘာတစ်ဝန်း လူကုန်ကူးမှုဖြစ်စဉ်များနှင့် ပတ်သက်၍ အမေရိကန်ပြည်ထောင်စုက ၂၀၂၄ ခုနှစ် လူကုန်ကူးမှုအစီရင်ခံစာကို ထုတ်ပြန်ထားပြီး ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၈၈ နိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးအခြေအနေများ ဖော်ထုတ်ထားသည်ကို တွေ့ရှိရသည်။ အဆိုပါ အစီရင်ခံစာအတွင်း မြန်မာနိုင်ငံ၏ လူကုန်ကူးမှုအခြေအနေအချို့ကိုလည်း ထည့်သွင်းထားသည်ကို တွေ့ရှိရသည်။ အဆိုပါအစီရင်ခံစာတွင် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အကောင်အထည်ဖော်မှုများအတွက် အကြံပြုချက်များကိုလည်း ထည့်သွင်းထုတ်ပြန်ထားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုမဖြစ်ပေါ်စေရေးအတွက် ဆက်စပ်ဝန်ကြီးဌာနအသီးသီးမှ ဆောင်ရွက်လျက်ရှိပြီး အလုပ်သမားဝန်ကြီးဌာနသည် လူကုန်ကူးမှုတိုက်ဖျက်ရေး အစီရင်ခံစာ၌ ပါဝင်သည့်အကြံပြုချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကိုလည်း မြင်တွေ့ရသည်။

အလေးထား ဆောင်ရွက်နေမှုများအနက် အလုပ်သမားဝန်ကြီးဌာနသည် Safe migration လူမှုကွန်ရက် ဖေ့စ်ဘွတ်စာမျက်နှာကို လွှင့်တင်ထားပြီး အလုပ်သမားရေးရာသတင်းအချက်အလက်များကို ဖြန့်ဝေပေးခြင်း၊ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများမှ အလုပ်သမား စေလွှတ်ရေးလုပ်ငန်းစဉ်များ၊ အေဂျင်စီအစီအစဉ်ဖြင့် စေလွှတ်သည့် အလုပ်သမားများ၏ ပြည်ပအလုပ်အကိုင် အလုပ်သမား သက်သေခံကတ် ပြုလုပ်ခွင့်ပြုသည့်စာရင်းများ၊ ပြည်ပအလုပ်အကိုင်

> **“အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုတွင် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး ၈၉ ရုံး၊ အထူးစီးပွားရေးဇုန်ရုံး သုံးရုံး ဖွင့်လှစ်၍ ဥပဒေနှင့်အညီ အလုပ်သမားရှာဖွေသူများအား အလုပ်သမားမှတ်ပုံတင်ပေးခြင်း၊ အစိုးရဌာန၊ အလုပ်သမား ငါးဦးနှင့် အထက်ရှိသော သမဝါယမ၊ ဖက်စပ်နှင့် ပုဂ္ဂလိကလုပ်ငန်းများထံမှ အမှာစာများလက်ခံခြင်း၊ အမှာစာအရ သင့်တော်သည့် မှတ်ပုံတင် အလုပ်သမားများအား စုဆောင်းပေးပို့ခြင်း၊ အလုပ်ရှင်များက ရွေးချယ်ထားသူများကို အလုပ်ခန့်အပ်နိုင်ရန် အလုပ်ခန့်ထားရေး ကတ်ပြား (အလလခ ပုံစံ-၇) ထုတ်ပေးခြင်းများကို ပြုလုပ်”**

ခင်ရတနာ

လမ်းညွှန်သင်တန်း တက်ရောက်ခွင့်ပြုသည့်စာရင်းများကို စဉ်ဆက်မပြတ် ကြေညာပေးလျက်ရှိခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးနှင့် ခိုင်မာသည့် ရွှေ့ပြောင်းအလုပ်သမားများ ဖြစ်လာစေရေး သတင်းအချက်အလက်နှင့် အသိပညာများ မျှဝေပေးလျက်ရှိသည်။

ထို့ပြင် Complaint Mechanism Center များ၊ မြို့နယ်အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများ၊ ရွှေ့ပြောင်းအလုပ်သမား ထောက်ပံ့ကူညီရေးဗဟိုဌာနများ (MRC)၊ အလုပ်သမား သံအရာရှိရုံးများနှင့် ဝန်ကြီးဌာနသို့ အလုပ်သမားရေးရာတိုင်ကြားမှုများအပေါ် လက်ခံဖြေရှင်းလျက်ရှိရာ ယခုနှစ် ဇန်နဝါရီလအတွင်း စုစုပေါင်းတရားစွဲဆိုမှု ခြောက်မှုအတွက် လူပေါင်း ၁၂ ဦးကို စွဲချက်တင်နိုင်ခဲ့ကြောင်း အလုပ်သမားဝန်ကြီးဌာနမှ သိရှိရသည်။

နှစ်လအတွင်း လူဦးရေ ၄၀၀ ကျော် ပြန်လည်ကြုံဆိုလက်ခံခဲ့

ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း ထိုင်းနိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိဖမ်းဆီးခံရသည့် မြန်မာအလုပ်သမားများကို သက်ဆိုင်ရာ နယ်စပ်ဂိတ်များ၌ ကော်မတီများဖွဲ့စည်းကာ စနစ်တကျပြန်လည်လက်ခံခဲ့ရာတွင် အမျိုးသား ၂၀၃ ဦးနှင့် အမျိုးသမီး လေးဦး စုစုပေါင်း ၂၀၇ ဦးအထိ ပြန်လည်ကြုံဆိုလက်ခံပေးနိုင်ခဲ့သည်။ ထို့အတူ ဇန်နဝါရီလအတွင်း အမျိုးသား ၁၂၇ ဦး၊ အမျိုးသမီး ၂၇ ဦးကိုလည်း ပြန်လည်လွှဲပြောင်းလက်ခံနိုင်ခဲ့ခြင်းဖြင့် ၂၀၂၅ ခုနှစ် ပထမနှစ်လအတွင်း လူဦးရေ စုစုပေါင်း ၃၄၁ ဦးကို ပြန်လည်ကြုံဆိုလက်ခံပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ မြင့်မားစေရေးအတွက် ၁၉၅၉ ခုနှစ် အလုပ်ခန့်ထားမှု ကန့်သတ်ရေးအက်ဥပဒေနှင့်အညီ အလုပ်ရှာဖွေသူများ၏ ပညာအရည်အချင်း၊ ကျွမ်းကျင်မှုနှင့် အလုပ်လုပ်ကိုင်နိုင်စွမ်းပေါ်မူတည်၍ အလုပ်ရှင်များ၏ လိုအပ်ချက်အရ သင့်လျော်သူများကို ရွေးချယ်ခန့်အပ်နိုင်ရန် စည်းကြပ်ဆောင်ရွက်လျက်ရှိပြီး တည်ဆဲအလုပ်သမားဥပဒေများတွင် သန့်စွမ်းသူ၊ မသန်စွမ်းသူ၊ ကျား၊ မ ခွဲခြားမှုမရှိဘဲ မြို့ပြကျေးလက်မကျန် အလုပ်အကိုင်နေရာချထားရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေးတို့ကို အလေးထားဆောင်ရွက်ပေးခဲ့သည်။

စာမျက်နှာ ၁၉ သို့ ☆





ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း သောက်သုံးရေများပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် မတ် ၁၆

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း နေထိုင်သောပြည်သူများ နွေရာသီကာလအတွင်း သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ရေလှောင်ကန်များ၊ ရေပေးဝေရေးစခန်းများနှင့် ရေပိုက်လိုင်း ကွန်ရက်များကို အချိန်နှင့်တစ်ပြေးညီ ကြိုးကြပ်ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

ယခုကဲ့သို့ ပူပြင်းသောနွေရာသီကာလအတွင်း ပြည်သူများ ရေသုံးစွဲမှု လုံလောက်စေရန် အတွက် အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)သည် နေ့စဉ် ပုံမှန်ဖြန့်ဝေပေးနေသော လုပ်ငန်းများ ရေများပြတ်လပ်မှုမရှိစေရေး၊ ရေလေလွင့်မှု မဖြစ်စေရေးနှင့် ရေပိုက်လိုင်းကွန်ရက်များ စနစ်တကျရှိစေရေး ကြိုးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်။

မိသားစုတစ်စု၏ တစ်နေ့တာ ရေသုံးစွဲမှုပမာဏသည် ရေဂါလန် ၁၅၀ မှ ၂၀၀ ကြား ပုံမှန်သုံးစွဲသည့်အပြင် ရန်ကုန်မြို့တွင်းသို့ လာရောက်ပြီး ယာယီအလုပ်လုပ်သူများ၊ နေ့စဉ်ဝင်ထွက်သွားလာသော ခရီးသွားဧည့်သည်များ အပါအဝင် ရေသုံးစွဲတိုးပွားမှုနှင့် လူဦးရေတိုးပွားမှုတို့သည် နှစ်စဉ် မြင့်တက်လျက်ရှိသည်။ ယင်းကဲ့သို့ မြင့်တက်လာမှုကို မြို့တော်စည်ပင် ရေမီတာကိန်းဂဏန်း အချက်အလက်များအပေါ် မူတည်ပြီး နေ့စဉ်သောက်သုံးရေပြတ်လပ်မှုမရှိစေရန်နှင့် သန့်ရှင်းကြည်လင်ပြီး ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေများ ဖြန့်ဝေနေသော ရေပေးဝေရေးစခန်းများကို စနစ်တကျ ကြိုးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့ ရေပေးဝေရေးကို ၁၈၄၂ ခုနှစ်မှစ၍ ရေတွင်းကြီး ၃၀ ဖြင့် ရန်ကုန်မြို့လူထုကို စတင်၍ ရေပေးခဲ့ပြီး ၁၈၇၉ ခုနှစ်တွင် ကန်တော်ကြီးနှင့် ၁၈၈၄ ခုနှစ်တွင် အင်းလျားကန်ရေတို့ဖြင့် ရန်ကုန်မြို့ ရေပေးဝေရေးကို ဆောင်ရွက်ခဲ့သည်။ ယခုအချိန်တွင် အဆိုပါကန်ကြီးနှစ်ကန်ကို အရန်ကန်များအဖြစ်နှင့် အများပြည်သူအပန်းဖြေနေရာများအဖြစ် အသုံးပြုလျက်ရှိပြီး ကန်ရေပြင်နှင့် ရေအရည်အသွေး ထိန်းသိမ်းပေးလျက်ရှိသည်ကို တွေ့ရသည်။

ရန်ကုန်မြို့ပြ လူနေထိုင်မှုသည် အရင်းအမြစ်များကို ကြိုးစား ရှာဖွေခဲ့ရာ ၁၉၀၄ ခုနှစ်တွင် မင်္ဂလာဒုံမြို့နယ် လှော်ကားရေလှောင်ကန်၊ ၁၉၄၀ ပြည့်နှစ်တွင် တိုက်ကြီးမြို့နယ် ဂျိုးဖြူရေလှောင်ကန်၊ ၁၉၇၃ ခုနှစ်တွင် မှော်ဘီမြို့နယ် ဖူးကြီးရေလှောင်ကန်တို့ကို တည်ဆောက်ပေးနိုင်ခဲ့သဖြင့် ထိုအချိန်က လူဦးရေတိုးပွားမှုများကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်ခဲ့သည်။

၁၉၉၁ ခုနှစ်တွင် ရန်ကုန်မြို့ လူဦးရေသည် လေးသန်းကျော် သောက်သုံးရေလိုအပ်ချက် ဖြည့်ဆည်းနိုင်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တည်ဆောက်ပြီးဖြစ်သည့် လှည်းကူးမြို့နယ် ငမိုးရိပ်ရေလှောင်ကန်မှ မြို့ရေပေးရေးအတွက် နေ့စဉ် ရေဂါလန် သန်း ၉၀ ရရှိရေးအတွက် ဌာနဆိုင်ရာအချင်းချင်း ညှိနှိုင်းမှုဖြင့် ဆောင်ရွက်ခဲ့သည်။ ယင်းသို့ဆောင်ရွက်ခဲ့ရာ ၂၀၀၅ ခုနှစ်တွင် ငမိုးရိပ်ရေသန့်စင်စက်ရုံ (ပထမအဆင့်)၊ ၂၀၁၄ ခုနှစ်တွင် ငမိုးရိပ် ရေသန့်စင်စက်ရုံ (ဒုတိယအဆင့်)၊ ၂၀၂၀ ပြည့်နှစ်တွင် လှဝန်းပြင် ရေသန့်စင်စက်ရုံနှင့် ၂၀၂၂ ခုနှစ်တွင် လှိုင်မြစ်လှော်ကားရေအားဖြည့် စီမံကိန်းတို့ကို အောင်မြင်စွာ ကြိုးပမ်းအားထုတ်ခဲ့သည့်အတွက် ယနေ့ရန်ကုန်မြို့လူထုကို နေ့စဉ်ပုံမှန်ရေဂါလန် ၂၃၂ သန်းကျော် ကောင်းမွန်စွာ ဖြန့်ဝေပေးလျက် ရှိကြောင်း အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) မှတ်တမ်းများအရ သိရသည်။

စည်ပင်သာယာနယ်နိမိတ် ၃၃ မြို့နယ်အတွင်းရှိ ရေပိုက်လိုင်း ကွန်ရက်မရှိသော ဒလမြို့နယ်သို့ ရန်ကုန်ပေါက်ရေပေးရေး စခန်းမှ လည်းကောင်း၊ လှိုင်သာယာမြို့နယ်သို့ သဲဖြူရေပေးရေးစခန်းမှ လည်းကောင်း နေ့စဉ်ရေများ ပုံမှန်ဖြန့်ဝေပေးလျက်ရှိသည့်အပြင် ရေပိုက်လိုင်း အဖျားပိုင်းရှိ ရေအားနည်းရပ်ကွက်များသို့ ရေသယ်ယာဉ်များဖြင့်လည်းကောင်း၊ ဆိပ်ကြီးခနောင်တိုနှင့် ကန်ရေအသုံးပြုသောရပ်ကွက်များသို့ ရေသယ်ယာဉ်၊ ရေသယ်သမ္မန်များဖြင့် လည်းကောင်း ပို့ဆောင်ဆက်သွယ်ပေးပို့လျက်ရှိကြောင်း သိရသည်။

စောသိန်းဝင်း

☆ **စာမျက်နှာ ၁၈ မှ**

အလုပ်သမားမှတ်ပုံတင်ခြင်းဖြင့် အလုပ်အကိုင်ရှာဖွေရလွယ်ကူနိုင်

အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုတွင် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး ၈၉ ရုံး၊ အထူးစီးပွားရေးဇုန်ရုံး သုံးရုံး ဖွင့်လှစ်၍ ဥပဒေနှင့်အညီ အလုပ်သမားရှာဖွေသူများအား အလုပ်သမားမှတ်ပုံတင်ပေးခြင်း၊ အစိုးရဌာန၊ အလုပ်သမား ငါးဦးနှင့်အထက်ရှိသော သမဝါယမ၊ ဖက်စပ်နှင့် ပုဂ္ဂလိကလုပ်ငန်းများထံမှ အမှာစာများ လက်ခံခြင်း၊ အမှာစာအရ သင့်တော်သည့် မှတ်ပုံတင်အလုပ်သမားများအား စုဆောင်းပေးပို့ခြင်း၊ အလုပ်ရှင်များက ရွေးချယ်ထားသူများကို အလုပ်ခန့်အပ်နိုင်ရန် အလုပ်ခန့်ထားရေးကတ်ပြား (အလလခ ပုံစံ-၇) ထုတ်ပေးခြင်းများကို ပြုလုပ်ခဲ့သည်။

ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် အလုပ်သမားများသည် ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုရှိ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် အလုပ်ရှာဖွေသူများအနေဖြင့် အလုပ်သမားမှတ်ပုံတင်နိုင်ပြီး ယင်းကဲ့သို့ အလုပ်သမားမှတ်ပုံတင်ထားသော အလုပ်ရှာဖွေသူများအတွက် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများအနေဖြင့် အလုပ်ရှင်များထံမှ အမှာစာများလက်ခံရှာဖွေပေးခြင်း၊ အမှာစာအရ သင့်တော်သည့် အလုပ်ရှာဖွေသူများအား အလုပ်သမားမှတ်ပုံတင်ကတ်ပြား ထုတ်ပေးခြင်းနှင့် သက်တမ်းတိုးခြင်းများကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံခြားသား အလုပ်သမားများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် လုပ်ကိုင်လျက်ရှိသော ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် နိုင်ငံခြားသား အကြီးတန်းစီမံခန့်ခွဲသူများနှင့် ကျွမ်းကျင်ပညာရှင်များ၏ အလုပ်လုပ်ကိုင်ခွင့်ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုပေးလျက်ရှိပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့တွင် အလုပ်သမားဝန်ကြီးဌာနသည် အဖွဲ့ဝင်အဖြစ် ပါဝင်၍ လည်းကောင်း၊ သီလဝါနှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန်များတွင် လာရောက်လုပ်ကိုင်လျက်ရှိသည့် နိုင်ငံခြားသားအလုပ်သမားများအား ၂၀၁၄ ခုနှစ် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ ပုဒ်မ ၇၇ အရ နိုင်ငံခြားသား အလုပ်သမားမှတ်ပုံတင်ခြင်း၊ သက်သေခံကတ်ပြားထုတ်ပေးခြင်း၊ သက်တမ်းတိုးခြင်းတို့ကို အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီတွင် အလုပ်သမားဝန်ကြီးဌာနသည် အဖွဲ့ဝင်အဖြစ် ပါဝင်၍လည်းကောင်း ပြုလုပ်ပေးလျက်ရှိသဖြင့် နိုင်ငံခြားသား အလုပ်သမားများအနေဖြင့် မိမိတို့ နိုင်ငံအတွင်း စနစ်တကျ လာရောက်လုပ်ကိုင်လျက်ရှိကြသည်ကို မြင်တွေ့ရသည်။

အစိုးရနှင့်ပြည်သူ လက်တွဲညီစွာတိုက်ဖျက်

လူကုန်ကူးမှုသည် ကမ္ဘာလုံးဆိုင်ရာ ကျယ်ပြန့်သည့် ပြဿနာတစ်ရပ်ဖြစ်ပြီး နိုင်ငံတစ်နိုင်ငံတည်း၊ မြို့တစ်မြို့တည်း၊ အဖွဲ့အစည်းတစ်ခုတည်းက ဆောင်ရွက်လုပ်ကိုင်ရန်မဖြစ်နိုင်ဘဲ နိုင်ငံအချင်းချင်း၊ အစိုးရအချင်းချင်း၊ ပုဂ္ဂလိက၊ အရပ်ဘက်အဖွဲ့အစည်းများအားလုံး စုစည်းညီညွတ်စွာ တိုက်ဖျက်ကြရမည့် ပြဿနာတစ်ရပ်ဖြစ်ပါသည်။

ဘေးကင်းလုံခြုံမှုရှိသည့် လုပ်ငန်းခွင်များတွင် အလုပ်လုပ်ကိုင်နိုင်စေရန်အတွက် မိမိတို့နိုင်ငံသည် လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကိုလည်း အစိုးရအနေဖြင့် ဘက်ပေါင်းစုံ၊ ထောင့်ပေါင်းစုံမှ စဉ်းစားအဖြေရှာကာ ဆောင်ရွက်သည့်နည်းတူ ပြည်သူများကလည်း အလုပ်သမားဥပဒေများကိုလေ့လာခြင်း၊ လူကုန်ကူးမှုတားဆီးတိုက်ဖျက်ခြင်း၊ လူကုန်ကူးခြင်းဖြစ်စဉ်များ ဖော်ထုတ်သတင်းပေးခြင်း၊ အသိပညာများ မျှဝေခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း။ ။

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သားလေ့ကျင့်နိုင်ရန် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာဘာသာရပ်ကို ကျေညက်ပိုင်နိုင်စွာ ဖြေဆိုနိုင်ရန် အတွက် အင်္ဂလိပ်စာမေးခွန်းပုံစံ နံပါတ်တစ်ခုချင်းစီအလိုက် မေးခွန်းများနှင့် ဖြေဆိုနည်းများကို ထည့်သွင်းဖော်ပြလိုက်ပါသည်။

ယခင်တစ်ပတ်က နမူနာမေးခွန်းတစ်စုံ PILOT TEST (2) ကို အဖြေများနှင့်တကွ ဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာ နမူနာမေးခွန်း နောက်ထပ်တစ်စုံ PILOT TEST (3) ကို ဖော်ပြလိုက်ပါတယ်။

MATRICULATION EXAMINATION

ENGLISH PILOT TEST (3) Time Allowed: (3) Hours

WRITE YOUR ANSWER IN THE ANSWER BOOKLET. ANSWER ALL QUESTIONS.

I. **Complete the sentences with the appropriate words. The initial letters are given. (10 marks)**

1. B_____ is an eco-friendly alternative to fossil fuels.
2. L_____ is a powerful tool for communication and expression.
3. Public transport is a great a_____ to driving, especially in busy cities.
4. The actor's performance earned him international r_____.
5. Parents are r_____ for guiding their children.
6. Climate change and deforestation are major threats to global b_____.
7. Many children suffer from d_____ of basic needs like food and education.
8. He is too s_____ to admit when he's wrong.
9. This technology represents a b_____ in renewable energy.
10. C_____ outbreaks are common in areas with poor sanitation.

II. Choose the appropriate words or phrases to complete the sentence. (10 marks)

1. A computer is a –––––––– that can process, store, and retrieve data.
   (A) gadget (B) device (C) tool
2. Some kinds of sweetmeat are called ––––––––.
   (A) conserve (B) conservancy (C) conservation
3. Ma Ma always –––––––– the washing up after our meal.
   (A) takes (B) makes (C) does
4. Adopting renewable energy is a good ––––––– to fossil fuels.
   (A) alternative (B) choice (C) option
5. I have done my homework in the class and either ––––––– my friend.
   (A) does (B) is (C) has
6. Heart disease and diabetes are –––––––– diseases caused by obesity.
   (A) casual (B) chronic (C) occasional
7. I got to Peik Chin Myaung Cave –––––––– one can see stunning limestone stalactite.
   (A) whom (B) which C. where
8. The beautiful result can only –––––––– by hard work.
   (A) be accomplished (B) accomplish
   (C) accomplished
9. The sun –––––––– in the east and sets in the west.
   (A) raises (B) rises (C) ascends
10. Girls can't help –––––––– junk foods every day.
    (A) eating (B) eat (C) eaten

III. **Rewrite the sentence according to the instructions given in brackets. (10 marks)**

(1) U Min Mg takes exercises every morning to stay healthy. **(Rewrite the sentence, using an introductory phrase.)**

(2) Jue writes so creatively that young people like hernovels. **(Rewrite the sentence, using ' such ––– that'.)**

(3) This dog can make a trick. No one teaches it. **(Join the sentences, using 'without'.)**

(4) Nyo Mie takes a bath at 8 a.m. and then goes to work. **(Rewrite the sentence, using ' before ving '.**

(5) People ate processed foods high in fat and cholesterol and they suffered from hypertension. **(Use the third conditional.)**

(6) He has had sleep deprivation for a week so he experiences conflicts with co – workers. **(Join the sentences, using ' as a result'.)**

(7) If the manager doesn't attend the meeting, his assistant will do it. **(Use ' either ––– or ')**

(8) We introduced ourselves to a gentle man. He was a C.E.O of a famous company. **(Join the sentences, using an appropriate relative pronoun or relative adverb.)**

(9) Buses are more crowded in the morning than in the afternoon. **(Use ' as ––––as / ' not as ––– as'.)**

(10) The laptop which he gave to his sister is not linked to the internet. **(Omit the relative pronoun.)**

IV (A) Write the appropriate words or phrases to complete the lines of verse. (5 marks)

1. _____,
I doubted if I should ever come back.
2. All night long in the dark and wet,
_____.
3. And sorry I could not travel both
_____
4. _____;
Whose trees in summer yield him shade,
5. _____
Tell where I lie.

IV (B) Answer the questions in complete sentence. (5 marks)

6. How long does it take to form fossil fuels?
7. Why are self-driving cars becoming more popular?
8. How do you usually manage your emotions?
9. Why did Annie want the Kellers to leave her alone with Helen?
10. What do these lines mean?
"Content to breathe his native air,
In his own ground"

V. Read the passage.

The 21th Century world has become a more diverse community as a result of rapid changes in the global economy, technology and transportation. There has been more contact among people who are from different religious, social, ethnic and educational backgrounds. Therefore, intercultural communication plays an important role in diverse cultural contexts. Intercultural communication is a discipline that studies communication across different cultures and social groups, or how culture affects communication. When we deal with people from different cultures, intercultural conflicts and misunderstandings may arise from difference in cultural values and traditional practices.

In BLOG POST 1, Japanese people feel that saying 'no' directly will embarrass others or even make them lose face. In BLOG POST 2, in Jose's homeland Brazil, it is unusual for a woman to start asking for a date but it is just a casual invitation to have a friendly chat – just to have pure fun and get to know each other in Emma's community. In BLOG POST 3, people from different cultural backgrounds communicate their thoughts and emotions differently by means of nonverbal communication, such as facial expressions and gestures. But a gesture which is acceptable in one culture might not be tolerated in another.

In BLOG POST 4, the two friends from different lands made wrong guesses about how a person should be addressed as they did not realize that each culture has its own naming system. To avert faux pas, or social blunder, in any international communication, intercultural awareness should be raised. This should certainly reduce social conflicts when two or more people of different nationalities or ethnic groups come into contact.

(A) Write the correct word or words to complete each sentence. (5 marks)

(1) The –––––––– among people from different religious, social, ethnic, and educational backgrounds has increased in the 21th Century world.

(2) It is –––––––– that is very important in diverse cultural contexts.

(3) In Japanese's culture, they are afraid to –––––––– to others.

(4) –––––––– is wrongly guessed by the two friends from different lands.

(5) Social conflicts can –––––––– by the intercultural awareness.

(B) Answer each question in one sentence.(5 marks)

(6) How has the 21th Century world become a more diverse community?

(7) Why may intercultural conflicts and misunderstandings arise?

(8) What does asking for a date in the U.S.A mean?

(9) When is nonverbal communication differently used according to the passage?

(10) Why should we raise intercultural awareness?

VI. Read the passage.

The disease – fighting, weight – controlling benefits of physical exercise, especially **aerobic** exercise, have long been known. Now, researchers have discovered another advantage. Physical exercise has a powerful effect on brain health, and the benefits go **beyond** the release of endorphins, the chemical in the brain that improves mood. Exercise affects the brain's **plasticity**–– that is, its ability to reorganize itself –– and can reduce the age – associated loss of brain tissue that decreases **cognition** in the elderly. A study in older humans found a correlation between aerobic fitness and performance on **spatial** memory tests. Other human studies noted that aerobic exercise increased the volume of grey matter in some part of the brain. Aerobic exercise can also improve short – term memory. In addition to increasing brain power, exercise can help relieve depression by increasing blood flow to the brain. It is well known that endorphins help relieve stress and reduce anxiety and depression. Aerobic exercise is strongly linked to improved brain function in the elderly.

စာမျက်နှာ ၂၁ သို့ ☆

☆ စာမျက်နှာ ၂၀ မှ

(A) Find the bold – faced words in the passage that are similar in meaning in the following. (5 marks)

(1) the process of knowing 1.----------

(2) a physical property of changing in shape and size 2. ----------

(3) relating to improving oxygen consumption by the body 3. ----------

(4) of or pertaining to space 4. ----------

(5) further away than 5. ----------

(B) Answer the following questions. Give completely answers. (10 marks)

(6) What can aerobic exercise give us?

(7) What are endorphins?

(8) How does exercise affect the brain's plasticity?

(9) Why did a study say aerobic fitness and performance on spatial memory tests were related?

(10) What do endorphins do?

VII (A) Complete the dialogue with the expressions given in the box. There is an extra. (5 marks)

other people who were in need

no space to keep these old gadgets

if I find those who are in need

close to the bank

prevent environmental damage

it will be recycled in a safe and responsible way

Kaung Htet: Oh, I see. They're really harmful to us. But our apartment is quite small and I have _____ (1)_____. What should I do?

Khant Hpone: If I were you, I would give them to _____(2)_____. . I usually post my e–waste on the website like "Freecycle". In this way, I can give my old one to a person in need. There is also an alternative.

Kaung Htet: Interesting. What's that?

Khant Hpone: You can send it to a certified e–waste recycler. Then _____(3)_____..

Kaung Htet: Wow! Great idea. That's a good way to _____ (4)_____. . I'll use these ways instead of throwing my old things away. Thanks a lot. Bye!

Khant Hpone: Don't mention it. I'll contact you _____(5)_____. Bye!

VII (B) Complete the exchange using the expressions given in the box. There is an extra. (5 marks)

Learning a second language breaks and enjoy the real world

A good friend always supports you

Well, the plot was extremely interesting

they keep me guessing until the end

I've been struggling to stay organized

6. A: What type of books do you enjoy reading?
B: I love mysteries because _____.

7. A: This new app helps you manage your daily tasks efficiently.
B: I'll give it a try; _____.

8. A: _____ opens many opportunities.
B: I agree; it also helps you connect with people from different cultures.

9. A: Spending too much time on social media can be exhausting.
B: True, it's important to take _____.

10.A: _____, even in tough times.
B: That's why true friendships are so rare and valuable.

VIII. Choose a situation given below and write a letter. Do not write more than 300 words. (10 marks)

You are **Ye Win Paing** . You live at **No.28, Hninsi street, Taungoo.** Write a letter to your friend, **Lin Thit,** reminding him not to play the computer games all the time and telling him what are the disadvantages of playing games.

(OR)

You are **Nway Nway** and your address is **No. 6, Nyaung U Road, Kyaukpadaung**. Write a letter to your friend, **Zarchi Oo**, who lives in Minbu, telling her how your school celebrated 'GreenDay'.

IX. Write an essay of **three paragraphs on ONE** of the following. Do not write more than 500 words. **(15 marks)**

The Myanmar National Sports Festival

(OR)

What I Dream about My Future

(OR)

The Most Enjoyable Festival in Myanmar

****

Answer

I 1. Biomass 2. Language 3. alternative 4. recognition 5. responsible 6. biodiversity 7. deprivation 8. stubborn 9. breakthrough 10. Cholera

II. 1. (B) device 2. (A) conserve 3. (C) does 4. (A) alternative 5. (C) has 6. (B) chronic 7. (C) where 8. (A) be accomplished 9. (B) rises 10. (A) eating

III. (1) To stay healthy, U Min Mg takes exercises every morning. (2) Jue is such a creative writer that young people like her novels. (3) This dog can make a trick without being taught. / Without being taught, this dog can make a trick. (4) Nyo Mie takes a bath at 8 a.m. before going to work. / Before going to work, Nyo Mie takes a bath at 8 a.m. (5) If people had not eaten processed foods high in fat and cholesterol, they would not have suffered from hypertension. (6) He has had sleep deprivation for a week. As a result, he experiences conflicts with co – workers. (7) Either the manager or his assistant will attend the meeting. (8) The gentle man to whom we introduced ourselves was a C.E.O of a famous company. (9) Buses are not as much crowded in the afternoon as in the morning. (10) The laptop he gave to his sister is not linked to the internet.

IV (A) 1. Yet knowing how way leads on to way 2. A man goes riding by 3. And be one traveler, long I stood 4. Whose flocks supply him with attire 5. Steal from the world, and not a stone (B) 6. It takes hundreds of millions of years to form fossil fuels. 7. Self–driving cars are becoming more popular because they can reduce driver error as well as the number of accidents. 8. I usually manage my emotions by taking deep breaths, staying quiet for a while, and thinking about good things. 9. Annie wanted the Kellers to leave her alone with Helen because she could not teach her anything if they just let her do whatever she wanted. 10. These lines mean that he is satisfied to breathe his native air in his own ground.

V.(A) (1) contact (2) intercultural communication (3) say 'no' directly (4) About how a person should be addressed (5) be (certainly) reduced

(B) (6) The 21th Century world has become a more diverse community by the rapid changes in the global economy, technology and transportation. (7) Intercultural conflicts and misunderstandings may arise because of difference in cultural values and traditional practices. (8) Asking for a date in the U.S.A means just a casual invitation to have a friendly chat – to have pure fun and get to know each other. (9) According to the passage, nonverbal communication is differently used when people from different cultural backgrounds communicate their thoughts and emotions. (10) We should raise intercultural awareness to reduce social conflicts when two or more people of different nationalities or ethnic groups come into contact.

VI.(A) (1) cognition (2) plasticity (3) aerobic (4) spatial (5)beyond

(B) (6) Aerobic exercise can give us the disease –fighting and weight – controlling benefits.

(7) Endorphins are the chemical in the brain that improves mood.

(8) Exercise affects the brain's plasticity by reducing the age – associated loss of brain tissue that decreases cognition in the elderly.

(9) A study said aerobic fitness and performance on spatial memory tests were related because aerobic exercise increased the volume of grey matter in some part of the brain.

(10) Endorphins help relieve stress and reduce anxiety and depression.

VII (A) 1. no space to keep these old gadgets 2. other people who were in need. 3. it will be recycled in a safe and responsible way 4. prevent environmental damage 5. if I find those who are in need

(B) 6. they keep me guessing until the end 7. I've been struggling to stay organized 8. Learning a second language 9. breaks and enjoy the real world 10. A good friend always supports you

VIII.

No.28, Hninsi Street,
Taungoo.
2nd January, 2025

Dear Lin Thit,

How are you getting on your lessons on these days? As for me and all at home are in sound health. I heard from your mother that your marks in all subjects are getting so down due to wasting your precious time on playing the computer games. I am so sorry to hear that I am to remind you not to play games all the time. I really understand you that boys will be boys. As a close friend, I want to warn you not to waste your time in useless things. Most of the teenagers especially like you may be enthusiastic in playing games. But if you play games, it will give you many disadvantages and you will get harmful. It is really bad for your health, the most important thing in a student's life. Moreover, computer games are diabolic tempters like habit – forming narcotic drugs. You will get less time for study and it may also affect your eye–sight and suffer from bad head – ache. If you go on in this way, you will get into trouble. Sometimes you might need relaxation. At that time you can do something benefit you want. But you should not spend too much time in playing games. Instead, you should read knowledge – giving books or search for some facts on internet that can give you knowledge. Playing games may give you benefits but little and it occupies all of your precious time with no good content. Therefore, you must be wise to avoid these habit – forming things. Try to have control over yourself and concentrate more on your studies. Then you can make your parents proud of you and make a reputation for your parents.

Well, I hope you will try the best. Give my love to all at home. Wishing you an outstanding student.

Yours lovingly,
Ye Win Paing

****

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉-၄၃၁၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။


မိုးညိုမြို့ ရွှေဥဒေါင်းရပ်ကွက် ဝေဇယန္တာပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တနရာသဘာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု) သက်တော်(၈၆)နှစ် သိက္ခာ (၆၆)ဝါရှိ မဟာထေရ်မြတ်ကြီး ဘဝနတ်ထံ ပျံလွန်တော်မူ

နေပြည်တော် မတ် ၁၆

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) မိုးညိုမြို့ ရွှေဥဒေါင်းရပ်ကွက် ဝေဇယန္တာပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တနရာသဘာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု) သက်တော်(၈၆)နှစ် သိက္ခာ (၆၆)ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၆ ခုနှစ် တပေါင်း လပြည့်ကျော် (၁)ရက် မတ် ၁၅ ရက် စနေနေ့ နံနက် ၃ နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်းနှင့် အန္တိမအဂ်ိရာပန အခမ်းအနားကို ၁၃၈၆ ခုနှစ် တန်ခူးလဆန်း (၁၂)ရက် ဇူလိုင် ၉ ရက် ဗုဒ္ဓဟူးနေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) မိုးညိုမြို့ ရွှေဥဒေါင်းရပ်ကွက် ဝေဇယန္တာပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တနရာသဘာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)၏ ထေရုပ္ပတ္တိအကျဉ်း



ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) မိုးညိုမြို့နယ် လက်ပံခုံရွာ ခမည်းတော် ဦးဘိုးခန့်+မယ်တော် ဒေါ်လှစိန်တို့မှ ၁၃၀၁ ခုနှစ် တပေါင်းလဆန်း (၁၅)ရက် စနေနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၁၃ ခုနှစ် နယုန်လဆန်း (၄) ရက်နေ့တွင် မိုးညိုမြို့နယ် လက်ပံခုံရွာ ဓမ္မရက္ခိတာရုံကျောင်း ဆရာတော် ဘဒ္ဒန္တဓမ္မပိယကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၂၁ ခုနှစ် နယုန်လဆန်း (၄)ရက် အဂ်ါနေ့တွင် ဓမ္မရက္ခိတာရုံကျောင်း ခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော် ဘဒ္ဒန္တဓမ္မပိယကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် မိုးညိုမြို့နယ် လက်ပံခုံရွာ ဓမ္မရက္ခိတာရုံကျောင်းဆရာတော်ဘဒ္ဒန္တဓမ္မပိယ၊ ရန်ကုန်မြို့ အလုံမြို့နယ် ကွင်းကျောင်းဆရာတော်၊ ဗဟန်းမြို့နယ် ဝိသုဒ္ဓါရုံကျောင်း တိုက်ဆရာတော် ဘဒ္ဒန္တဝါသဝါဘိဝံသ၊ မန္တလေးမြို့ ရွှေရေးဆောင်တိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍာဝ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ဆရာတော် ဘဒ္ဒန္တနေမိန္ဒ စသောဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး ၁၃၂၅ ခုနှစ်တွင် “သာသနဓဇမဟာစရိယ” ဘွဲ့ကိုလည်းကောင်း၊ ၁၃၂၈ ခုနှစ်တွင် “စေတိယင်္ဂဏမဟာစရိယ” ဘွဲ့ကိုလည်းကောင်း ရရှိတော်မူခဲ့ပါသည်။

သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ရန်ကုန်မြို့ အလုံမြို့နယ် ကွင်းကျောင်းတိုက်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်၊ မိုးညိုမြို့နယ် လက်ပံခုံရွာ ဓမ္မရက္ခိတာရုံကျောင်းတိုက်နှင့် မိုးညိုမြို့ ဝေဇယန္တာပရိယတ္တိစာသင်တိုက်တို့၌ ရဟန်း၊ သာမဏေများအား ပရိယတ္တိစာပေများ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ စာပေကျမ်းဂန်များ ရေးသားပြုစုတော်မူခဲ့ခြင်းနှင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်သံဃနာယကအဖွဲ့ (မဟာဒွါရ)ဥက္ကဋ္ဌ သံဃသမ္မတိရသံဃာ့ကိုယ်စားလှယ် နိုင်ငံတော်ဝိနည်းဓိရ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများပြင်ဆင်ရေးအဖွဲ့ဝင် ဆရာတော်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယတို့ဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ ပိဋ္ဌကတ္တယဆေကဂုဏ်၊ ဂန္ထဓုရာဝဟဂုဏ်၊ မဟာထေရဂုဏ်၊ ပရိယတ္တိဝိသာရဒဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတလဒ္ဓလဋ္ဌနဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ဂန္ထန္တရဗာဟုသစ္စဂုဏ်၊ ဗဟုဇနဟိတသုခါဝဟဂုဏ်၊ ဂန္ထရစနာဂုဏ်၊ ခမာဇာဂရိယဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၁၃၇၆ ခုနှစ်တွင် “အဂ္ဂမဟာပဏ္ဍိတ” ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၁၃၈၃ ခုနှစ်တွင် “အဘိဓဇမဟာရဋ္ဌဂုရု” ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည်သာသနာတော်အကျိုးကိုသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၈၆)နှစ် သိက္ခာ(၆၆)ဝါအရ ၁၃၈၆ ခုနှစ် တပေါင်းလပြည့်ကျော်(၂)ရက် (၁၅-၃-၂၀၂၅)ရက် စနေနေ့ နံနက် ၃ နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် အန္တိမအဂ်ိရာပနအခမ်းအနားကို ၁၃၈၆ ခုနှစ် နှောင်းတန်ခူးလဆန်း (၁၂)ရက် (၉-၄-၂၀၂၅) ရက် ဗုဒ္ဓဟူးနေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

ကော့မှူး၊ တွံတေး၊ ကွမ်းခြံကုန်းနှင့် လှိုင်သာယာမြို့နယ်များရှိ ပြည်သူ့လုံခြုံရေးအဖွဲ့ဝင်များနှင့် မိသားစုများသို့ ယူနီဖောင်း၊ ဆန်နှင့်ဆီများ ပေးအပ်ပွဲကျင်းပ



ရန်ကုန် မတ် ၁၆

ကော့မှူး၊ တွံတေး၊ ကွမ်းခြံကုန်း၊ လှိုင်သာယာအရှေ့ပိုင်းနှင့် လှိုင်သာယာအနောက်ပိုင်းမြို့နယ်များရှိ ပြည်သူ့လုံခြုံရေးအဖွဲ့ဝင်များနှင့် မိသားစုများသို့ ယူနီဖောင်း၊ ဆန်နှင့်ဆီများ ပေးအပ်ပွဲကို ယနေ့ညနေပိုင်းက သက်ဆိုင်ရာ နေရာများ၌ ကျင်းပသည်။

ဦးစွာ ကော့မှူး၊ တွံတေးနှင့် ကွမ်းခြံကုန်းမြို့နယ်များရှိ ပြည်သူ့လုံခြုံရေးအဖွဲ့ဝင်များနှင့် မိသားစုများအား ယူနီဖောင်း၊ ဆန်နှင့် ဆီများ ပေးအပ်ပွဲကို ကော့မှူးမြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၏ အားကစားခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်တို့က အဆိုပါမြို့နယ်များရှိ ပြည်သူ့လုံခြုံရေးအဖွဲ့ဝင်များနှင့် မိသားစုများသို့ ယူနီဖောင်း၊ ဆန်နှင့်ဆီများပေးအပ်ရာ မြို့နယ်အလိုက် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ၿငိုးနောက် ပြည်သူ့လုံခြုံရေးအဖွဲ့ဝင်များကိုယ်စား ကော့မှူးမြို့နယ်မှ အဖွဲ့ဝင်တစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့က တပ်ဖွဲ့ဝင်များကို အားပေးစကားပြောကြားပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

အလားတူ လှိုင်သာယာအရှေ့ပိုင်းမြို့နယ်နှင့် လှိုင်သာယာအနောက်ပိုင်းမြို့နယ်တို့ရှိ ပြည်သူ့လုံခြုံရေးအဖွဲ့ဝင်များနှင့် မိသားစုများသို့ ယူနီဖောင်း၊ ဆန်နှင့် ဆီများ ပေးအပ်ပွဲကို လှိုင်သာယာအနောက်ပိုင်း မြို့နယ်ခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ကအမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က တပ်ဖွဲ့ဝင်များကို အားပေးစကားပြောကြားပြီးရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၁)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆို

နေပြည်တော် မတ် ၁၆

ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၁)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းက ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ပြုလုပ်ရာ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။




ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၁)သို့ နိုင်ငံ့သားကောင်း ရတနာများအား စားသောက်ဖွယ်ရာများ ပေးအပ်ပြီး သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါသင်တန်းသို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများနှင့် အုပ်ချုပ်မှုကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ကျောက်ချပ် ရှုံ့ချပ်များမှသည် ဒစ်ဂျစ်တယ် ဖန်သားပြင်များအထိ

❄ နီဇော်သစ်



အကြိုသမိုင်းကာလအတွင်း အထွေထွေသုံးနည်းပညာတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအပေါ် ကြီးမားသော အပြောင်းအလဲဖြစ်စေခြင်းနှင့် ပါဝါပြန်လည်ဖြန့်ဝေခြင်းတို့ကို ဖော်ပြခဲ့ပြီးဖြစ်ရာ ယခုအချိန်တွင် အကြိုသမိုင်းခေတ်နှင့် သမိုင်းမှတ်တမ်းတင်နိုင်သည့် ခေတ်တို့အကြား စပ်ကူးမပ်ကူး နည်းပညာတစ်ရပ်ကို ဆက်လက်ဆွေးနွေးသွားပါမည်။ အကြိုသမိုင်းဟုပြောရခြင်းမှာ မှတ်တမ်းမှတ်ရာများမရှိဘဲ ရှေးဟောင်းသုတေသနတူးဖော်တွေ့ရှိမှုများကိုသာ အားထားလေ့လာရ၍ဖြစ်သည်။ ထိုအနေအထားကို ပြောင်းလဲပြီး သမိုင်းမှတ်တမ်းများရှိလာစေသည့် နည်းပညာမှာ စာအရေးအသားနည်းပညာဆိုသည်မှာ သေချာပါသည်။

လူသားတို့သည် စကားပြောဆို၊ အခြေချနေထိုင်၊ လူအုပ်စုများသည်ထက်များလာပြီး ကုန်သွယ်မှု၊ ကူးသန်းရောင်းဝယ်မှု၊ စစ်မက်ဖြစ်ပွားမှု၊ မြို့ရွာတည်ထောင်မှုစသည့် ယဉ်ကျေးမှုများ ကျယ်ပြန့်တိုးတက်လာချိန်တွင် အရေးကြီးလာသည့် အချက်တစ်ချက်မှာ မှတ်တမ်းမှတ်ရာဖြစ်သည်။ အစောဆုံးတွေ့ရသည့် စာအရေးအသားမှတ်တမ်းမှာ လွန်ခဲ့သော နှစ်ပေါင်း ၅၃၀၀ ကျော်က မက်ဆိုပိုတေးမီးယားဒေသတွင် နေထိုင်ကြသော ဆူမာလူမျိုးတို့၏ ကျူနီဖောင်းဟုခေါ်သည့် အရေးအသားများဖြစ်သည်။ ရှေးဆရာတို့က သတ်ပုံစာဟုခေါ်သည်။ အစောဆုံးစာတို့မှာ ကောက်နံ ပမာဏ၊ တိရစ္ဆာန်အရေအတွက် စသည်တို့ကို မှတ်တမ်းတင်ထားခြင်းမျှသာဖြစ်ပြီး နောင်နှစ်ပေါင်း ၁၀၀ ခန့်အကြာတွင် အသံများ၊ စိတ်ခံစားချက်များကို ထည့်သွင်းရေးသားထားသည့် ကျူနီဖောင်းစာများကို တွေ့ရသည်ဟု ရှေးဆရာများကဆိုသည်။

စာအရေးအသားသည် စတင်ပေါ်ပေါက်ကတည်းက လူ့မလိုင်တို့၏ ကိရိယာဖြစ်သည်။ စာရေးတတ်၊ ဖတ်တတ်သော လူတန်းစားနှင့် စာမတတ်သော လူတန်းစား စတင်ကွဲပြားသွားသည်။ စာတတ်သူတို့က သူတို့၏ အားသာချက် နည်းပညာကို တတ်နိုင်သမျှ ထိန်းချုပ်ထားကြပြီး စာမတတ်သူများအပေါ် အမြတ်ထုတ်ကြသည်။ ယင်းမှာ အထွေထွေသုံးနည်းပညာတို့၏ ပါဝါပြန်လည်ဖြန့်ဝေမှုလက္ခဏာတစ်ရပ်ဟု ဆိုနိုင်သော်လည်း ယခုတစ်ကြိမ်တွင် လူတန်းစားကွဲပြားမှုမှာ တော်တော်လေး ကြီးမားသွားသည်။ အုပ်ချုပ်သူ လူတန်းစား၊ ဘာသာရေးဆရာများနှင့် ကုန်သည်ပွဲစားတို့ စာတတ်ကြပြီး စာမတတ်သူများသည် ဆင်းရဲသားများဖြစ်သွားသည်။

စာအရေးအသားသည် အုပ်ချုပ်သူလူတန်းစားအတွက် ဥပဒေပြုမှုကို ပိုမိုခိုင်မာလာစေသည်။ ဥပမာ–ကျွန်တော်တို့အားလုံးနီးပါး ကြားဖူးနားဝရိုထားသည့် ဟမ္မူရာဘီ ကိုဓဋ္ဌပဒေမျိုး ဖြစ်သည်။ ထိုသို့ ဥပဒေပြုနိုင်ခြင်းက တိုင်းပြည်ထူထောင်ခြင်းကို တိုးတက်စေသည်။ ပိုမိုတည်ငြိမ်သော အုပ်ချုပ်မှုတစ်ရပ်ကိုဖြစ်စေသလို တစ်ဖက်တွင် ထိုဥပဒေများကို ဖတ်တတ်၊ ဘာသာပြန်တတ်သူများ၏ လက်ထဲသို့ ပါဝါများ ကြီးကြီးမားမား ရောက်လာသည်။

စာအရေးအသားကို အမြတ်ထုတ်နိုင်သည့် နောက်ထပ်လူတန်းစားတစ်ရပ်မှာ ဘာသာရေးဆရာများဖြစ်သည်။ ဘာသာရေးအရ အထွတ်အမြတ်ထားရသောစာပေများ ပေါ်လာသည်မှာ အီဂျစ် ရှေးဟောင်းဘုရားကျောင်း အရှုပ်စာများမှသည် အိန္ဒိယဝေဒကျမ်းများအထိ တွေ့နိုင်သည်။ စာအရေးအသားသည် ဘာသာရေးဆရာတို့ကို နှုတ်ဖြင့်သာ လက်ဆင့်ကမ်းရသည်ထက် ပိုမိုခိုင်မာသည့် အယူဝါဒတို့ကို သတ်မှတ်ပြဋ္ဌာန်းစေနိုင်သည်။ ဓလေ့ထုံးတမ်းတို့ကို ချမှတ်နိုင်စေသည်။ အစဉ်အလာတို့ကို ထိန်းသိမ်းနိုင်စေသည်။

စာရေးတတ်၊ ဖတ်တတ်သော ကုန်သည်ပွဲစားတို့သည် လယ်ဂျာများ၊ စာချုပ်များ၊ စစ်တမ်းများကို ကိုင်စွဲထားကြပြီး ပိုမိုကြီးမားသော ဥစ္စာဓနတို့ကို ရှာဖွေနိုင်စေမည့် လမ်းကြောင်းပေါ်သို့ ရောက်လာကြသည်။ စာအရေးအသားသည် ကုန်သွယ်ရေးကွန်ရက်ကို ပိုမိုကောင်းမွန်လာစေသည်။ ပိုမိုရှုပ်ထွေးသောစီးပွားရေးတို့ကို လုပ်နိုင်လာစေသည်။ တစ်ဖက်တွင် စာမတတ်သောကြောင့် အလုပ်ကြမ်းသာလုပ်ရသည့် လူတန်းစားကြီးတစ်ရပ်ကိုလည်း ထွက်ပေါ်လာစေသည်။

ဤနည်းအားဖြင့် စာအရေးအသားသည် အစောပိုင်းကာလအတွင်း ပါဝါရှိပြီးသား လူတို့ကိုသာ ပါဝါပိုမိုကြီးမားလာစေသည့် အကန့်အသတ်သဘောဖြင့် ပြန်လည်ဖြန့်ဝေမှုကိုသာ လုပ်နိုင်ခဲ့သည်။ သို့သော် အထွေထွေသုံးနည်းပညာတို့၏ သဘာဝအတိုင်း လူတိုင်းထံသို့ ရောက်ရမည့်အချိန်တွင် ရောက်လာစမြဲ။ ထိုသို့ဖြစ်နိုင်ရန် အထောက်အကူဖြစ်စေသည်မှာ အက္ခရာစာလုံးများ ပေါ်လာခြင်းဖြစ်သည်။

စာအရေးအသားသည် ဆင့်ကဲတိုးတက်နိုင်သည့် နည်းပညာတစ်ရပ်ဖြစ်သည်နှင့်အညီ ရှုပ်ထွေးပြီး ဖတ်ရခက်သော သတ်ပုံစာတို့၊ အရှုပ်စာတို့ထက် ပိုမိုရှင်းလင်းသည့် အက္ခရာစာအရေးအသားအဖြစ် ဖွံ့ဖြိုးလာသည်။ အစောဆုံးမှာ လွန်ခဲ့သောနှစ်ပေါင်း ၃၄၀၀ ခန့်က ဖိုနီးရှန်းအက္ခရာ စာအရေးအသားဖြစ်နိုင်သည်ဟု ပညာရှင်များက သတ်မှတ်ထားသည်။ ရှင်းလင်းသော အရေးအသားကြောင့် ရေးတတ်၊ ဖတ်တတ်ဖို့ ပိုလွယ်လာစေသည်။ စာတတ်သူ ပိုများလာသည်။ အုပ်ချုပ်သူများ၊ ဘာသာရေးဆရာများ၊ ကုန်သည်ပွဲစားများ လက်ဝါးကြီးအုပ်ထား၍ မရတော့ပေ။

လွန်ခဲ့သော နှစ်ပေါင်း ၂၈၀၀ ဝန်းကျင်မှ ၂၂၀၀ ဝန်းကျင်ကို 'ဝင်ရိုးခေတ်'ဟု ဂျာမန် ဒဿနပညာရှင် ကားလ်ဂျက်စပါစ်က နာမည်ပေးခဲ့သည်။ လူသားတို့၏အသိဉာဏ်၊ ဒဿနနှင့်ကိုးကွယ်ယုံကြည်မှုများ စတင်အခြေပြုရာ ခေတ်ဟု ဆိုလိုရင်းဖြစ်ပုံရသည်။ ထိုအသုံးအနှုန်းမှာ ယခုတွင်ကျယ်နေပြီ။ ဝင်ရိုးခေတ်သည် စာပေအရေးအသားက လူသားတို့ကို ပြောင်းလဲတိုးတက်စေခဲ့ပုံကို အထင်အရှား စတင်မြင်ရစေသည့် ခေတ်ဖြစ်သည်။ ယနေ့ခေတ် ကိုးကွယ်ယုံကြည်မှုနှင့် ဒဿနများသည် ထိုခေတ်က မြစ်ဖျားခံခဲ့သည်ဟု ဆိုနိုင်သည်။

ဝင်ရိုးခေတ်နောက်ပိုင်းတွင်လည်း စာအရေးအသားနှင့် သက်ဆိုင်သည့် ဘာသာရေးတော်လှန်ပြောင်းလဲမှုတစ်ရပ်ကို ထင်ထင်ရှားရှားမြင်နိုင်သည်။ ၁၆ ရာစု ပရိုတက်စတင့် ပြုပြင်ပြောင်းလဲရေးလှုပ်ရှားမှုဖြစ်သည်။ မာတင်လူသာ ဦးဆောင်ကာ သမ္မာကျမ်းကို လူအများ ဖတ်ရှုနိုင်အောင်ပြုလုပ်ပြီး ကက်သလစ်ဘုရားကျောင်းက ချုပ်ကိုင်ထားသော ဘာသာရေးအသိပညာတို့ကို ကျယ်ပြန့်စေခဲ့သည်။ ၁၈ ရာစုနောက်ပိုင်းတွင်မူ စာအရေးအသားသည် သိပ္ပံနှင့် ယုတ္တိဗေဒအတွေးအခေါ်များ တိုးတက်ပြောင်းလဲလာရန်အတွက် အခရာကျခဲ့သည်။

ဘာသာရေးပိုင်းတွင်သာမက အုပ်ချုပ်ရေးပိုင်းတွင်လည်း စာအရေးအသားတိုးတက်ပြောင်းလဲမှုက အုပ်ချုပ်သူလူတန်းစားကို ထိခိုက်စေပြီး လူအများထံသို့ ပါဝါပြန်လည်ဖြန့်ဝေမှုများ ရှိခဲ့သည်။ ယင်းတို့ကို ကိုလိုနီခေတ် စာပေများမှသည် ယနေ့ခေတ်၏ ပင်တဂွန် စာရွက်စာတမ်းများ၊ ဝီကီလိခ်တို့ကဲ့သို့ ပေါက်ကြားမှုများတွင် တွေ့မြင်နိုင်သည်။ ဤနေရာတွင် စာအရေးအသား၏ နှစ်ဖက်ခံသွားဆန်သော သဘာဝကို မြင်နိုင်သည်။ ယနေ့ခေတ်တိုင်အောင် နိုင်ငံရေးနှင့် ဘာသာရေးခေါင်းဆောင်များသည် လူအများကို ထိန်းချုပ်ရန် စာအရေးအသားကို အသုံးပြုလျက်ရှိသလို တော်လှန်ပြောင်းလဲမှုများအတွက် ကြိုးစားနေကြသူများကလည်း အလားတူ အသုံးပြုလျက်ရှိကြသည်။

ဘာသာစကားတီထွင်မှုဆိုသည့် အထွေထွေသုံးနည်းပညာမှ တိုက်ရိုက်ဆင်းသက်လာသည့် နောက်ထပ် အထွေထွေသုံးနည်းပညာဟုဆိုနိုင်သော စာအရေးအသား၏ အခြေးအားသာချက်တစ်ရပ်မှာ ယှဉ်ဖက်နည်းပညာများပေါ်လာတိုင်း အသုံးဝင်မှုတိုးတက်လာသလို ပါဝါပြန်လည်ဖြန့်ဝေနိုင်စွမ်းလည်း မြင့်မားလာခြင်းဖြစ်သည်။ ၁၄၄၀ ပြည့်နှစ် ဂူတင်ဘတ်၏ စာပုံနှိပ်စက် ပေါ်လာခြင်းသည် အဦးဆုံးတွေ့မြင်ရသည့် အထင်ရှားဆုံး သာဓကများထဲမှ တစ်ခုဖြစ်သည်။ စာပုံနှိပ်စက် ပေါ်လာခြင်းကြောင့် စာအုပ်များ ဖြစ်တည်လာပြီး ကိုပါးနီးကပ်၏ 'ကောင်းကင်စက်လုံးများ လှည့်ပတ်ရွေ့လျားပုံကျမ်း'၊ သောမတ်ပိန်း၏ 'ပင်ကိုသိစိတ်ကျမ်း'တို့သည် ဘာသာရေးကျောင်းတော်များ၊ သက်ဦးဆံပိုင်များ၊ မြေရှင်ပဒေသရာဇီများကို တုန်လှုပ်သွားအောင် စိန်ခေါ်နိုင်စွမ်းရှိခဲ့သည်မဟုတ်ပါလား။

ယနေ့ခေတ်တွင်မူ စာအရေးအသားသည် ယှဉ်ဖက် ဒစ်ဂျစ်တယ်နည်းပညာတိုးတက်ပြောင်းလဲမှုနှင့်အတူ ဒစ်ဂျစ်တယ်အရေးအသားများအဖြစ် ပြောင်းလဲသွားပြီ။ အင်တာနက်နည်းပညာထွန်းကားလာခြင်း၏ ယှဉ်ဖက်ဖြစ်သည့် လူမှုကွန်ရက်များ ပေါ်လာချိန်တွင် စာအရေးအသား၏ ပါဝါပြန်လည်ဖြန့်ဝေမှုမှာ အလွန်တရာကြီးမားခဲ့ပြီး လူတိုင်းကို ထုတ်ဝေသူများဖြစ်လာစေသည်။

စာအရေးအသားနည်းပညာကို တီထွင်နိုင်ခဲ့ခြင်းကြောင့် သန်း၅၀၊ သိပ္ပံ၊ ဒဿန၊ လူမှုသိပ္ပံတို့ ပေါ်ပေါက်လာရခြင်းဖြစ်ပြီး ယနေ့ခေတ်လူသားတို့၏ ယဉ်ကျေးမှုအဆင့်အတန်းကို ထူထောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ရှေ့ကဆိုခဲ့သလို အကြိုသမိုင်းခေတ်၏ နောက်ဆုံးအထွေထွေသုံးနည်းပညာလည်းဖြစ်သည်။ စာအရေးအသားက မှတ်တမ်းမှတ်ရာတို့ကိုဖြစ်စေပြီး သမိုင်းဘာသာရပ်ကို ပေါ်ထွက်လာစေခဲ့သောကြောင့်ပင်။ ထို့ကြောင့် နောက်ပိုင်း ပေါ်ထွက်လာသော အထွေထွေသုံးနည်းပညာများ အကြောင်း ဆွေးနွေးချိန်တွင် အချိန်ကာလ အတိအကျကို ထည့်သွင်းဖော်ပြပြီး ပို၍ တိတိကျကျ ဆွေးနွေးသွားနိုင်တော့မည်ဖြစ်သည်။

Ref: The Story of Writing by Andrew Robinson
The Coming Wave by Mustafa Suleyman
How Trump Thinks by Peter Oborne and Tom Roberts

သက်ရှိစတင်ဖြစ်တည်မှု ပုံစံအသစ်တွေ့ရှိ

ကမ္ဘာပေါ်တွင် သက်ရှိတို့ ဘယ်လိုမျိုး စတင်ဖြစ်တည်လာသလဲ ဆိုသည့်အချက်မှာ ခေတ်အဆက်ဆက် လူသားတို့ အသိချင်ဆုံးကိစ္စများထဲမှ တစ်ခုဖြစ်သလို သိပ္ပံပညာရှင်များကလည်း အမျိုးမျိုးကြံဆထုတ်ဖော်ခဲ့ကြသည်။ ယခုအချိန်တွင်မူ စတန်းဖို့ဒ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက အဏုကြည့်မှန်ပြောင်းဖြင့်သာ တွေ့မြင်နိုင်လောက်အောင်သေးငယ်သည့် မိုးကြိုးလျှပ်စီးတို့ကြောင့် ကမ္ဘာပေါ်တွင် သက်ရှိများ စတင်ဖြစ်တည်လာသည်ဟု ဖော်ထုတ်ခဲ့ပြန်ပြီ။

သက်ရှိများ စတင်ဖြစ်တည်ရန် မိုးကြိုးပစ်ရာမှရရှိသည့် လျှပ်စီးမျိုးလိုအပ်သည်ဟု သိပ္ပံပညာရှင်များ လက်ခံထားခဲ့ကြသည်မှာ ကြာပြီဖြစ်သည်။ ကမ္ဘာဦးကာလတွင် မိုးကြိုးအကြိမ်ကြိမ်ပစ်ခြင်းဖြင့် ပင်လယ်သမုဒ္ဒရာထဲတွင် ဓာတုပြောင်းလဲမှုများဖြစ်ပေါ်ကာ သက်ရှိဖြစ်လာစေမည့် ဒီအင်နှံအေတို့ ပေါ်ထွက်လာစေသည်ဟု ယခင်က ယူဆခဲ့ကြသည်။ သို့သော် ထိုအယူအဆမှာ အားနည်းချက် များလွန်းလှသည်။ ကမ္ဘာဦးတွင် မိုးကြိုးမည်မျှပစ်စေကာမူ သမုဒ္ဒရာတစ်ခွင်လုံး၌ သက်ရှိများ ဖြစ်တည်လာနိုင်လောက်သည်အထိ အကျိုးသက်ရောက်မှုမရှိနိုင်ဟု သံသယရှိခဲ့ကြသည်။



ယခုအချိန်တွင်မူ ပင်လယ်သမုဒ္ဒရာအတွင်း လှိုင်းများအချင်းချင်း ရိုက်ခတ်ပြီး ကွဲထွက်သွားချိန်၌ အထက်က ပြောခဲ့သလို မိုက်ခရိုမိုးကြိုးလေးများဖြစ်လာပြီး သက်ရှိတို့ကို စတင်ဖြစ်တည်လာစေသည်ဟု တွေ့ရှိခဲ့ခြင်းဖြစ်သည်။ သိပ္ပံပညာရှင်တို့က ထိုဖြစ်စဉ်ကို ဓာတ်ခွဲခန်းထဲ၌ စမ်းသပ်အတည်ပြုပြီးမှ ထုတ်ပြန်ခဲ့ကြခြင်းဖြစ်သည်။

စတန်းဖို့ဒ်တက္ကသိုလ်၏ လူသားနှင့် သိပ္ပံကျောင်းမှ ပါမောက္ခ ရစ်ချိတ်ဇာရေးက "ကမ္ဘာဦးကာလမှာ ရေလှိုင်းတွေက ကျောက်အက်ကွဲကြောင်းတွေ၊ ကျောက်တုံးတွေကိုရိုက်တယ်။ အဲဒီလို ရိုက်ခတ်တာကြောင့် ဓာတုတုံ့ပြန်မှုတွေကို ဖြစ်လာစေတယ်"ဟု ဆိုသည်။

ယခု တွေ့ရှိမှုကြောင့် ကမ္ဘာဦး မိုးကြိုးသီအိုရီတို့၊ ဥက္ကာခဲများမှ သက်ရှိဇီဝရုပ်များ ကမ္ဘာပေါ်ရောက်သည့် သီအိုရီတို့ကို ရှင်းလင်းဖယ်ရှားနိုင်တော့မည်ဖြစ်သည်။ ။

Ref: Daily Mail

တရုတ်နိုင်ငံ၏ သက်ကြီးရွယ်အို အပန်းဖြေရထားပြေးဆွဲခြင်းလုပ်ငန်း

စိုးသူရ

တရုတ်နိုင်ငံမှ သက်ကြီးရွယ်အိုခရီးသည်တစ်စုသည် တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှန်ဇီပြည်နယ်၏ မြို့တော် ရှီအန်းတွင် ပြေးဆွဲနေသည့် ပိုးလမ်းမခရီးသွားလုပ်ငန်းဆိုင်ရာ သက်ကြီးရွယ်အို အပန်းဖြေရထားကို စိတ်အားထက်သန်စွာ လိုက်ပါခဲ့ကြသည်။

အဆိုပါ ပိုးလမ်းမသက်ကြီးခရီးသွားရထားခရီးစဉ်သည် တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့ အပါအဝင် တရုတ်အစိုးရ အေဂျင်စီကိုးခုနှင့် အစိုးရပိုင် လုပ်ငန်းကိုးခုတို့ပူးပေါင်းပြီး သက်ကြီးရွယ်အိုများအတွက် ပျော်ရွှင်ဖွယ်ခရီးသွားအတွေ့အကြုံများ ဖန်တီးပေးရန်အတွက် နောက်ဆုံးပေါ် ခရီးသွားဝန်ဆောင်မှုများဖြင့် ပြေးဆွဲသည့်ရထားခရီးစဉ်ဖြစ်သည်။



တရုတ်နိုင်ငံသည် ယခုနှစ်ဖေဖော်ဝါရီ ၁၁ ရက်တွင် သက်ကြီးရွယ်အိုခရီးသွားရထားများ မြှင့်တင်ရန် လုပ်ငန်းစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

ယခုဆောင်ရွက်မည့် စီမံကိန်းအရ ၂၀၂၇ ခုနှစ်၌ နိုင်ငံတစ်ဝန်းတွင် သက်ကြီးရွယ်အိုများအတွက် ရထားခရီးစဉ်များပြေးဆွဲရေး အထူးရထားလမ်းကွန်ရက်ကို တည်ဆောက်ရန် စီစဉ်နေကြောင်း သိရသည်။

ခရီးသွားရထားပြေးဆွဲမည့်လမ်းကြောင်းများတွင် ရှင်ကျန်းဝီဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ယူနန်ပြည်နယ်နှင့် ဟေလောင်ကျန်းပြည်နယ်များရှိ ခရီးသွားနေရာများပါဝင်သည်။ ယမန်နှစ်က ခရီးသွားရထားများသည် ခရီးသည်ပေါင်း တစ်သန်းကျော်ကိုပို့ဆောင်ပေးခဲ့သည်ဟု တရုတ်နိုင်ငံ ရထားပို့ဆောင်ရေးဌာနမှ တာဝန်ရှိသူ ဂူဝမ်ဇောင်က ပြောကြားသည်။

ယခုဆောင်ရွက်မည့် သက်ကြီးခရီးသွားရထားခရီးစဉ်များအနက် ရှင်ကျန်းဝီဂါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ပြေးဆွဲသည့် ရထားခရီးစဉ်သည် သက်ကြီးရွယ်အိုများအား ဒေသရှုခင်းများနှင့် ယဉ်ကျေးမှုဆိုင်ရာနေရာများကို သက်သောင့်သက်သာရှိစွာ စူးစမ်းလေ့လာနိုင်မည့် ခရီးစဉ်ဖြစ်သည်။ “ရထားခရီးစဉ်တွေက ကုန်ကျစရိတ် သက်သာတယ်၊ အချိန်ကုန်သက်သာပြီး စွမ်းအင်ကို ချွေတာရာရောက်တဲ့အတွက် သက်ကြီးခရီးသွားတွေအဖို့ သင့်တော်ပါတယ်”ဟု မနှစ်က ရှင်ကျန်းရထားခရီးစဉ်တွင် လိုက်ပါခဲ့သည့် ကွန်ဟိုင်းပြည်နယ်မှ အသက် ၆၁ နှစ်အရွယ် ဝမ်ဇန်ကွိုက ပြောကြားသည်။

အဆိုပါရထားသည် ခရီးစဉ်တစ်ခုလျှင် ခရီးသည် ၂၀၀ ကျော်ကို တင်ဆောင်နိုင်ပြီး ရထားတွဲများတွင် ကျယ်ဝန်းသောခုတင်များ၊ အပူချိန်ထိန်းစနစ်များနှင့် အရေးပေါ်ခေါ်ဆိုမှုခလုတ်များကဲ့သို့သောကိရိယာများ တပ်ဆင်ထားသည်။ ထို့ပြင် ရထားတွင် ကာရာအိုကေခန်းများနှင့် မာဂျောင်ကစားပွဲများကဲ့သို့သော ဖျော်ဖြေရေးဆိုင်ရာ အစီအစဉ်များလည်း ပါဝင်သည်။

ထို့ပြင် ရထားပေါ်တွင် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများ၊ ကျန်းမာရေးကိရိယာများနှင့် သက်ကြီးရွယ်အိုများအတွက် ထုတ်လုပ်ထားသောအစားအစာများကို စီစဉ်ထားသည်။

သက်ကြီးရွယ်အိုများအတွက် သက်သောင့်သက်သာရှိသော ခရီးသွားအတွေ့အကြုံ ရရှိစေရန် မိမိတို့ ကြိုးပမ်းနေကြောင်း ရှီအန်းရထားလုပ်ငန်း အပြည်ပြည်ဆိုင်ရာခရီးသွားလာရေးလုပ်ငန်းအထွေထွေမန်နေဂျာ ယန်တိုက ပြောကြားသည်။ သက်ကြီးရွယ်အိုခရီးသွားများသည် ယေဘုယျအားဖြင့် လက်မှုပစ္စည်းများကို ဝယ်ယူလိုကြသည့်အတွက် အဆင်ပြေအောင် စီစဉ်ဆောင်ရွက်ထားသည်ဟု ၎င်းက ပြောကြားသည်။

ယခုပြေးဆွဲသည့် ရထားခရီးစဉ်တွင် ခရီးသွားရထားများနှင့် ရှုခင်းသာနေရာများအကြား ပေါင်းစပ်ညှိနှိုင်းမှုကိုလည်း ပံ့ပိုးပေးထားပြီး ဒေသတွင်းခရီးသွားနေရာများ လည်ပတ်သွားရောက်ခြင်းနှင့် သက်ကြီးခရီးသွားများအတွက် ဧည့်ခံရေးပစ္စည်းများကဲ့သို့သော ဝန်ဆောင်မှုအစီအစဉ်များ ပါဝင်သည်။

ယနေ့ခေတ် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးနေချိန်တွင် တရုတ်နိုင်ငံက ဆောင်ရွက်နေသည့် သက်ကြီးရွယ်အိုခရီးသွားရထားခရီးစဉ်များသည် သက်ကြီးရွယ်အိုများအတွက် ကျန်းမာပျော်ရွှင်မှုနှင့် ဗဟုသုတများစွာကိုလည်း ပေးအပ်လျက်ရှိကြောင်း ရေးသားလိုက်ရပါသည်။

ကိုးကား– Economic Watch: China expands silver tourism train services to cater to growing elderly travel market

အနုပညာ

ရုပ်ရှင်သစ်အတွက် ပြောင်းလဲမှုတွေ ပြုလုပ်ခဲ့တဲ့ ယူရီ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့ Girls’ Generation ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး သရုပ်ဆောင်တစ်ဦးအဖြစ်လည်း အောင်မြင်နေတဲ့ ယူရီက လတ်တလောမှာ ထုတ်လွှင့်ပြသလျက်ရှိတဲ့ သူ့ရဲ့ ရုပ်ရှင်သစ်နဲ့ပတ်သက်ပြီး ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုတွေ လုပ်ဆောင်ခဲ့ရကြောင်း ထုတ်ဖော်ပြောကြားခဲ့တယ်လို့ စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



ယူရီဟာ KBS ရဲ့ Cool FM အစီအစဉ်က ထုတ်လွှင့်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ သူ့ရဲ့ရုပ်ရှင်သစ် Somebody နဲ့ ပတ်သက်ပြီး ဖြေကြားခဲ့တာပါ။ အဆိုပါရုပ်ရှင်မှာ ယူရီဟာ လူတွေကွယ်လွန်ခဲ့ပြီးနောက်မှာ သန့်ရှင်းရေးလုပ်ဆောင်ပေးရတဲ့ သန့်ရှင်းရေးတစ်ဦးဖြစ်သူ မင်အဖြစ် ပါဝင်သရုပ်ဆောင်ထားပါတယ်။ အဆိုပါ ဇာတ်ကောင်ပီပြင်ဖို့ရာ ယူရီအနေနဲ့ ဆံပင်ပုံစံပြောင်းလဲတာတွေ၊ ကိုယ်အလေးချိန်ပြောင်းလဲအောင် လုပ်ဆောင်ရတာတွေ ရှိခဲ့တယ်လို့ ဆိုပါတယ်။

မင်ဟာ သန့်ရှင်းရေးအလုပ်သမားတစ်ဦးဖြစ်တာကြောင့် သူ့ရဲ့ဘဝအခြေအနေနဲ့ လိုက်ဖက်အောင် မိတ်ကပ်မလိမ်းခြယ်တော့ဘဲ မျက်နှာအသားအရေပိုင်းတွေမှာလည်း လိုက်ဖက်အောင် ပြောင်းလဲခဲ့ပါတယ်။ သူ့ရဲ့ ရှေ့ဆံပင်တွေကိုလည်း မျက်ခုံးကို ဖုံးတဲ့အထိ ညှပ်ခဲ့ရပြီး ယူရီရဲ့ အသွင်အပြင်ကနေ ကွဲထွက်အောင်ပြောင်းလဲခဲ့ရပါတယ်။ ကိုယ်အလေးချိန်ကိုလည်း 7 Kg တက်လာအောင်လုပ်ဆောင်ခဲ့ရတယ်လို့လည်း သိရပါတယ်။

ယူရီက ကေပေါ့ပ်တေးသံရှင်တစ်ဦးအဖြစ်မှ သရုပ်ဆောင်တစ်ဦးအဖြစ် ပြောင်းလဲခဲ့ပြီးနောက်မှာတော့ သူ့ရဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်တဲ့ မင်းသမီးတစ်ဦးဝိသစ္စာ ဇာတ်ဆောင်တွေနဲ့ လိုက်ဖက်အောင် ပြောင်းလဲပြင်ဆင်က သူ့ရဲ့ အနုပညာအရည်အသွေးတွေကို ပြသနိုင်ဖို့ရာ ကြိုးပမ်း လုပ်ဆောင်မှာဖြစ်တယ်လို့လည်း ဆိုပါတယ်။

ယူရီပါဝင်သရုပ်ဆောင်ထားတဲ့ Somebody ကို မတ် ၁၂ ရက်ကစတင်ပြီး နိုင်ငံတစ်ဝန်းရုံတင် ပြသနေတာဖြစ်တယ်လို့လည်း သိရပါတယ်။

အေးပြည့် - စုစည်းသည်

ငွေကြေးပိုင်းဆိုင်ရာဆုံးရှုံးမှုတွေနဲ့ ကြုံတွေ့နေရတဲ့ ကင်ဆူဟွန်



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ကင်ဆူဟွန်ဟာ လတ်တလောမှာ ပေါ်ထွက်လာခဲ့တဲ့ အချစ်ရေးနဲ့ ပတ်သက်ပြီး ငွေကြေးပိုင်းဆိုင်ရာ ဆုံးရှုံးမှုတွေ ဆက်တိုက်ကြုံတွေ့နေရပါတယ်။ သူနဲ့ ကွယ်လွန်ခဲ့ပြီဖြစ်တဲ့ မင်းသမီး ကင်ဆယ်ရွှန်တို့ ချစ်သူတွေဖြစ်နေကြောင်း အတည်ပြုခဲ့ပြီးနောက် သူ့ရဲ့ ကြေငြာခြင်းနဲ့ပတ်သက်တဲ့ ဝင်ငွေတွေ ဆုံးရှုံးခဲ့ရတာဖြစ်ပြီး စုစုပေါင်း ဝမ်း၁၃ သန်းထက်မနည်း ဆုံးရှုံးခဲ့ရတယ်လို့ eVnxpress ရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မင်းသားဟာ မကြာသေးမီက ကွယ်လွန်ခဲ့တဲ့ မင်းသမီး ကင်ဆယ်ရွှန်နဲ့ ချစ်သူတွေဖြစ်ခဲ့ကြောင်း မင်းသားရဲ့အေဂျင်စီဘက်က မကြာသေးမီက ထုတ်ပြန်အတည်ပြုခဲ့တာပါ။ အေဂျင်စီရဲ့ ထုတ်ပြန်ချက်အရ သူတို့နှစ်ဦးဟာ ၂၀၁၉ ခုနှစ်ကနေ ၂၀၂၀ ပြည့်နှစ်အတွင်း ချစ်သူတွေအဖြစ် လက်တွဲခဲ့တာ ဖြစ်တယ်လို့ဆိုပါတယ်။ ဒါပေမယ့် လူမှုကွန်ရက်မီဒီယာပေါ်မှာ ရှာဖွေတွေ့ရှိခဲ့တဲ့ ပုံတွေမှာတော့ သူတို့နှစ်ဦးချစ်သူတွေဖြစ်ခဲ့တာ ခြောက်နှစ်ခန့်ရှိကြောင်း သက်သေတွေအခိုင်အမာရှိလို့နေပါတယ်။ ကင်ဆယ်ရွှန်ဟာ ကွယ်လွန်ချိန်မှာ အသက် ၂၁ နှစ်သာရှိသေးတာဖြစ်ပြီး သူတို့နှစ်ဦးချစ်သူတွေအဖြစ် စတင်လက်တွဲခဲ့ချိန်မှာ အသက် ၁၅ နှစ်ခန့်သာ ရှိသေးတာကြောင့် ကင်ဆယ်ရွှန် အသက်မပြည့်သေးတဲ့အရွယ်မှာပင် ကင်ဆူဟွန်နဲ့ ချစ်သူတွေ ဖြစ်ခဲ့တာလို့ဆိုနိုင်ပါတယ်။ ကင်ဆယ်ရွှန်ရဲ့ မိသားစုဘက်ကတော့ ကင်ဆူဟွန်ဟာ ကင်ဆယ်ရွှန် အသက် ၁၅ နှစ်ခန့်မှာပင် ချစ်သူတွေအဖြစ် တွဲခဲ့ကြတာဖြစ်ကြောင်း အတည်ပြုခဲ့ပါတယ်။

အဆိုပါ သတင်းတွေကြောင့် ကင်ဆူဟွန်အနေနဲ့ ကြော်ငြာတွေ အမှတ်တံဆိပ်ကိုယ်စားလှယ်အဖြစ်ကနေ ရုပ်သိမ်းခံရတာမျိုးတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ဒါ့အပြင် ကင်ဆူဟွန်ရဲ့ အနုပညာလမ်းကြောင်းဟာလည်း ရှေ့ဆက်ဖို့ မသေချာဖြစ်နေရပါပြီ။ တောင်ကိုရီးယား ပရိသတ်တွေက ကင်ဆူဟွန်နဲ့ ကြော်ငြာမရိုက်ကူးဖို့၊ အဆက်အဆံမလုပ်ဖို့ ကုမ္ပဏီတွေကို တောင်းဆိုထားပါတယ်။

ကင်ဆူဟွန်ဟာ ရုပ်သံဇာတ်လမ်းတွဲ Knock Off ကို လတ်တလောမှာ လက်ခံရိုက်ကူးနေတာပါ။ အဆိုပါဇာတ်လမ်းတွဲကို လာမယ့် ဇူလိုင်အတွင်း စတင်ထုတ်လွှင့်ဖို့ စီစဉ်ထားပါတယ်။ လက်ရှိအခြေအနေကြောင့် အဆိုပါဇာတ်လမ်းတွဲ ထုတ်လွှင့်ဖို့ရာ နှောင့်နှေးတာတွေ၊ မင်းသားပါဝင်တဲ့အခန်းတွေကို ပြန်လည်တည်းဖြတ်တာမျိုးတွေ လုပ်ရမယ်ဆိုပါက မင်းသားဘက်က ထုတ်လုပ်သူတွေက ငွေကြေးပြန်လည် ပေးလျော်ရတာမျိုးတွေလည်း ရှိလာနိုင်ပါတယ်။ ကင်ဆူဟွန်ဟာ အဆိုပါဇာတ်လမ်းတွဲ ပါဝင်ရိုက်ကူးမှုအတွက် အပိုင်းတစ်ပိုင်းစီကဝမ်းသန်း ၈၀၀ အထိ ရရှိထားတာဖြစ်တယ်လို့လည်း သိရပါတယ်။

ပရီမီယာလိဂ်သွင်းဂိုး ၁၀၀ အထိ ပါဝင်ပတ်သက်မှုရှိခဲ့ပြီဖြစ်တဲ့ တိုက်စစ်မှူး ဟာလန်း



မတ် ၁၅ ရက်ညပိုင်းက မန်စီးတီးအသင်းနဲ့ ဘရိုက်တန်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ် ပွဲစဉ်(၂၉)မှာ မန်စီးတီးအသင်းနဲ့အတူ သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဟာလန်း ဟာလက်ရှိအချိန်မှာ ပရီမီယာလိဂ်သွင်းဂိုး ၁၀၀ အထိ ပါဝင်ပတ်သက်မှုရှိလာခဲ့ပြီဖြစ်ပါတယ်။

တိုက်စစ်မှူး ဟာလန်းဟာ ဘရိုက်တန်အသင်းနဲ့ ပွဲစဉ်မှာ ပထမပိုင်းပွဲကစားချိန် ၁၁ မိနစ်မှာ ပင်နယ်တီကနေတစ်ဆင့် သွင်းဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့တာဖြစ်ပြီး လက်ရှိအချိန်မှာ မန်စီးတီးအသင်းနဲ့အတူ ပရီမီယာလိဂ်ပွဲစဉ် ၉၄ ပွဲ ပါဝင်ကစားပြီး ချိန်မှာ သွင်းဂိုး ၈၄ ဂိုးအထိ သွင်းယူထားနိုင်ခဲ့တာကြောင့် သွင်းဂိုးနဲ့ ဂိုးဖန်တီးမှု စုစုပေါင်း ၁၀၀ အထိ ရှိလာခဲ့တာဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ ဘရိုက်တန်အသင်းနဲ့ ပွဲစဉ်မှာ တစ်ဖက်နှစ်ဂိုးစီသရေရလဒ်သာ ထွက်ပေါ်ခဲ့ပေမယ့် ပရီမီယာလိဂ်ပွဲစဉ် ၂၉ ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၄၈ မှတ်နဲ့ အမှတ်ပေးဇယားအဆင့် ၅ နေရာကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး ဟာလန်းဟာ လက်ရှိအချိန်မှာ မန်စီးတီးအသင်းနဲ့အတူ ပရီမီယာလိဂ် သွင်းဂိုး ပါဝင်ပတ်သက်မှု ၁၀၀ အထိ ရှိသွားခဲ့ပြီဖြစ်တာကြောင့် အရင်က စံချိန်တင်ရှိခဲ့တဲ့ တိုက်စစ်မှူး အလန်ရိုးယားရဲ့ စံချိန်ကို လိုက်မီခဲ့ပြီဖြစ်ပါတယ်။

တိုက်စစ်မှူး ဟာလန်းဟာ ၂၀၂၂ ခုနှစ် ဇွန်လအတွင်းက ဒေါ့မွန်အသင်းကနေ ပြောင်းရွှေ့ကြေးပေါင် ၅၁ ဒသမ ၂ သန်းနဲ့ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး ပရီမီယာလိဂ်သမိုင်းတစ်လျှောက်မှာ အလန်ရိုးယားနောက်ပိုင်း ဘောလုံးရာသီသုံးရာသီအတွင်း ဂိုးပါဝင်ပတ်သက်မှု ၁၀၀ ပြည့်မြောက်ခဲ့တဲ့ ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

ယခင်က စံချိန်တင်ခဲ့တဲ့ အဂူရို၊ ဟင်နရီ၊ ဟက်ဆယ်ဘိန့်ခ်၊ လက်စ်ဖာဒီနန်စတဲ့ ကစားသမားတွေကတော့ ပရီမီယာလိဂ်သွင်းဂိုး ၁၀၀ အထိ ပါဝင်ပတ်သက်မှု စံချိန်ကို ဘောလုံးရာသီလေးရာသီရောက်မှသာ ရရှိခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး ဟာလန်းဟာ မန်စီးတီးအသင်းကို ပြောင်းရွှေ့လာခဲ့ပြီးနောက် ပရီမီယာလိဂ်သွင်းဂိုး ၈၄ ဂိုးနဲ့ ဂိုးဖန်တီးမှု ၁၆ ကြိမ် ပြုလုပ်ထားနိုင်ခဲ့တာကြောင့် ပရီမီယာလိဂ်သမိုင်းတစ်လျှောက်မှာ အချိန်တိုအတွင်း ပရီမီယာလိဂ်သွင်းဂိုး ပါဝင်ပတ်သက်မှု ၁၀၀ ပြည့်မြောက်ခဲ့တဲ့ ပထမဆုံး ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး ဟာလန်းဟာ ဒေါ့မွန်အသင်းကနေ ပြောင်းရွှေ့လာခဲ့ပြီးနောက် မန်စီးတီးအသင်းနဲ့အတူ ပထမဆုံး ဘောလုံးရာသီနှစ်ရာသီမှာလည်း ပရီမီယာလိဂ် ရွှေဖိနပ်ဆုကို ရယူဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။

အဲဒီလို စွမ်းဆောင်ရည်တွေရှိခဲ့ပေမယ့် ယခုဘောလုံးရာသီမှာတော့ ပရီမီယာလိဂ်ပွဲစဉ် ၂၇ ပွဲပါဝင်ကစားပြီးချိန်မှာ သွင်းဂိုး ၂၀ နဲ့ ဂိုးဖန်တီးမှု ၁၇ ကြိမ်သာ ပြုလုပ်နိုင်ခဲ့တာကြောင့် တိုက်စစ်မှူး တိုက်စစ်မှူး ဟာလန်းဟာ အခု ဘောလုံးရာသီမှာ ပထမဆုံးပရီမီယာလိဂ်ပွဲစဉ် ငါးပွဲမှာ သွင်းဂိုး ၁၀ ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီး ၁၀၃ မိနစ်ရှိတိုင်း သွင်းဂိုးတစ်ဂိုး သို့မဟုတ် ဂိုးဖန်တီးမှု တစ်ကြိမ်ကိုလည်း ရယူပိုင်ဆိုင်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။



အိမ်ကွင်းအမ်းမရိတ်၌ မာရီနိုရဲ့ တစ်လုံးတည်းသောသွင်းဂိုးဖြင့် ချယ်လ်ဆီးအသင်းကို အာဆင်နယ်အသင်း အနိုင်ရရှိခဲ့

ပရီမီယာလိဂ်ပွဲစဉ်(၂၉)ရဲ့ မတ် ၁၆ ရက်ညပိုင်း အစောဆုံးပွဲစဉ်တစ်ပွဲဖြစ်တဲ့ အာဆင်နယ်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ပွဲစဉ်မှာ အာဆင်နယ်အသင်းက ချယ်လ်ဆီးအသင်းကို မာရီနိုရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အာဆင်နယ်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို မာရီနိုက ပထမပိုင်းပွဲကစားချိန် မိနစ် ၂၀ မှာ သွင်းယူပေးခဲ့တာဖြစ်ပြီး ချယ်လ်ဆီးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်(၂၉)ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၅၈ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၂)နေရာမှာ ဆက်လက်ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းကတော့ အာဆင်နယ်အသင်းကို ရှုံးနိမ့်ခဲ့ပေမယ့် ရမှတ် ၄၉ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၄)နေရာမှာ ဆက်လက်ရပ်တည်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

ဒွေကြယ်ရေးသားသည်

ဗြိတိန်ပရော်ဖက်ရှင်နယ်တင်းနစ်ကစားသမား ဂျက်ဒရက်ပါ အင်ဒီယန်ဝဲလ်တင်းနစ်ဖလား ဆီမီးဖိုင်နယ်အဆင့်တက်လှမ်း

ဗြိတိန်ပရော်ဖက်ရှင်နယ်တင်းနစ်ကစားသမား ဂျက်ဒရက်ပါဟာ အင်ဒီယန်ဝဲလ်တင်းနစ်ဖလား ပြိုင်ပွဲရဲ့ အမျိုးသားတစ်ဦးချင်း ကွာတားအဆင့် ပွဲစဉ်မှာ ကာလို့စ်အယ်လ်ကာရက်ဇ်ကို အနိုင်ရရှိခဲ့ပြီးနောက် ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

ဗြိတိန်ပရော်ဖက်ရှင်နယ်တင်းနစ်ကစားသမား ဂျက်ဒရက်ပါဟာ အင်ဒီယန်ဝဲလ်တင်းနစ်ဖလား ပြိုင်ပွဲမှာ ချန်ပီယံ လေးကြိမ်ရရှိထားတဲ့ အယ်လ်ကာရက်ဇ်ကို အမျိုးသားတစ်ဦးချင်း ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်မှာ ၆-၁၊ ၀-၆၊ ၆-၄ နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ဂျက်ဒရက်ပါဟာ လက်ရှိအချိန်မှာ အင်ဒီယန်ဝဲလ်တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်တာကြောင့် ဆီမီးဖိုင်နယ်အဆင့်မှာ ဒိန်းမတ်တင်းနစ်ကစားသမား ဟိုလ်ဂါရူနီနဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။

ကမ္ဘာ့အဆင့်(၁၃)နေရာမှာ ရပ်တည်နေတဲ့ ဟိုလ်ဂါရူနီဟာ အင်ဒီယန်ဝဲလ်တင်းနစ်ဖလား ပြိုင်ပွဲရဲ့ အမျိုးသားတစ်ဦးချင်း ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်မှာ ရုရှားတင်းနစ်ကစားသမား မက်ဗီဒက်ဗ်ကို ၇-၅၊ ၆-၄ ဖြင့် အနိုင်ရရှိခဲ့ပြီး နောက်တစ်ဆင့် တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။



Amateur Open 2025 ကျင်းပမည်

နေပြည်တော် မတ် ၁၆

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်နှင့် အထက်မြန်မာပြည် ဂေါက်သီးအားကစားအဖွဲ့ချုပ် ဆပ်ကော်မတီတို့ ပူးပေါင်းကျင်းပမည့် Amateur Open 2025 ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၁ ရက်မှ ၃ ရက်အထိ မန္တလေးမြို့ရှိရွှေမန်းတောင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို R&A Rules Limited/ နှင့် USGA တို့၏ Rules of Golf 2023 ဂေါက်သီးစည်းမျဉ်းများနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဝါသနာရှင်အဆင့် (အမျိုးသား) H'Cap 0–12 အဆင့်ရှိသူ ကစားသမားများသည် မတ် ၃၀ ရက် မွန်းလွဲ ၂ နာရီနောက်ဆုံးထား၍ ပြိုင်ပွဲဝင်ကစားသမားတစ်ဦးလျှင် ကျပ်သုံးသောင်းဖြင့် ဦးမင်းနိုင် ဖုန်း ၀၉-၂၀၁၄၄၆၇ နှင့် ဦးသန့်ဇင် ဖုန်း ၀၉-၂၀၂၆၅၆၆ ထံ ပြိုင်ပွဲဝင်ကြေးနှင့်အတူ စာရင်းပေးသွင်းနိုင်မည်ဖြစ်သည်။ ပြိုင်ပွဲဝင်အရေအတွက် ကန့်သတ်ထားပြီး ဝင်ကြေးပေးသွင်းပြီးသည့်ကစားသမားများကိုသာ ပြိုင်ပွဲဝင်ကစားသမားအဖြစ် အတည်ပြုမည်ဖြစ်သည်။

ပြိုင်ပွဲဆုပေးပွဲနှင့် ညစာစားပွဲကို ဧပြီ ၃ ရက် ညနေ ၅ နာရီတွင် ရွှေမန်းတောင်ဂေါက်ကလပ် မြက်ခင်းပြင်၌ကျင်းပမည်ဖြစ်ပြီး ဆိုင်ကယ်၊ ဂေါက်အိတ်နှင့် ဂေါက်အသုံးအဆောင်ပစ္စည်းများကို ကံစမ်းမဲဖောက်ပေးသွားမည်ဖြစ်သည်။ ထို့ပြင် ပြိုင်ပွဲဝင်အားကစားသမားများအနေဖြင့် Hole in One ရရှိပါက ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်သည်။

ကိုညီလေး



အာရှ ဘောလုံးအဖွဲ့ချုပ် အကြီးတန်း ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော် ပထမဆုရ MIU အသင်းအား ချန်ပီယံဆုဖလား ချီးမြှင့်စဉ်။

✪ MNL–2 မှ

ညနေပိုင်းက ဗဟန်းမြက်ခင်းတုကွင်း၌ ကျင်းပသည့်ပွဲတွင် Happy Friendship အသင်းနှင့် Zan United အသင်းတို့နှစ်ဂိုးစီသရေကျခဲ့သည်။ Happy Friendship အသင်းသည် နှစ်ကြိမ်တိုင် ဦးဆောင်ဂိုးများ သွင်းယူနိုင်သော်လည်း ဂိုးများပြန်ပေးရသဖြင့် သရေကျခဲ့ခြင်းဖြစ်သည်။ Happy Friendship အသင်းအတွက် ဦးဆောင်ဂိုးများကို ၁၄ မိနစ်တွင် ဝေဖြိုးဇော်၊ ၄၃ မိနစ်တွင် ရန်နိုင်မင်းထက်တို့က သွင်းယူပြီး Zan United အသင်းအတွက် ချေပဂိုးများကို ၃၆ မိနစ်တွင် အောင်မင်းခန့်နှင့် ၅၃ မိနစ်တွင် ကျော်သက်ခိုင်တို့က သွင်းယူသည်။ သုဝဏ္ဏလေ့ကျင့်ရေးကွင်း(၁)၌ ကျင်းပသည့်ပွဲတွင် Young Boy အသင်းက Enjoy Brother အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အုပ်စု(က) ဒုတိယနေ့အပြီးတွင် Zan United အသင်းနှင့် Young Boy အသင်းတို့က လေးမှတ်စီ၊ Asia Lion အသင်းနှင့် Enjoy Brother အသင်းက သုံးမှတ်စီ၊ Happy Friendship အသင်းက နှစ်မှတ် ရရှိထားပြီး W United အသင်းမှာမူ နှစ်ပွဲစလုံးရှုံးနိမ့်ကာ အမှတ်မရသေးပေ။

သတင်း-ရှိုင်းထက်ဇော်
ဓာတ်ပုံ-MNL

☆ ကျောဖုံးမှ

၂၇ မှတ်၊ Generations အသင်းက ၂၅ မှတ်၊ M2K အသင်းက ၂၂ မှတ်၊ Winner Soccer အသင်းက ၁၆ မှတ်၊ YCDC Marga အသင်းနှင့် ဖူဆယ်ချစ်သူအသင်းတို့က ၁၅ မှတ်စီ၊ SGF အသင်းက ခုနစ်မှတ် ရရှိခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ အသန့်ရှင်းဆုံးအသင်းဆုရရှိသော Generations အသင်းကို ဆုကြေးကျပ်ငါးသိန်းနှင့် ဆုဖလား၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးဂိုးသမားဆုရရှိသော မိုင်စိုးမြတ်ထွေး (MIU) ကို ဆုနှင့် ဆုကြေးကျပ်ငါးသိန်း၊ အကောင်းဆုံးအားကစားသမားဆုရရှိသော ငြိမ်းမင်းစိုး (MH Dream Team) ကို ဆုနှင့် ဆုကြေးကျပ်ငါးသိန်း၊ ပြိုင်ပွဲအပြီးတွင် စတုတ္ထဆုရရှိသော VUC အသင်းကို ဆုကြေးကျပ်သိန်း ၃၀၊ တတိယဆုရရှိသော YRG အသင်းကို တစ်ဦးချင်းဆု တံဆိပ်နှင့် ဆုကြေးကျပ်သိန်း ၅၀၊ ဒုတိယဆုရရှိသော MH Dream Team အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးကျပ်သိန်း ၁၀၀၊ ပထမဆုရရှိသော MIU အသင်းကို တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးကျပ်သိန်း ၁၅၀ နှင့် ချန်ပီယံဆုဖလားတို့ကို ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်း ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက ဆုများပေးအပ်ချီးမြှင့်သည်။

သတင်း-ကိုညီလေး
ဓာတ်ပုံ-MFF

နွေရာသီအခြေခံဂေါက်သီးရိုက်သင်တန်း အခမဲ့ ဖွင့်လှစ်မည်

ရန်ကုန် မတ် ၁၆

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်က ကြီးမျူးဖွင့်လှစ်မည့် နွေရာသီ အခြေခံ ဂေါက်သီးရိုက်သင်တန်း (ပညာဒါန)ကို မတ် ၂၈ ရက်မှ ဧပြီ ၁၁ ရက်အထိ ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း)တွင် အခမဲ့ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါအခြေခံဂေါက်သီးရိုက်သင်တန်းတွင် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် နည်းပြချုပ် ဦးမြင့်သောင်းနှင့် လက်ထောက် နည်းပြ ဦးနိုင်နိုင်လင်းတို့က အသက်ရှစ်နှစ်မှ ၁၆ နှစ် အတွင်းရှိ မျိုးဆက်သစ်ဂေါက်သီးသမားများအတွက် အခြေခံဂေါက်သီးရိုက်နည်းစနစ်များ အခမဲ့သင်ကြားပေးမည်ဖြစ်ပြီး (တနလ်္ဂာနေ့မှအပ) နံနက် ၉ နာရီမှ ၁၁ နာရီခွဲအထိ သင်ကြားပြသပေးမည်ဖြစ်သည်။ ယင်းသင်တန်းသို့ တက်ရောက်လိုသည့် စိတ်ပါဝင်စားသူ မျိုးဆက်သစ် လူငယ်ကစားသမားများအနေဖြင့် မတ် ၂၆ ရက် နောက်ဆုံးထား၍ ဦးထွန်းကျော် ဖုန်း- ၀၉၅၁၀၉၃၄၂ သို့ အမည်စာရင်းပေးသွင်းနိုင်ပြီး အသေးစိတ် ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **ကိုညီလေး**

❖ Myanmar Fight မှ

အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ကြသော်လည်း အလူးအလဲဖြင့် ပူးတွဲသရေကျခဲ့ကြသည်။

ထို့ပြင် နိုင်လင်းစိုး (MK – 1)က ဖိုးခွား (Eagle Club)ကိုဒုတိယအချီတွင်လည်းကောင်း၊ တိုးအောင် (MK – 1)ကဂျွန်ဆိုင်းအောင် (Eagle Club) ကိုပထမအချီတွင်လည်းကောင်း၊ ညီညီနိုင် (Ray Club)က ရန်နိုင် (Eagle Club)ကိုပထမအချီတွင် လည်းကောင်း၊ ကျော်သီဟ (ဝမ်ချုံးကလပ်)က ဇေယျာထွန်း (Eagle Club)ကိုပထမအချီတွင် လည်းကောင်း၊ အောင်အောင်ဟိန်း (M.F.C Club) ကမင်းခန့် (Eagle Club)ကို တတိယအချီတွင် လည်းကောင်း၊စောမိုက်တီး (အီတလီ)(Lethwei Warrior Club)က မင်းမင်း (Eagle Club)ကို တတိယအချီတွင်လည်းကောင်း၊ မိုက်ခဲ (Eagle Club)က ကွဲကြိုး (ဝမ်ချုံးကလပ်)ကို တတိယအချီတွင်လည်းကောင်း အလဲထိုးဖြင့် အသီးသီး အနိုင်ရရှိကြသည်။

အဆိုပါပြိုင်ပွဲကို မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်က အဓိကပံ့ပိုးကူညီပြီး မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် လက်ဝှေ့ပွဲများစီစဉ်သည့် MMAGကုမ္ပဏီတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း၊ ယခုနှစ် မတ်လမှစ၍ မျိုးဆက်သစ်ရိုးရာလက်ဝှေ့ပွဲများကို လစဉ်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

လင်းရာမ

ဒေါ်ဆန်းရင်ငြိမ်း [၁၂/လသယ(နိုင်)၀၉၄၄၅၅၀] ကိုင်ဆောင်သူနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ ဦးရာဇတ်လမ်း၊ အမှတ်-၁၃၀၀/ခ နေဒေါ်စန်းဝင်းလွင် [၁၄/ဖပန(နိုင်)၀၄၁၇၄၀] ဦးကျော်ဇေယျ [၁၄/ဖပန(နိုင်)၀၆၄၂၇၃] ဒေါ်ညိမ်းညိမ်းလွင် [၁၄/ဖပန(နိုင်)၁၀၆၇၃၆] ဒေါ်သက်သက်မိုး[၁၄/ဖပန(နိုင်)၁၀၆၇၄၉] ဒေါ်ဌေးဌေးလှိုင် [၁၄/ဖပန(နိုင်)၁၀၆၇၁၃] ဦးကျော်သူရ [၁၄/ ဖပန(နိုင်)၁၃၅၅၇၇] ဒေါ်ခင်နှင်းယု[၁၄/ဖပန(နိုင်)၁၃၅၅၇၈] ဒေါ်စုစုလှိုင်[၁၂/လသယ(နိုင်)၀၉၄၄၄၉]တို့၏ ညီအစ်မတော်စပ်သူ ဒေါ်ဆန်းရင်ငြိမ်း [၁၂/လသယ(နိုင်)၀၉၄၄၅၅၀]သည် ညီအစ်ကိုမောင်နှမများ၏ ပြောဆိုအကြံပေးဆုံးမမှုများကို မနာခံဘဲ မိသားစုအား ဂုဏ်သိက္ခာကျဆင်းအောင်ပြုမူကာ မိမိသဘောဆန္ဒအတိုင်း (၁၀-၃-၂၀၂၅)ရက်နေ့တွင် နေအိမ်မှဆင်းသွားခဲ့ပါသည်။ ထို့ကြောင့် ဒေါ်ဆန်းရင်ငြိမ်းအား ကျွန်ုပ်မိတ်ဆွေများမှ ညီအစ်ကိုမောင်နှမအဖြစ်မှ လုံးဝစွန့်လွှတ်လိုက်ကြောင်း၊ ကျွန်ုပ်မိတ်ဆွေများနှင့်လုံးဝသက်ဆိုင်ခြင်းမရှိတော့ကြောင်းနှင့် နောင်တွင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို ကျွန်ုပ်မိတ်ဆွေများမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စန်းဝင်းလွင်၊ ဦးကျော်ဇေယျ၊ ဒေါ်ညိမ်းညိမ်းလွင်၊ ဒေါ်သက်သက်မိုး၊ ဒေါ်ဌေးဌေးလှိုင်၊ ဦးကျော်သူရ၊ ဒေါ်ခင်နှင်းယု၊ ဒေါ်စုစုလှိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်နှင်းဝေအောင်
တရားလွှတ်တော်ရှေ့နေ (လိုင်စင်အမှတ်-၁၀၇၄၅)
အမှတ်-၁၀၆၉(ခ)၊ အောင်ဇောမိလမ်း၊ (၁၉)ရပ်ကွက်၊
လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၄၂၂၉၉၂၃

တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုမည့် စာစစ်ဌာနများသို့ ကွင်းဆင်းစစ်ဆေး

မန္တလေး မတ် ၁၆

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနများဖြစ်သော အမှတ် (၁၂) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ် (၁၄) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ် (၁၆) အခြေခံပညာအထက်တန်းကျောင်းများ၌ စာမေးပွဲဖြေဆိုမည့် ကျောင်းသားကျောင်းသူများ အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် မြို့နယ်ပညာရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း ဦးဆောင်သော အဖွဲ့ဝင် ဌာနဆိုင်ရာများ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးဆောင်ရွက်သည်။

ထိုသို့ စစ်ဆေးရာတွင် စာဖြေခန်းများ ဆောင်ရွက်ထားရှိမှုများ၊ စာဖြေခန်းများတွင် လုံလောက်သော အလင်းရောင်ရရှိရေး၊ စိတ်အေးချမ်းစွာ ဖြေဆိုနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများ၊ လုံခြုံရေးဆောင်ရွက်မည့်အစီအမံများ၊ ကျန်းမာရေးစောင့်ရှောက်မှု စီစဉ်ဆောင်ရွက်ထားရှိမှုများ၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှုများကို



စစ်ဆေးခဲ့ရာ မြို့နယ်ပညာရေးမှူး ဦးကျော်နိုင်သွင်၊ စာစစ်ဌာနအလိုက် ကြီးကြပ်ရေးမှူး ဆရာ ဆရာမများ၊ ကျောင်းအုပ်ကြီးများက ရှင်းလင်းတင်ပြကြသည်။

တင်မောင်-မန်း

အများသိစေရန်ကြော်ငြာခြင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရုပ်ကွက်အမှတ်-၁၅၀၊ မြေကွက်အမှတ်-၉၂၄၊ ဧရိယာ(၀.၀၅၅)ဧကာ၊ မြေကွက်တည်နေရာ အမှတ်-၉၂၄၊ ကွမ်အပ်မင်းသားလမ်း၊ (၁၅၀)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဒေါ်မြင့်မြင့်ခင်[၁၂/ဒဂန(နိုင်)၀၀၆၈၆၆၈]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်မြင့်မြင့်ခင်[၁၂/ဒဂန(နိုင်)၀၀၆၈၆၆၈]မှ ဂရန်မူရင်း ခြကိုက် ပျက်စီးသည်မှာ မှန်ကန်ကြောင်း ရပ်ကွက်၊ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်နှင့်အဆိုပါမြေကွက်၏ မြေငှားစာချုပ်ကို သိမ်းဆည်းထားရာမှ ခြကိုက်ခံရသဖြင့်မြေငှားစာချုပ်ပါစာသားများ ဖတ်မရနိုင်အောင် ပျက်စီးခြင်း၊ မြေငှားစာချုပ်ပါစာရွက်များစုတ်ပဲ့နေခြင်းတို့ကြောင့် မြေငှားစာချုပ်မိတ္တူမှန် လျှောက်ထားကြောင်း ကျမ်းကျိန်လွှာအမှတ်-၂၃၆၁/၂၀၂၄ (၁၄-၂-၂၀၂၄)တို့ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းနှင့် သတင်းစာကြော်ငြာပြီး ကန့်ကွက်သူမရှိပါသဖြင့် ဂရန်မိတ္တူလျှောက်ထားလာခြင်းကို ခွင့်ပြုပြီးဖြစ်ပါ၍ မြို့မြေစာရင်းတွင် အမှုတွဲအမှတ်-၁၈ဆက/၀၇၁၁-၈၉၂/၁-၃-၂၀၁၂အရ (၁၀-၁-၂၀၁၃)ရက်နေ့တွင် ထုတ်ပေးခဲ့သော နှစ်(၆၀) မြေငှားစာချုပ် ဂရန်မူရင်းအား ရုံးတွင်းအမိန့်ဖြင့်ပယ်ဖျက်ပြီးဖြစ်ကြောင်းနှင့် ဂရန်မိတ္တူထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

"ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ သယာကြန်လမ်း၊ အမှတ်(၇၀၃)၊ (၂)ခန်းတွဲ၊ ၆-ထပ်တိုက်၏ (၆)လွှာ (ပန္နမထပ်)၊ (6B)၊ တိုက်အား မျက်နှာမူလျှင် ညာဘက်ခြမ်း၊ (အလျား ၁၄ပေ×အနံ ၅၄ပေ) အကျယ်အဝန်းရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရလုံးဂျိုးကို စာချုပ်အဆက် ဆက်ဖြင့် လက်ရှိ ထားလွှဲပြောင်းပိုင်ဆိုင်ထားသူ ဦးထိန်လင်း[၁၂/လမန(နိုင်)၁၃၅၄၉၀]ထံမှ ဒေါ်အေးအေးခိုင်[၁၂/ဥကတ(နိုင်)၁၆၉၅၁၅]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ် ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့် နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

ဦးသီဟ(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၆၄)
အမှတ်(၁၁၀)၊ ပထမထပ်၊ ၃၉-လမ်း၊ (မဟာပန္ထလလမ်းနှင့်ကုန်သည်လမ်းကြား)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၆၆၆၈၈၈၇၅၅၊ ၀၉-၄၀၈၆၃၉၈၃၀

ဒေါ်လမင်းထက် LL.B, D.M.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၆၅၁)

အထူးဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၄-၁-၂၀၂၅ ရက် (၇၇)ကြိမ်မြောက် လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာအမှတ်-၁/၂၀၂၅ဖြင့် ၁၉၈၀ပြည့်နှစ်တွင် စတင်တည်ထောင်သည့် မြန်မာအမျိုးသားတစ်ဦးတည်းပိုင် သန်းကြွယ်ကမ္ဘာကုမ္ပဏီလီမိတက် သိန်းသန်းစက်မှုလက်မှု (777) ခြေတုလက်တုလုပ်ငန်း၏ အုပ်ချုပ်မှုဒါရိုက်တာ**ဒေါက်တာသန်းထွန်းဦး**ကို **သုခမ္မမဏိဇောတရ** ဘွဲ့တံဆိပ်တော်ပေးအပ်ချီးမြှင့်ခြင်းအတွက် သန်းကြွယ်ကမ္ဘာကုမ္ပဏီလီမိတက်၊ သိန်းသန်းစက်မှုလက်မှု (777)ခြေတုလက်တုလုပ်ငန်း ဝန်ထမ်းများအနေဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း၊ ကျန်းကျန်းမာမာဖြင့် အမျိုး၊ ဘာသာ၊ သာသနာအကျိုးပြုလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်နိုင်ပါစေရန် ဆန္ဒပြုအပ်ပါသည်။

သန်းကြွယ်ကမ္ဘာကုမ္ပဏီလီမိတက်
သိန်းသန်းစက်မှုလက်မှု(777)ခြေတုလက်တုလုပ်ငန်း
ဝန်ထမ်းများ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ် (၅၈၂)၊ အကျယ် (၄၀'x ၆၀')၊ ဧရိယာ (၀.၀၅၅)ဧက၊ မြေအမျိုးအစား- နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၅၈၂)၊ ဗိုလ်မှူးဗထူးလမ်းမကြီး၊ (၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့် အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဦးတင်ကျော်နန္ဒ [၆/မအရ(နိုင်)၀၈၈၁၅] အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ ဝယ်ယူထားသူ ဒေါ်ဝင်းသစ်နွယ် [၁၄/မမန(နိုင်)၁၅၄၆၀၄] မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေ တစ်စိတ်တစ်စေသေးချောထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးမျိုးမင်းဟိန်း
အထက်တန်းရှေ့နေ (စဉ်-၅၆၁၃၃၉)
အမှတ်(၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ ဈေးလမ်း၊ တိုက်အမှတ် (၁၇)၊ အခန်းအမှတ် ၃-လွှာ(A)(တတိယထပ်)၊ အကျယ်အဝန်း (၈၁၀) စတုရန်းပေခန့်အကျယ်ရှိ ရေ+မီးစုံလင်စွာပါရှိသောတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်မေဝင်းမွန် (၁၁/သတန(နိုင်)၀၄၆၀၃၄) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား (မူရင်းများ) ဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါ်ခိုင်ခိုင်စန်း လွှဲအပ်ညွှန်ကြားချက်အရ- **ဒေါ်နုင်းနုလွင်**
(LL.B, D.B.L, D.I.L) (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၆၁) အထက်တန်းရှေ့နေ (စဉ်-၅၃၁၁၄)
အမှတ်(၅၉၂)၊ သုမင်္ဂလာလမ်းမကြီး၊ (၅)ရပ်ကွက်၊ ဟောင်ကွတ်ဘဲမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၀၁၆၀၂၈၀၀၊ ၀၉-၈၈၃၀၂၈၀၉၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၁၃၀)ရပ်ကွက်၊ ထန်းတပင်လမ်း၊ အမှတ် (၉၈၆)၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၀)၊ မြေကွက်အမှတ် (၉၈၆)၊ အကျယ်အဝန်း (၄၀'×၆၀') အကျယ်ရှိ ဒေါ်ညွှန့်ထွေး (၁၂/ဥကတ(နိုင်)၁၁၅၂၀) အမည်ပေါက်သည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟုဝန်ခံကတိပြုသူ ဒေါ်ခင်မိုးသူထွန်း (၈/ဝမန(နိုင်)၀၇၇၀၉၉) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား (မူရင်းများ)ဖြင့် ယနေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါ်ခိုင်ခိုင်စန်း လွှဲအပ်ညွှန်ကြားချက်အရ- **ဒေါ်နုင်းနုလွင်**
(LL.B, D.B.L, D.I.L) (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၆၁) အထက်တန်းရှေ့နေ (စဉ်-၅၃၁၁၄)
အမှတ်(၅၉၂)၊ သုမင်္ဂလာလမ်းမကြီး၊ (၅)ရပ်ကွက်၊ ဟောင်ကွတ်ဘဲမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၀၁၆၀၂၈၀၀၊ ၀၉-၈၈၃၀၂၈၀၉၆

မိဘမေတ္တာ
ဒဂုံမြို့သစ်အိမ်စိမ်းမီး၊ အင်္ဂလိပ်မီး၊
တောင်ပိုင်း၊ ပြောက်ပိုင်း
ဌာနပေါက်ကြမြို့နယ်ရှိ မြေကွက်များ
ဈေးဒဏ်းငေးဝယ်လိုသည်။
09 40 70 80 736

သွေးသည် အသက်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ စက်တွင်းလမ်း၊ အမှတ်-၄၅၊ ဂုလွှာ(ဘီ)၊ ဝဲဘက်ခန်းဟုခေါ်တွင်သော တိုက်ခန်းကို လက်ရှိလက်ဝယ်ပိုင်ဆိုင်ထားပြီး အရောင်းအဝယ်ပြုလုပ်ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဟိန်းမင်းဇော် [၁၂/အလန(နိုင်)၀၄၀၃၂၁]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်စိန်သန်း[၁၂/တမန(နိုင်)၀၃၄၈၃၁]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ထိုတိုက်ခန်းနှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက မည်သူမဆို ကျွန်ုပ်တို့ထံသို့ဤသတင်းစာပါသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ .
ဦးသူရိန်မြင့် LL.B **ဒေါ်ဆုမွန်ဆွေ LL.B,D.B.L**
(စဉ်-၉၅၂၁/၂၀၁၃၃၄၈) **(စဉ်-၁၂၈၁၈/၂၀၁၇၃၄၈)**
တရားလွှတ်တော်ရှေ့နေများ
အမှတ်-၃၁၊ ဆင်ရေကန်လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း -၀၉-၅၀၅၉၈၄၂။ ၀၉-၇၉၅၇၉၀၇၆၇

ရန်ကုန်မြို့၊တွံတေးမြို့နယ်၊ရန်ကုန်မြို့သစ်စီမံကိန်း၊ကွင်းအမှတ် (၀၃) အုပ်စုအမှတ်(RA-3)၊အကွက်အမှတ်(တ-၀၆) ခမြကွက် အမှတ်(၀၂၈၀) ဧရိယာ(၁၀၀'×၁၀၀') ရှိ၊ ယာယီမြေဧရိယာ မိန့်ဘွင်ဒေါ် စန်းသွင်(၀၂/တတန(နိုင်)၀၈၁၂၁၆)အမည် ပေါက်ခမြကွက်အရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်း

အထက်ပါမြေကွက်ကို ယာယီမြေပေးမိန့်တွင် တရားဝင်အမည်ပေါက်သူ-ဒေါ်စန်းသွင် ကိုယ်တိုင်ကအရှုပ်အရှင်းကင်းရှင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်း နှင့် လွှဲပြောင်းရောင်းချခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျမှိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာပါသည်။(လွှဲအပ်ညွှန်ကြားချက်အရ)

ဦးသန့်ဇင် (LL-B) **ဒေါ်ဟန်နွေနှိုင်** (LL-B)
အထက်တန်းရှေ့နေ(စဉ်-၂၂၄၆) အထက်တန်းရှေ့နေ(စဉ်-၂၂၇၄)
Ph-09 253995848 , 09-798420119 Ph-09-4200 73685
အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ် (၉) လမ်း၊ အုပ်ငုံး (၂)၊ အမှတ် (၁၁၅/A) ရှိ (၂) ခန်းတွဲ၊ (၆) ထပ်တိုက်တွင် တည်ရှိသော ၅-လွှာ (ခေါင်းရင်းခန်း)၊ ပဉ္စမထပ် ဟုခေါ်တွင်သည့် (၁၁၃ x ၅၀) ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင် လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စုစန္ဒီထွန်း [၁၂/ဒဂမ (နိုင်)၀၃၂၇၅၇] ကိုင်ဆောင်သူမှ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မော်မော်အောင် [၁၂/ဒဂမ (နိုင်)၀၅၁၀၀၃၅] မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မော်မော်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၅၀)
စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၇၇၂၉၁၇၅၊ ၀၉ ၄၅၂၄၁၆၃၀၉

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၀/၃၂၊ လူနေရပ်ကွက်အမှတ်-၁၂၊ မဘူသကလမ်းသွယ်၊ မြေကွက်အမှတ်-၁၀၉၀၊ အကျယ်ပေ(၄၀x၆၀)ရှိ ဦးခင်ကြည်အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ခြေရင်းခြမ်းအကျယ်ပေ (၂၀x၆၀)ရှိ မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်အစိတ်အပိုင်းပေါ်တွင် ဆောက်လုပ်ထားသော ရေမီးစုံပါ အဆောင်(၆)ခန်းပါ (၁)ထပ် လူနေအဆောင်တို့နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါအိမ်မြေအား ပါမစ်အမည်ပေါက်ပိုင်ရှင်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူ၍ လက်ဝယ်ထားရှိ ပိုင်ဆိုင်သူ ဒေါ်သင်းသင်းစိန် [၁၂/သဃက(နိုင်)၁၁၁၄၂၆]မှ အိမ်မြေပိုင်ဆိုင်မှုအထောက်အထားဖြစ်သည့် ဦးခင်ကြည်အမည်ပေါက်မြေချပါမစ် မူရင်းမှာ မြေကွက်၏ခေါင်းရင်းခြမ်းအစိတ်အပိုင်းအား ဝယ်ယူထားသူ လက်ဝယ်တွင်ရှိကြောင်း ဝန်ခံပြီး ပိုင်ဆိုင်မှု အထောက်အထားအဖြစ် ဦးခင်ကြည်အမည်ပေါက် မြေချပါမစ်မိတ္တူနှင့် ဦးခင်ကြည်၏ ဓနဒေါ်လှလှဝင်းမှ လွှဲပြောင်းရောင်းချခဲ့သည့် အရောင်းအဝယ်စာချုပ်မိတ္တူ ကျန်ဆက်စပ် စာချုပ်မူရင်းတို့အား ပေးအပ်ရောင်းချခြင်းအပေါ် ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဌေးလင်းအောင်၊ ဒေါ်အိစောဝင်းတို့မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ အိမ်မြေ၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း မြေကွက်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးဌေးလင်းအောင်[၉/ညဥ္စန(နိုင်)၁၆၆၉၅၅]
ဒေါ်အိစောဝင်း[၉/ညဥ္စန(နိုင်)၁၈၀၃၇၅]
အမှတ်-၁၁၁၅၊ စံပယ်လမ်း၊ (၁၂)ရပ်ကွက်၊
ရွှေပြည်သာမြို့နယ်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်မာလွင်(LL.B.,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)
အမှတ်-၁၀၂၊ ဗိုလ်ချုပ်လမ်း၊
(၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။
ဖုန်း-၀၉-၅၁၈၉၆၆၅၉

ဥတုရာသီ တောကိုမှီ၍

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၊ အကွက်အမှတ်-၂၁၂၊ ဦးပိုင်အမှတ်-၁၃+၁၄+၁၅၊၂၅x၂၆ကြား၊ သင်္ဃာချောင်းပတ်လမ်းကြားနှင့် ဇုလမ်းရှိ ဒေါ်သန်းရီသမီးမဖြိုးဖြိုး(၁)မေဖြိုးမောင် အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးရင်မောင်၊ မိခင် ဒေါ်သန်းရီတို့ကွယ်လွန်၍ ကျန်ရစ်သော ပူးတွဲအမည်ပေါက်သည့် တစ်ဦးတည်းသောသမီး ဒေါ်ဖြိုးဖြိုး(၁) မေဖြိုးမောင်[၉/မနတ(နိုင်)၁၀၁၉၀၃]က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆို့ရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၈)၊ အောင်သပြေလမ်းသွယ်(၂)လမ်း၊ အမှတ်(၇၇၂)၊ အကျယ်ပေ-(၄၀x၆၀)ရှိ ဦးပါပါရောင်း အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသည့် မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါလိပ်စာရှိ မြေကွက်အား အဆင့်ဆင့်အရပ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးဝင်းဗိုလ် [၁၂/ဥကတ(နိုင်)၀၁၆၅၉၈] ကိုင်ဆောင်သူထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သူဇာမြင့် [၁၄/လပတ(နိုင်)၁၄၂၀၇]ကိုင်ဆောင်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍(၇)ရက်အတွင်း မြေကွက်ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်သူဇာမြင့်
[၁၄/လပတ(နိုင်)၁၄၂၀၇]

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်အေးသန္တာဆိုး(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၈၀)
အမှတ်-၃၇၄(ခ)၊ ကနောင်ပန်းဦးလမ်း၊
(၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။
ဖုန်း-၀၉-၄၂၀၂၀၄၅၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့ နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၉-သုဝဏ္ဏ (လုံးချင်း)၊ မြေကွက်အမှတ်(၄၂) ဧရိယာ(၀.၀၇၅)ဧကရှိ ဒေါ်ယဉ်မြင့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူဖြစ်သည့် မိခင်ဖြစ်သူ ဒေါ်ယဉ်မြင့်မှ လွတ်လပ်သော သဘောဆန္ဒအရ သား အရင်းဖြစ်သူ ဦးဇော်ထွန်းအား မေတ္တာဖြင့် ပေးကမ်းခြင်းအပေါ် လက်ခံသူ တရားဝင်ပိုင်ဆိုင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

သို့ပါ၍ အထက်ပါ မေတ္တာဖြင့်ပေးကမ်းခြင်းကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်ရန်နှင့် ကန့်ကွက်မည့်သူမရှိပါက မေတ္တာဖြင့်ပေးကမ်းခြင်းကို အပြီးတိုင် ဆောင်ရွက်မည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးဥာဏ်လွင်မော်
(အထက်တန်းရှေ့နေ) (စဉ်-၅၂၄၁)
အမှတ်-၁၀၈၊ ပထမထပ်၊ ၃၇-လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၉ - ၈၉၄၀၆၆၆၅၅

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၁၀) ရပ်ကွက်၊ အမှတ်(၆၈)ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ အမိဒေါ်သင်းသင်းဆွေ မှတ်ပုံတင်အမှတ် [၁၂/ပဇတ(နိုင်)၀၁၁၃၂၆]၏ သမီးမဆွေဇင်သိန်းတန် မှတ်ပုံတင်အမှတ်[၁၂/ပဇတ(နိုင်)၀၃၁၁၄၆] သည် မိခင်၏ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် ရာသက်ပန်သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မဆွေဇင်သိန်းတန်နှင့် ပတ်သက်ဆက်ခွဲယ်သော ငွေရေးကြေးရေးအရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်းပြဿနာများနှင့် အခြားမည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း မဆွေဇင်သိန်းတန်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

မိခင်-ဒေါ်သင်းသင်းဆွေ
[၁၂/ပဇတ(နိုင်)၀၁၁၃၂၆]

ပဲခူးမြို့၊ ဆုတောင်းပြည့်ရွှေမော်ဘေစေတီတော်မြတ်ကြီး (၂၀၂၅) ခုနှစ် လုပ်ငန်းများအတွက် လေလံခေါ်ယူခြင်း

၁။ ရွှေမော်ဘေစေတီတော် ဝတ္ထာကမြေအတွင်း ၂၀၂၅ - ခုနှစ်အတွက် အောက်ပါလုပ်ငန်းများကိုလေလံစနစ်ဖြင့် ချထားပေးမည်ဖြစ်၍ လုပ်ငန်းဆောင်ရွက်လိုသူများသည် လေလံဆွဲ ဝယ်ယူခွင့်ပုံစံနှင့် စည်းကမ်းချက် (၁)စုံလျှင် (၁၀၀၀၀/-) နှုန်းဖြင့် ၂၀-၃-၂၀၂၅ ရက်နေ့မှစ၍ ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း ရောင်းချပေးမည်ဖြစ်ပါသည်-

(က) ယက္ခမယ်တော်နန်း/ ဘိုးဘိုးကြီးနန်းမှ အုန်းပွဲ၊ ငှက်ပျောပွဲ ရောင်းချခွင့်လုပ်ငန်း

(ခ) မော်တော်ယာဉ်ရပ်နားခွင့်နှင့် ဆိုင်ကယ်အပ်နှံခြင်း၊ အခွန်ကောက်ခံခွင့် လုပ်ငန်း

(ဂ) ဓာတ်ပုံလုပ်ငန်း

၂။ လေလံဆွဲယူခွင့်လျှောက်လွှာ၊ အာမခံပေးသွင်းပြီးကြောင်း ပြေစာနှင့်အတူ ၂၄-၃-၂၀၂၅ ရက်နေ့ ညနေ (၄:၀၀)နာရီ နောက်ဆုံးထား တင်သွင်းရမည်ဖြစ်သည်။

လေလံပွဲကျင်းပမည့်ရက် - ၂၆-၃-၂၀၂၅ (ဗုဒ္ဓဟူးနေ့)
လေလံပွဲကျင်းပမည့်အချိန် - နံနက် (၁၀:၀၀)နာရီ
လေလံပွဲကျင်းပမည့်နေရာ - ဂေါပကအဖွဲ့ရုံးခန်း

အသေးစိတ်သိရှိလိုပါက ရုံးအဖွဲ့မှူး (ဖုန်း-၀၉-၇၉၂၃၃၀၂၆၆) ထံ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဂေါပကအဖွဲ့
ရွှေမော်ဘေစေတီတော်မြတ်ကြီး

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
အင်ဂျင်နီယာမှတ်ပုံတင်လက်မှတ်ရများ၏ လုပ်ငန်းလုပ်ကိုင်ခွင့်ဆိုင်ရာ တံဆိပ်တုံးအသုံးပြုခြင်း များနှင့်သက်ဆိုင်သည့် အသိပေးကြေညာချက်

၁။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီသည် ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် (R.E)၊ မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ် (R.S.E) နှင့် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ် (P.E) စသည့် အင်ဂျင်နီယာမှတ်ပုံတင်လက်မှတ်များကို ထုတ်ပေးလျက်ရှိပြီး သက်ဆိုင်ရာလက်မှတ်အမျိုးအစားများနှင့်အညီ တံဆိပ်တုံးနှင့် သက်သေခံကတ်ပြား (Identity Card) များကိုပါ ထုတ်ပေးလျက်ရှိပါသည်။

၂။ ယခုအခါ R.E၊ R.S.E နှင့် P.E လက်မှတ်ရများ၏ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ လုပ်ငန်းများလုပ်ကိုင်ရာတွင် တရားဝင်အသုံးပြုနိုင်ရန်ထုတ်ပေးထားသည့် တံဆိပ်တုံးများအား အတုအပပြုလုပ်၍ အသုံးပြုနေကြသည်ကို ကောင်စီအနေဖြင့် စိစစ်တွေ့ရှိလျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ R.E၊ R.S.E နှင့် P.E လက်မှတ်ရများ၏ လုပ်ငန်းလုပ်ကိုင်ခွင့်နှင့်စပ်လျဉ်းသည့် တံဆိပ်တုံးများအား အတုအပပြုလုပ်၍အသုံးပြုခြင်းနှင့် ထိုသို့ပြုလုပ်အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသည့် ပုဂ္ဂိုလ်များနှင့် လုပ်ငန်းအဖွဲ့များအား မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအနေဖြင့် **တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း** အသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ

ဗုန်းဘေလ်နှင့်ထိုက်စမ်းထားသူများအတွက် ထိုက်ဆုငွေထုတ်ယူရန်နည်းလမ်းများ

5 Digits Online Lottery



Application ကနေတဆင့် ဗုန်းဘေလ်နှင့်ဝယ်ယူသူများ ထိုက်ဆုငွေလက်ခံမည့် အကောင့်တွင် မိမိ၏ eWallet အကောင့် နှင့် ဗုန်းနံပါတ်ကို မှန်ကန်စွာဖြည့်ထားပါ။



*117# ကနေတဆင့် ဝယ်ယူသူများ *117*5# ကိုခေါ်ဆိုပြီး ထိုက်ဆုငွေလက်ခံမည့် မိမိ၏ eWallet အကောင့်နှင့်ဗုန်းနံပါတ်ကို မှန်ကန်စွာဖြည့်ထားပါ။

Call Center 777 (or) 09 677 000 777

*117# ကိုခေါ်ဆိုပြီး Mytel ဗုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထိ ဝယ်ယူကစားနိုင်ပါပြီ။

ရန်ကုန်ဂေါက်သီးရိုက်အသင်း (တည်ငြိမ်ကုန်း)

ရန်ကုန်ဂေါက်သီးရိုက်အသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (Annual-General Meeting)နှင့် မိသားစု ပျော်ပွဲ/ရွှင်ပွဲ/ဆုပေးပွဲ အခမ်းအနား (Annual At Home And Prize Giving Ceremony)ကို ၂၀၂၅ ခုနှစ်၊ မတ်လ ၂၃ ရက် (တနင်္ဂနွေနေ့)တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ/အသင်းသားများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

ကျင်းပမည့်ရက် - ၂၃-၃-၂၀၂၄ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နှစ်ပတ်လည်သင်းလုံးကျွတ် - နံနက် ၁၀း၀၀ နာရီ အစည်းအဝေး (Annual General Meeting)
Annual At Home - မွန်းတည့် ၁၂:၀၀ နာရီ
ကျင်းပမည့်နေရာ - ရန်ကုန်ဂေါက်သီးရိုက်အသင်း (တည်ငြိမ်ကုန်း)

(Annaul At Home And Prize Giving Ceremony အခမ်းအနားကို ညနေပိုင်းတွင် စားသောက်ဖွယ်ရာများ/တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေမည်ဖြစ်ပါ၍ မိသားစုနှင့်အတူ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။)

အလုပ်အမှုဆောင်ကော်မတီ
ရန်ကုန်ဂေါက်သီးရိုက်အသင်း

၂၀၂၀ ခုနှစ် Insolvency Law အရ
ကန့်ကော် ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက်
Gant Gaw Construction Company Limited
အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းနိုင်ရန်အတွက်
အစည်းအဝေးဖိတ်ကြားခြင်း

" ကန့်ကော် ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက် "၏ အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် နောက်ဆုံးအပြီးသတ် အစည်းအဝေးကြီးအား (၂၁ - ၃ - ၂၀၂၅) နေ့ နံနက် (၉း၀၀)နာရီတွင် အမှတ်(၆၃၅ အေ-၁)၊ အခန်းအမှတ် (အေ-၃)၊ ရိုးမရိပ်သာ၊ (၂) ရပ်ကွက်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ၊ ဒါရိုက်တာများအားလုံး၏ သဘောတူညီချက်ကို ရယူရန် ရှိပါသဖြင့် အစည်းအဝေးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဒေါ် တင်ဝင်းယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက် ကုမ္ပဏီ လီမိတက်

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၈)ရပ်ကွက်၊ ရွှေအိမ်စည်လမ်း၊ ကျန်စစ်မင်းအိမ်ရာအုပိုင်း(၂)၊ တိုက်အမှတ်(၄၉)၊ အခန်းအမှတ်(၄၀၃)ဟုခေါ်တွင်သော (၁၁၅၀)စတုရန်းပေအကျယ်အဝန်းရှိ (၄)ခန်းတွဲ (၅)ထပ်အဆောက်အဦ၏ စတုတ္ထထပ်မှဦးလွင်မြေတ်[၁၂/ဗတထ(နိုင်)၀၂၂၇၇၁] အမည်ပေါက်တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အားလုံးကို ဆက်စပ်စာချုပ်များဖြင့် နောက်ဆုံး၀ယ်ယူထားသူ လက်ရှိပိုင်ရှင် ဦးအောင်ဝင်းသန်း [၁၂/လသယ(နိုင်)၀၄၅၆၉၈]မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အမှုပ်အရှင်းကင်းကြောင်းဖွင့်ဟဝန်ခံ၍ အပြီးအပိုင်ရောင်းချလိုကြောင်း ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြနှင်း၀ေ [၈/တတက(နိုင်)၁၈၄၇၆၄]မှ အပြီးအပိုင်၀ယ်ယူမည်ဖြစ်၍ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်၍ အဆိုပါတိုက်ခန်းနှင့် ပတ်သက်ပြီး အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကြော်ငြာပါသည့်နေ့ရက်မှစပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ရန်နှင့် သက်မှတ်ရက်ကျော်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်း၀ယ်ယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

၀ယ်ယူသူ ဒေါ်မြနှင်း၀ေ ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးအေးလွင် (LL. B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၀၆၈)
အမှတ်(၇၂၀/က)၊ မန္တလေးလမ်း၊ (၁၄)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၇၇၂၆၂၉၅

သာလွန်ကျော်
အိမ်၊ခြံ၊မြေရောင်းဝယ်ရေး
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း လေးမြို့နယ်ရှိ မြေကွက်များ ဝယ်လိုသည်။
Ph:09-420780797
09-261119599

ပတ်စ်ပို့ပျောက်

(ဘ)ပီရူး၏သား တင်မောင် ဝင်း [၁၂/သဃက(နိုင်)၁၉၇၉၄၉]၏ နိုင်ငံကူးလက်မှတ်(နံပါတ် MB-891744)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၈၇၅၉၀၀

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သကေတမြို့နယ်၊ အမှတ်(၁၅၉-ခ)၊ အောင်သပြေလမ်း၊ (၇)အရှေ့ရပ်ကွက်နေ ဦးဆန်းမော်-ဒေါ်တင်တင်ဝင်းတို့၏ သမီး မဇ္ဈဝါရီခိုင်မွန်[၁၂/သကတ(နိုင်)၁၆၀၉၇၄]သည် မိဘ၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် ရာသက်ပန်သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မဇ္ဈဝါရီခိုင်မွန်နှင့် ပတ်သက်ဆက်နွယ်သော ငွေရေးကြေးရေးအရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်း ပြဿနာများနှင့် အခြားမည်သည့်ကိစ္စများကိုမှ ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း မဇ္ဈဝါရီခိုင်မွန်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဆန်းမော် **ဒေါ်တင်တင်ဝင်း**
[၁၂/သကတ(နိုင်)၀၂၀၁၇၀] **[၁၂/သကတ(နိုင်)၀၂၀၁၇၁]**

နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေနှစ်ဦးဖြစ်သော ကိုအောင်သူ[၁၂/ဒဂဆ(နိုင်)၀၂၂၀၄၄]နှင့် မမေသန့်ဇင်[၁၂/ဒဂဆ(နိုင်)၀၃၄၆၃၉]တို့သည် ''နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်''ကို ချုပ်ဆို၍ မိမိတို့၏ လွတ်လပ်သောသဘောဆန္ဒအရ အသိသက်သေများရှေ့မှောက်တွင် (၁၅-၃-၂၀၂၅)နေ့မှစ၍ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦးမည်သို့မှ မသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူများ
ကိုအောင်သူ
မမေသန့်ဇင်

လွှဲအပ်ညွှန်ကြားချက်အရ
ဦးသာမြင့်(LL.B)
(စဉ်-၁၀၁၉၁/၁၉၈၄)
အထက်တန်းရှေ့နေ
ဖုန်း-၀၉-၄၅၀၄၂၈၁၉၈

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဧရယာဂီရိရပ်ကွက်၊ အကွက်အမှတ်-၁၄၃၊ ဦးပိုင်အမှတ်-၆-က/၁၈၊၁၀၉ကြောင်း၊ စဉ်၃၈ဖကြောင်းရှိ ဦးမြသိန်း အမည်ပေါက် ဘိုးဘေးမြေကွက်အား ဖခင် ဦးမြသိန်း၊ မိခင် ဒေါ်အုပ်(ခ)ဒေါ်မြလွင်တို့ ကွယ်လွန်၍ ကျွန်ုပ်သူသားသမီးများဖြစ်ကြသော ဒေါ်နှင်းလှ[၉/မနမ(နိုင်)၀၄၄၁၉၃]၊ ဒေါ်ခင်မျိုးတင့် [၉/မနမ(နိုင်)၀၄၄၁၉၃]၊ ဒေါ်ခင်မျိုးဆွေ [၉/မနမ(နိုင်)၀၅၃၇၃၂]၊ ဦးအောင်ထွန်းသိန်း [၉/မနမ(နိုင်)၀၈၆၀၉၅]တို့က ဘိုးဘေးအမည်ပေါက် မြေပုံသေစာရင်း၊ တရားရုံးကျွမ်းကျိုခဲ့ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်နွှဲအရောင်းအ၀ယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၂)ရပ်ကွက်၊ စာတိုက်လမ်း၊ အမှတ် (၃၅)ဟုခေါ်တွင်သော မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ(၅)ထပ်တိုက်၏ ပထမထပ်(၂-လွှာ)ခြေရင်းခန်းနှင့် ဒုတိယထပ် (၃-လွှာ)ခြေရင်းခန်း ဟုခေါ်တွင်သော အကျယ်အဝန်း (၁၂ ပေခွဲ x ၅၀ပေ) ရှိ လူနေထိုက်ခန်း(၂)ခန်းနှင့်အဆိုပါ တိုက်ခန်းများ၏ အကျိုးခံစားခွင့်များအား အဖို့း ဦးအောင်ဝင်း [၁၂/သကတ(နိုင်)၀၄၃၂၅၉]၊ အဖွား ဒေါ်သိန်းလှ [၁၁/ကတန(နိုင်)၀၀၅၉၅၀]၊ ဖခင် ဦးမောင်မောင်စော် [၁၂/သလန(နိုင်)၁၄၁၂၅] တို့မှ သမီး မအိန္ဒြာကိုကို [၁၂/ဒပန(နိုင်)၀၆၄၀၆၁]သို့ မိသားစုစီမံမှုတစ်ရပ်ပြုလုပ်၍ တိုက်ခန်းများအား လက်ရောက်ပေးအပ်ခဲ့ပြီးဖြစ်ရာ အဆိုပါတိုက်ခန်းများနှင့် ပတ်သက်၍ မအိန္ဒြာကိုကိုမှ တရားဝင်လက်ရောက်ပိုင်ဆိုင်ပြီးဖြစ် ပါကြောင်းနှင့် မအိန္ဒြာကိုကို၏ ခွင့်ပြုချက် မရရှိဘဲ အထက်ပါတိုက်ခန်း (၂)ခန်းအား မည်သူတစ်ဦးတစ်ယောက်မှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်း မပြုလုပ်ရန် တားမြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်သူ **လွှဲအပ်ချက်အရ**
မအိန္ဒြာကိုကို **ဒေါ်ခင်ခင်ဆု (LL.B)**
[၁၂/ဒပန(နိုင်)၀၆၄၀၆၁] **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၉၆၇)**
အမှတ်(၂၆၆)၊ စံပြ(၃)လမ်း၊ ယမုံနာ(၂)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၂၅၄၃၁၈၂၉၊ ၀၉-၇၉၄၃၁၈၂၉

"အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၀) ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ မြေကွက်အမှတ် (၃၉၉) ဟုခေါ်တွင်သော အလျား (၄၀) ပေ × အနံ (၆၀) ပေရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် **ဦးဝင်းတင် (ခ) ဦးတင်ဝင်း** အမည်ဖြင့် အမည်ပေါက်မှတ်သား တည်ရှိသော်ပါမစ်မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်ကြီးကို အမည်ပေါက်ပိုင်ရှင်ထံမှ အရပ်ကတိဆက်စပ် စာချုပ်ဖြင့် ဒေါ်စုစုရီ (၁၂/ဥကမ(နိုင်)၀၅၆၇၆၆) မှ ဝယ်ယူထားပြီး ထိုမြေကွက်ကြီးအနက်မှ (လမ်းထောင့်စွန်းအခြမ်း) အလျား×အနံ (၂၀×၆၀) ပေ ပါမစ်မူရင်းမြေကွက်အပါအဝင် မြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရောင်းချသူဒေါ်စုစုရီမှ လက်ရှိပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်လွှဲပြောင်း ရောင်းချရန်ကမ်းလှမ်းခြင်းကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်စောမာ (၈/ပခက(နိုင်)၁၅၃၀၇၀) မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်ရန်ရှိပါက (၃၀. ၃. ၂၀၂၅) ရက်နေ့ နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်း မူရင်းအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အထက်ဖော်ပြပါ နှစ်ဦးသဘောတူ မြေကွက်အပြီး အပိုင်အရောင်းအ၀ယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်တင်စောမာ ၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ဝင့်ဝင့်ထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၈၀၆၉)
အမှတ် (၁၂/၁၈၉)၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း ၀၉-၂၆၁၀၀၁၃၄၄

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ဝေပုလ္လ(၆)လမ်း၊ မြေကွက်အမှတ်(၂၆၆/က၊ ၂၆၇/ခ)၊ နှစ်(၆၀)ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ လမ်းမမှတိုက်သို့ မျက်နှာမူလျှင် ဘယ်ဘက်ခြမ်း (၅)လွှာ၊ (၆)ထပ်တိုက်၊ အကျယ်အဝန်း(၁၈ ပေ x ၅၄ ပေ)ရှိ တိုက်ခန်း(၁)ခန်းအား မြေရှင်ထံမှ အရပ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ/ယခုတိုက်ခန်းရောင်းချသူ ဒေါ်မေသဲဖြူ [၁၃/တခလ (နိုင်)၀၉၉၁၁၆၆]မှ တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အမွေစားအမွေခံ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေက အရောင်းအ၀ယ်ပြုလုပ်သည့် တန်ဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောတရားဝင် ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအ၀ယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မာချို (LL.B., DIPL) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၇၀)
အမှတ်-၆၇၈၊ ဣန္ဒာ(၆)လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၉၇၄၀၀၀၈၃၉၊ ၀၉-၂၅၀၁၇၂၉၁၉

သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏

ပြည်တွင်းအခွန်များဦးစီးဌာန

အောင်ဘာလေသိန်းဆုဌာနခွဲ

(၁၀)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေအွန်လိုင်းဂဏန်း(၅)လုံးသိန်းဆုထီပေါက်စဉ် ၂၀၂၅ ခုနှစ် မတ်လ (၁၆) ရက်နေ့

အောင်ဘာလေအွန်လိုင်းသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

အခန့်ထုတ်ဝေသည့်

ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀၀)ဆုများ

ယ - ၁၆၅၂၅၅
ဂ - ၇၆၆၁၉

ကံထူးရှင်(၂)ဦး

Jackpot ဆုမဲစနစ် ကျပ်သိန်း (၅၀၀)ဆု

ယ - ၈၀၇၅၇

ကံထူးရှင်(၁)ဦး

ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

ရ - ၂၀၀၃၂ သ - ၃၉၅၆၈
ဆ - ၃၃၅၄၄ ဆ - ၆၆၅၃၄
က - ၃၆၀၅၉ စ - ၇၈၃၃၉

ကံထူးရှင်(၆)ဦး

ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

က - ၄၂၇၈၂ အ - ၉၄၁၈၃
သ - ၆၄၆၉၂

ကံထူးရှင်(၃)ဦး

ဝေဝေဆာဆာပဒေသာကျပ်(၂)သိန်းဆုများ(၃)ယူနစ်

ဟ - ၂၃၅ ယ - ၄၆၆ ပ - ၉၅၇
စ - ၃၈၃ ဟ - ၆၈၈

အကွာရာနှင့်ရွေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၁၉၈)ဦး

ဝေဝေဆာဆာပဒေသာကျပ်(၂)သိန်းဆုများ(၃)ယူနစ်

သ - ၃၆၄၁ ဖ - ၃၇၁၁ သ - ၇၁၂၂

အကွာရာနှင့်ရွေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၁၁)ဦး

ဝေဝေဆာဆာပဒေသာကျပ်(၁)သောင်းဆုများ(၃)ယူနစ်

ဟ - ၁ ခ - ၃ ခ - ၆

